

# မဂ္ဂင်ရှစ်ဖေါ်ယာဉ်ပျံတော်

ဓမ္မဒူတအရှင်ပညာဇောတ

ဒုတိယအကြိမ်

# မဂ္ဂင်ရှစ်ဖော် ယာဉ်ပျံတော်

ဓမ္မဒူတ–အရှင်ပညာဇောတ
(ဝိသိဋ္ဌဒီဃဘာဏကနှင့် သိရီပဝရ ဓမ္မာစရိယ)

ကျမ်းစာအမှတ် (၂၅)

ဒုတိယအကြိမ်

ဖြန့်ချိရေး
ပေါက်စေတီ ဓမ္မရိပ်သာ ဝေယျာဝစ္စအဖွဲ့
ရှစ်မိုင်၊ သမိုင်းစာတိုက်၊ ရန်ကုန်၊ ဖုန်း–၆၀၁၄၈

| | |
|---|---|
| စာမူခွင့်ပြုချက်အမှတ် | ၁၁၆/၉၃ (၁၂) |
| မျက်နှာဖုံး ခွင့်ပြုချက်အမှတ် | ၁၁/၉၄ (၂) |
| မျက်နှာဖုံးပန်းချီ | ဟင်ဒေါင်မျင့် |
| ပုံနှိပ်ခြင်း | ဒုတိယအကြိမ် |
| အုပ်ရေ | ၂၅၀၀ |
| ထုတ်ဝေသည့်လ | ၁၉၉၄ ခုနှစ်၊ ဖေဖော်ဝါရီလ |
| တန်ဖိုး | ၄၀-ကျပ် |
| မျက်နှာဖုံးရိုက် | ဦးမြသိန်း (၀၁၄၂၇)<br>သိန်းမြင့်ဝင်းပုံနှိပ်တိုက်<br>၆၉၊ ၁၁ လမ်း၊ ရန်ကုန် |
| အတွင်းပုံနှိပ် | ဒေါ်ပမ (၀၂၁၄၃)<br>အောင်ဥက္ကလာပုံနှိပ်တိုက်<br>၁၄၁၊ ၃၇ လမ်း၊ ရန်ကုန် |
| ထုတ်ဝေသူ | ဦးစိန်ကြီး (၀၅၄၁)<br>ရွှေရုပ်လွှာစာပေ<br>၆၄၊ ဗညားဒလလမ်း၊<br>ရန်ကုန် |

# ရည်ရွယ်ချက်

ဓမ္မဒူတ အရှင်ပညာဇောတ အရှင်မြတ် ပြုစုတော်မူသော ဤ မဂ္ဂင်ရှစ်ဖော် ယာဉ်ပျံတော် စာအုပ်ကို ရှင်တော်ဗုဒ္ဓ၏ ပရိယတ် ပဋိပတ် နှစ်ရပ် သာသနာ စည်ပင်ပြန့်ပွားရေးအတွက် ရည်ရွယ်လျက် မွန်ပြည်နယ်၊ သထုံမြို့၊ နန်းတော်ဦးကျောင်းလမ်းနေ ဦးတင်မောင် ဒေါ်ခင်ကြည်၊ ညီမ မခင်ပုံးချိုတို့မှ ဓမ္မဒါနတရားအလှူ အမတဒါန ဆုမြိုက်နိဗ္ဗာန်အလှူအဖြစ် လှူဒါန်းပါသည်။

# မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| * | နိဒါန်း | ၁ |
| * | ဓမ္မဒူတ အရှင်ပညာဇောတ၏ ထေရုပ္ပတ္တိအကျဉ်း | ၁၂ |
| ၁။ | မဂ်နှင့် မဂ္ဂင် | ၂၂ |
| ၂။ | လယ်ယာကိုရိယာ | ၂၉ |
| ၃။ | မဂ္ဂင်နားလည်ရမည် | ၂၄ |
| ၄။ | စက်ခေါင်းလေးခု | ၂၆ |
| ၅။ | သမ္မတိစက် | ၂၆ |
| ၆။ | ဒီဘာဝမှာ တရားရနိုင် | ၃၂ |
| ၇။ | ဣန္ဒြေအနုအရင့် | ၃၃ |
| ၈။ | ဗိုလ်ငါးဦးအုပ်ချုပ် | ၃၅ |
| ၉။ | အသွားလျှင်သည် | ၃၈ |
| ၁၀။ | မတိမ်းစောင်းစေရ | ၃၉ |
| ၁၁။ | မဂ္ဂင်ယာဉ် မောင်းနေတယ် | ၄၂ |
| ၁၂။ | ထိုင်ကြည့်နေသလို | ၄၄ |
| ၁၃။ | နိဗ္ဗာန်ကို မှန်း | ၄၆ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၁၄။ | ဒီဘက်မှာနေ အားလုံးသေ | ၄၇ |
| ၁၅။ | ကြောက်လို့နေပါတယ် | ၄၈ |
| ၁၆။ | မကြောက်မနား | ၅၀ |
| ၁၇။ | ယောက်ျားမှန်က | ၅၂ |
| ၁၈။ | ရှာအပ်အမြတ်မဂ် | ၅၄ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၃၅။ | သမုဒယသစ္စာ သမ္မာဒိဋ္ဌိ ဒုက္ခပွားကြောင်းအမှန် | ၈၆ |
| ၃၆။ | နိရောဓသစ္စာသမ္မာဒိဋ္ဌိ- ဒုက္ခငြိမ်းမှုအမှန် | ၈၇ |
| ၃၇။ | မဂ္ဂသစ္စာသမ္မာဒိဋ္ဌိ-ဒုက္ခငြိမ်းကြောင်းအမှန် | ၈၇ |
| ၃၈။ | လိုရင်းပဓာန | ၈၈ |
| ၃၉။ | သစ္စာလေးသင်း ဉာဏ်ရောင်လင်း | ၈၈ |
| ၄၀။ | သိ- ပယ်- ဆိုက်- ပွား | ၉၀ |
| ၄၁။ | ဘာအကျိုးငှာ အားထုတ်သလဲ | ၉၂ |
| ၄၂။ | အားထုတ်ရင် ချမ်းသာမယ် | ၉၄ |
| ၄၃။ | မဂ္ဂင်ရှစ်ပါး ပါဝင်ပုံ | ၉၅ |
| ၄၄။ | သမ္မာသင်္ကပ္ပ | ၉၇ |
| ၄၅။ | သမ္မာသင်္ကပ္ပ အရေးကြီးသည် | ၁၀၁ |
| ၄၆။ | ပညာမဂ္ဂင် | ၁၀၄ |
| ၄၇။ | နှစ်ပါးတွဲ အလုပ်လုပ် | ၁၀၅ |
| ၄၈။ | သမ္မာဝါယာမ မဂ္ဂင် | ၁၀၆ |
| ၄၉။ | အကုသိုလ် နှစ်မျိုး | ၁၀၈ |
| ၅၀။ | ကုသိုလ် နှစ်မျိုး | ၁၀၉ |
| ၅၁။ | မဂ္ဂင်၏ အာနုဘော် | ၁၀၉ |
| ၅၂။ | ဝိသုဒ္ဓိ ခုနှစ်ပါးဖြစ်ပုံ | ၁၁၀ |
| ၅၃။ | ကိုယ်ကျိုးအမှန် | ၁၁၁ |
| ၅၄။ | သမ္မာဝါယာမ လေးပါး | ၁၁၂ |
| ၅၅။ | ဝီရိယနားလည်ဖို့လိုပါသည် | ၁၁၃ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၅၆။ | သမ္မာသတိမဂ္ဂင် | ၁၁၇ |
| ၅၇။ | သူရူးဥပမာ | ၁၁၈ |
| ၅၈။ | သတိပဋ္ဌာန်တရားလေးပါး | ၁၁၉ |
| ၅၉။ | ဖွဲ့စည်းမှုအဓိက | ၁၂၃ |
| ၆၀။ | ကိုယ်– စိတ်– ဝေ– ဓမ္မာ | ၁၂၄ |
| ၆၁။ | သမ္မာ သမာဓိ | ၁ ၇ |
| ၆၂။ | ပဉ္စင်္ဂိက မဂ် | ၁၃၁ |
| ၆၃။ | စိတ်ကို မဂ္ဂင်ငါးပါးနှင့် တန်ဆာဆင်ပါ | ၁၃၂ |
| ၆၄။ | သမ္မာဝါစာမဂ္ဂင် | ၁၃၄ |
| ၆၅။ | အဘိ– ဓမ္မ– ဝိနယ | ၁၃၈ |
| ၆၆။ | ကမ္မဝါစာမြောက်ခြင်းနှင့် သိက္ခာပုဒ်ချက်ခြင်း | ၁၃၉ |
| ၆၇။ | အပြောနှင့်အလုပ် | ၁၄၀ |
| ၆၈။ | သမ္မာကမ္မန္တ | ၁၄၂ |
| ၆၉။ | သမ္မာအာဇီဝ မဂ္ဂင် | ၁၄၈ |
| ၇၀။ | သက္ကာယ ဒိဋ္ဌိ | ၁၅၄ |
| ၇၁။ | ငါ ငါ ဟုစွဲလမ်းပုံ | ၁၅၅ |
| ၇၂။ | ဘုံစဉ်စံအရိယာ | ၁၅၆ |
| ၇၃။ | သက္ကာယဒိဋ္ဌိ ဘုံသုံးဆင့် | ၁၅၇ |
| ၇၄။ | မဂ္ဂင်နှင့် ခန္ဓာ | ၁၅၉ |
| ၇၅။ | ပယ်သတ်ပုံအစဉ် | ၁၅၉ |
| ၇၆။ | ထူးထောင်ရန်အစဉ် | ၁၆၀ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၇၇။ | သီလက္ခန္ဓမဂ္ဂင်ထူထောင်ပုံ | ၁၆၁ |
| ၇၈။ | နိစ္စသီလမျိုး | ၁၆၂ |
| ၇၉။ | သုက္ခ ဝိပဿက နည်းလမ်း | ၁၆၄ |
| ၈၀။ | ရှုပွားပုံအချုပ် | ၁၆၅ |
| ၈၁။ | သည်းခံရှုပါ | ၁၆၈ |
| ၈၂။ | ကိုယ်နှင့်စပ်သမျှ ရုပ် | ၁၆၉ |
| ၈၃။ | မှားသောသိမှတ်ထင်မြင်မှု | ၁၇၀ |
| ၈၄။ | ကောင်းစွာထင်မြင်မှု | ၁၇၁ |
| ၈၅။ | မြားနှင့်လက်ပမာ | ၁၇၂ |
| ၈၆။ | စွဲမြဲစွာအားထုတ်ကြရမည် | ၁၇၂ |
| ၈၇။ | ဝီရိယ နှစ်ပါး | ၁၇၂ |
| ၈၈။ | စိတ်မှတ်မြဲရမည် | ၁၇၃ |
| * | နိဂုံး | |

# နိဒါန်း

## နမော တေ ကရုဏာကရ

**မဂ်-ဖိုလ်-နိဗ္ဗာန်**

ဗုဒ္ဓသာသနာဝင်တို့၏ နှုတ်ဖျား၌ မဂ် ဖိုလ် နိဗ္ဗာန် ဟူသော စကားလုံးများမှာ ရေပန်းအစားဆုံး ဖြစ်ပါသည်။ ရေပန်းစားသော်လည်း အတိအကျ မိမိရရ သိသူ နားလည်သူကား မများလှပါ၊ နည်းလွန်းလှပါသေးသည်။

အမှန်မှာမူ ဤမျှ ရေပန်းအစားဆုံး စကားလုံးဖြစ်သော မဂ် ဖိုလ် နိဗ္ဗာန်၏ သဘောသဘာဝ အတိမ်အနက်ကို ဗုဒ္ဓသာသနာဝင်တိုင်း အတိအကျ မိမိရရ သိနားလည်သင့်ပါသည်။

ဟုတ်ပါသည်။ ဗုဒ္ဓသာသနာတော်သည် ပေါ်ထွန်းခဲသော သာသနာတော် ဖြစ်သည် ဆိုတာကို ဗုဒ္ဓသာသနာဝင်တိုင်း လက်ခံကြပါသည်။ ယခုပေါ်ထွန်းခဲသော ဗုဒ္ဓသာသနာတော်နှင့် ကြုံဆုံနေလေပြီ၊ ကြုံခဲလှစွာ ဗုဒ္ဓသာသနာတော်နှင့် ကြုံဆုံ

ခိုက် ဘာတွေများ အရေးထား၊ အလေးထား ကြိုးစားကြမည်နည်း။

ဗုဒ္ဓသာသနာတော်၏ အနှစ်သာရကား မဂ် ဖိုလ် နိဗ္ဗာန်ဖြစ်၏။ တစ်ဖန် ဗုဒ္ဓသာသနာဝင်တို့၏ ပန်းတိုင်သည်လည်း မဂ် ဖိုလ် နိဗ္ဗာန်ပင် ဖြစ်၏။

"အို....စာရှုသူ၊ သစ်ပင်ကြီးတစ်ပင် ရှိ၏။ ယင်းသစ်ပင်ကြီး၌ အခက်အရွက်၊ အပွေး၊ အခွံ၊ အကာနှင့် အနှစ်ရယ်လို့ ငါးမျိုး ရှိပါတယ်၊ ကြိုက်တာ ရွေးယူပါ"လို့ လွတ်လပ်စွာ အခွင့်ပေးလျှင် အသင် စာရှုသူ ဘာကို ရွေးယူမည်နည်း။ ဤသို့မေးအံ့။ စာရှုသူဟာ မဆိုင်းမတွ တစ်ခဏချင်းပင် အနှစ်ကို ရွေးယူပါမည်ဟု ဖြေမှာ သေချာပါသည်။

တစ်ဖန်ဆိုသော် စာရှုသူသည် သံသရာခရီးသွား ဖြစ်ပါသည်။ ပန်းတိုင်ကား အဘယ်နည်း။ စာရှုသူသည် ဗုဒ္ဓသာသနာဝင်တစ်ဦး ဖြစ်က မဂ် ဖိုလ် နိဗ္ဗာန်ဟာ ပန်းတိုင်ပါလို့ မဆိုင်းမတွ တစ်ခဏချင်း ဖြေမှာ သေချာပါသည်။

ပန်းတိုင်ကိုတော့သိရပါပြီ၊ သင်သည် ပန်းတိုင်သို့အရောက် သွားနေသူလောလို့ မေးလျှင် အဖြေခက်ပါမည်။ ယခုလောက၌ အပြေးပြိုင်ပွဲများ ရှိပါသည်။ ပြိုင်ပွဲဝင်တို့သည် ပန်းတိုင်သို့ စောစီးစွာရောက်ရေး၊ သူများထက် ဦးစွာရောက်ရေးကို ဦးတည်ကာ သက်စွန့်ကြိုးပမ်း ကြိုးစားပြေးကြ၏။

ပန်းတိုင်သို့ ဦးစွာရောက်ရေးသည် ပြိုင်ပွဲဝင်တို့အတွက် သူးမြတ်သော ဂုဏ်ထူး၊ မွန်မြတ်သော ကျေးဇူးပင် မဟုတ်ပါလော။

သံသရာခရီးသွားဖြစ်သော ဗုဒ္ဓသာသနာဝင်တို့၏ ပန်းတိုင်ကား မဂ် ဖိုလ် နိဗ္ဗာန် ဖြစ်၏။ သို့ဖြစ်၍ ဗုဒ္ဓသာသနာဝင်တို့သည် မိမိတို့၏ ပန်းတိုင်ဖြစ်သော မဂ် ဖိုလ် နိဗ္ဗာန် ရရေးကို ဦးတည်ကာ သက်စွန့်ကြိုးပမ်း ကြိုးစားသင့်၏။

ကြိုးစားသင့်၍ ကြိုးစားကြသူများ ရှိသလို မကြိုးစားဘဲ အလကားနေသူများလည်းရှိပါသည်။ ကြိုးစားကြသူများမှာလည်း တစ်ယောက်နှင့်တစ်ယောက် ကြိုးစားပုံချင်း မတူကြပါ။ မှန်ပါသည်။ ပြိုင်ပွဲဝင်များ တစ်ယောက်နှင့်တစ်ယောက် အသိဉာဏ်ချင်း မတူ၍ ပြိုင်ပွဲဝင်ချင်း မတူသဖြင့် အနိုင်အရှုံး မတူကြသလိုပင် ဖြစ်၏။

အချို့ ပြိုင်ပွဲဝင်များကား လိုရင်းအချက်ကို အတိအကျသိကြ၏။ အမြန် ပန်းဝင်ရေးကို နားလည်ကြ၏။ နားလည်သည့်အလျောက် ပန်းတိုင်ရောက်ရေးကို ဦးတည်ကာ ပြိုင်ပွဲဝင်ကြသဖြင့် ပန်းတိုင်သို့ အမြန်ရောက်ကာ ဆုလာဘ်များစွာရ၍ ချမ်းသာသူ ဖြစ်ကြ၏။

အချို့ ပြိုင်ပွဲဝင်များကား လိုရင်းအချက်ကို နားမလည်ဘဲ မပြိုင်တတ်ဘဲ ဝင်ပြိုင်သဖြင့် ပင်ပန်းကြီးစွာဖြစ်ကာ အရှုံးကြီး ရှုံးနိမ့်ကာ ဆင်းရဲကြီးစွာ ရောက်ကြရ၏။

## ကြိုးစားပုံအမျိုးမျိုး

ယင်းအတူပင် ဗုဒ္ဓသာသနာဝင်တို့သည် ဗုဒ္ဓသာသနာတော်၏ ပန်းတိုင်ဖြစ်သော မဂ် ဖိုလ် နိဗ္ဗာန်သို့ ရောက်ရေးအတွက်

ကြိုးစားကြ၏။ ယင်းသို့ ကြိုးစားကြရာ၌ အသိဉာဏ်ချင်းမတူကြသလို ကြိုးစားပုံချင်းလည်း မတူကြပါ။

အချို့က ဖိုထိုး၍ ကြိုးစားကြ၏။ အချို့က အင်းသောက်၍ ကြိုးစားကြ၏။ အချို့က အသက်ရှည်ဆေးစား၍ ကြိုးစားကြ၏။ အချို့က မန္တာန်ရွတ်၍ ကြိုးစားကြ၏။ အချို့က ဒါနကုသိုလ်ပြု၍ကြိုးစားကြ၏။ အချို့က သီလ ကုသိုလ်ပြု၍ ကြိုးစားကြ၏။ အချို့က သမထကုသိုလ်ပြု၍ ကြိုးစားကြ၏။

အချို့က မဂ္ဂင်ရှစ်ပါး အကျင့်တရားကို လက်ကိုင်ထားကာ ဝိပဿနာ ဘာဝနာတရားကို ပွားများ၍ ကြိုးစားကြ၏။

ဤသို့ စသည်ဖြင့် မင် ဖိုလ် နိဗ္ဗာန်တည်းဟူသော ပန်းတိုင်သို့ ရောက်ရေးအတွက် ဦးတည် ကြိုးစားကြသူများမှာ တစ်ယောက်နှင့်တစ်ယောက် အသိဉာဏ် အတတ်အနက် ကွာခြားကြသလို အလိုဆန္ဒ မတူကြသလို ကြိုးစားပုံချင်းလည်းမတူကြပါ။ အမျိုးမျိုးပင် ဖြစ်ကြပါသည်။

လမ်းတိုလမ်းဖြောင့်

ယင်းသို့ ကြိုးစားကြပုံ အမျိုးမျိုးရှိသည်တို့တွင် မဂ္ဂင်ရှစ်ပါး အကျင့်တရားကို လက်ကိုင်ထား၍ ဝိပဿနာတရားဘာဝနာကို ပွားများကာ ကြိုးစားခြင်းသည် မဂ် ဖိုလ် နိဗ္ဗာန်တည်းဟူသော ပန်းတိုင်သို့ ရောက်ရေးအတွက် လမ်းတိုလမ်းဖြောင့်ပင် ဖြစ်ပါသည်။

မဂ္ဂင်ရှစ်ပါး အကျင့်တရားကို လက်ကိုင်ထားကာ ဝိပဿနာ

ဘာဝနာတရား ပွားများခြင်းကို 'မဂ္ဂင်ရှစ်ဖော် ယာဉ်ပျံတော်' စီးသည်ဟု တင်စားကာ ခေါ်ဆိုခြင်း ဖြစ်ပါသည်။

လောကအဆုံးဖြစ်သော နိဗ္ဗာန်ရောက်ရေးကို ခေတ်ပေါ်ယာဉ်အမျိုးမျိုးတို့တွင် မည်သည့်ယာဉ်ကို စီးနင်းသွားပါစေ မရောက်နိုင်ပါ။ ခေတ်ပေါ်ယာဉ်တို့တွင် အမြန်ဆုံး ယာဉ်ကို စီးနင်းသွားသော်လည်း မရောက်နိုင်ပါ။ အမြန်ဆုံးယာဉ်ထက် မြန်သော တန်ခိုးဖြင့်သွားသော်လည်း မရောက်နိုင်ပါ။

တန်ခိုးသည် စိတ်ဖြင့်ပြီးရကား စိတ်ထက်မြန်သော ခေတ်ပေါ်ယာဉ် မရှိနိုင်ပါ။ စိတ်သည် အင်မတန်မြန်ပါသည်။ မြန်သောစိတ်ဖြင့် ပြီးသည့် တန်ခိုးဖြင့်ပင် နိဗ္ဗာန်မရောက်နိုင်ပါ။

ရောက်နိုင်သည်မှာ မဂ္ဂင်ရှစ်ပါး အကျင့်တရားကို ကျင့်ကြံကာ ဝိပဿနာ ဘာဝနာတရား ပွားများခြင်းသည် သာလျှင် ရောက်နိုင်ပါသည်။

မိမိသည် စာအုပ်၌ နိဗ္ဗာန်ရောက်ရေးအတွက် လမ်းတိုလမ်းဖြောင့်ဖြစ်သော မဂ္ဂင်ရှစ်ပါး ယာဉ်ပျံတော်အကြောင်းကို ရှင်းလင်းဖော်ပြ ရေးသားထားပါသည်။

**မသိသူများ**

မိမိသည် ၁၃၇၇ ခုနှစ်၊ နတ်တော်လဆန်း ၁ ရက်နေ့မှ စတင်၍ ပရိယတ် သာသနာ့ တာဝန်ကို ထမ်းဆောင်ရာမှ ပဋိပတ် သာသနာ့တာဝန်ကို ပြောင်းရွှေ့ထမ်းဆောင်ခဲ့၏။

မိမိကိုယ်တိုင် ပဋိပတ် သာသနာ့တာဝန်ကို အားထုတ်

သော အားဖြင့် သုံးနှစ်တိုင်တိုင် ထမ်းဆောင်ကာ ၁၉၃၀ ခုနှစ် နှစ်ဦးမှ စတင်၍ တရားဟော၊ တရားပြခဲ့ရာ ယနေ့အထိ ပင် ဖြစ်ပါသည်။

ဤနှစ်များအတွင်း၌ ယောဂီ အဟောင်းအသစ်အမျိုးမျိုး တို့နှင့် ကြုံဆုံခဲ့ရပါသည်။ အချို့မှာ ရိပ်သာမျိုးစုံ အားထုတ် ဖူးကြ၏၊ အကြိမ်ကြိမ် အားထုတ်ဖူးကြ၏၊ နှစ်ပေါင်း ရှည် ကြာ အားထုတ်ဖူးကြ၏။ သို့သော် ရုပ်-နာမ်မျှပင် မသိခဲ့သူ များ၊ အရှုခံနှင့် ရှုညဏ်ပင် မကွဲခဲ့သူများ ဖြစ်နေတာကို တော်တော်များများ တွေ့ခဲ့ရပါသည်။

အချို့မှာ မိမိတို့မှတ်လျှင် တရားဖြစ်တာပဲ၊ ထိုင်ရင် ပြီး တာပဲဟု ထိုင်ကာမျှ မှတ်ကာမျှ ပြီးခဲ့ကြ၏။ မိမိတို့ ရှုပွား နေသည်မှာ မဂ္ဂင်ရှစ်ပါး၊ အကျင့်တရား ပါဝင်သည် မပါ ဝင်သည်၊ လိုသည် ပိုသည်ကို မသိခဲ့ကြပါ။

အချိန်ကုန်သော်လည်း ခရီးမတွင်၊ အမှားအမှန်မသိ၊ ဝေဖန် ပိုင်းခြားနိုင်စွမ်း မရှိကြပါ။ တရားနည်းစုံအောင် အားထုတ် ရတယ်ဟု ဆိုပြီး နည်းစုံအောင် အားထုတ်သူများနှင့်လည်း တွေ့ခဲ့ပါသည်။ သို့သော် သူတို့မှာလည်း အမှား အမှန် တိုင်းတာတတ်တဲ့ မဂ္ဂင်ရှစ်ပါးကိုကား မခွဲခြားနိုင်ခဲ့ကြပါ။

မိမိအနေနှင့်မူ ယောဂီတို့ ကိုင်တွယ်အသုံးချ အားထုတ်ပွား ရမည့် မဂ္ဂင်ရှစ်ပါး အကျင့်တရားလမ်းစဉ်ကိုဖြင့် ယောဂီတို့ သိသင့်သည်ဟု ယူဆကာ ၁၀ ရက် စခန်း ပထမအကြိမ်တိုင်း ဟောပေးခဲ့ပါသည်။

အခြား သိသင့်သိထိုက်သော ရုပ်-နာမ်ကြောင်းကျိုးတရားများ၊ ပညတ်၊ ပရမတ်ခွဲ တရားများ စသည်ဖြင့် ယောဂီတို့ သိသင့် သိထိုက်သော တရားများကို ဟောပြောပြသပေးခဲ့ပါသည်။

ယင်းသို့ ဟောပြောသည့် အခါ ယောဂီအသစ်များအဖို့ နှိုင်းယှဉ်စရာ မရှိ၍ မသိသေးသော်လည်း ယောဂီဟောင်းအချို့ကမူ သိပါသည်။ ယင်းသို့သိသူများက ‘၁၀’ရက်စခန်းတရားများကို စာအုပ်ရေးသားရန် တောင်းပန်ကြပါသည်။ မိမိအနေနှင့်လည်း ရေးမည်ဟု ဝန်ခံကာ ‘၁၀ ရက် စခန်းတရားများ ၁-၂’ဟု အမည်တပ်ပြီးပါပြီ။

‘၁၀ရက်စခန်း တရားပွဲ’စာအုပ်ကို ရေးသားပါက စာအုပ်ထူကြီး နှစ်အုပ်လောက်ဖြစ်လာပါမည်။ မိမိမှာလည်း စာအုပ်ထူကြီး နှစ်အုပ်ဖြစ်အောင် ရေးနိုင်ဖို့ရာ အချိန်အားလပ်မှုမရှိပါ။ ယင်းသို့ဖြင့် ၁၀ ရက် စခန်းတရားများ ၁-၂’စာအုပ်များမှာ မပေါ်ထွက်နိုင်ခဲ့ပါ။

မိမိမှာလည်း အချိန်က ကြာလေ မရလေ မအားလေဖြစ်နေပါသည်။ သို့နှင့် ‘ကြံသလိုမဖြစ် ဖြစ်သလို ကြံရမှာပဲ’ဟု စဉ်းစားကာ ၁၀ ရက်စခန်း တရားများထဲမှ အရေးကြီးသည့် တရားများကို ဦးစွာ တစ်ပုဒ် တစ်အုပ် သော်လည်းကောင်း ရေးရလျှင် ကောင်းမည်ဟု အကြံဖြစ်ပါသည်။

ယင်းသို့ ကြံပြီးလျှင် အလှူခံတစ်ကျိပ်လေး၊ ဝေဒနာရှုပွားနည်း၊ ဓမ္မန္တရာယ်ကာကွယ်ရေး၊ မိုးကျိုးတွင်းမှ ပွင့်သော

ကြာ စာအုပ်တို့ကို ထုတ်ဝေခဲ့ပါသည်။ ယခု 'မဂ္ဂင်ရှစ်ဖော် ယာဉ်ပျံတော်'ကား ၂၅ အုပ်မြောက် ဖြစ်ပါသည်။

ဤ'မဂ္ဂင်ရှစ်ဖော် ယာဉ်ပျံတော်' စာအုပ်သည် မည်သည့်နည်းနှင့် အားထုတ်အားထုတ် ဝိပဿနာတရား အားထုတ်သည့် ယောဂီတိုင်း လက်ကိုင်လက်စွဲထားကာ ကြည့်ရှုရမည့် စာအုပ် ဖြစ်ပါသည်။

အဘယ့်ကြောင့်ဆိုသော် ပညတ်အမည်အားဖြင့် မည်သူ့နည်း၊ မည်ဝါနည်း၊ ဘာနည်း၊ ညာနည်း စသည်ဖြင့် နာမည်အမျိုးမျိုး ကွဲပြားကြသော်လည်း ရှုပွားအားထုတ်သူတိုင်း နားလည်ရမည့်၊ လက်ကိုင်ထားရမည့် တရားမှာ မဂ္ဂင်ရှစ်ပါး အကျင့်တရားပင် ဖြစ်ပါသည်။

တစ်နည်း ဆိုသော် မည်သည့်နည်းနှင့်ပဲ အားထုတ်အားထုတ် မဂ္ဂင်ရှစ်ဖော် ယာဉ်ပျံတော်စီးကာ နိဗ္ဗာန်ခရီး တွင်တွင်ကြီးသွား သူဟု ဆိုရပါမည်။

တစ်နည်းဆိုသော် ပညတ်အမည် အမျိုးမျိုး ကွဲသော်လည်း အရှုခံတရား ရုပ်–နာမ်များမှာ မကွဲပါ။ မည်သည့်နည်းနှင့်ရှုရှု ဝိပဿနာ တရားသာဖြစ်က ရုပ်၊ သို့မဟုတ် နာမ်ကို အရှုခံ အာရုံအဖြစ် ထားပြီး ရှုပွားရပါသည်။

မှန်ပါသည်။ ရုပ်–နာမ်မပါ ဝိပဿနာ မဖြစ်ပါ။ ရုပ်–နာမ်လွတ် ဝိပဿနာဟူ၍ မရှိပါ။ ဝိပဿနာ၏ အာရုံမှာ ရုပ်–နာမ် ဖြစ်ပါသည်။ ယင်းရုပ်နာမ်က 'ရုပ်–ရုပ်–နာမ်–

နာမ်'ဟု ရှုပွားတဲ့အခါ သီလ၊ သမာဓိ ပညာအားဖြင့် မဂ္ဂင်ရှစ်ပါး အကျင့်တရားများ ပါဝင်ပါသည်။ မဂ္ဂင်မပါလည်း ဝိပဿနာ မဖြစ်ပါ။ ဝိပဿနာ မဖြစ်ကလည်း မဂ်-ဖိုလ်-နိဗ္ဗာန် မရနိုင်ပါ။

သို့နှင့် မိမိသည် 'မဂ္ဂင်ရှစ်ဖော်ယာဉ်ပျံတော်' တရားတော်ကို ယောဂီ အသစ် အဟောင်း၊ အနုအရင့် အစားစားတို့ သဘောပေါက်နားလည်အောင် မဂ်နှင့် မဂ္ဂင်ကို ခွဲခြားပြီး ဟောကြား ရေးသားထားပါသည်။

ယင်းသို့ ဟောကြားရေးသားရာ၌ ပါဠိ၊ အဋ္ဌကထာ၊ ဋီကာဟူသော ပရိယတ်စည်းကမ်းကို ကြည့်၍ လည်းကောင်း၊ လယ်တီဆရာတော်ဘုရားကြီး၏ မဂ္ဂင်ဒီပနီကိုကြည့်ရှု၍ လည်းကောင်း ဟောကြားရေးသားပါသည်။

မဂ်နှင့်မဂ္ဂင်တို့ကို ရှင်းပြရင်း သတိပဋ္ဌာန်လေးပါးတို့တွင် စမ္မးနုပဿနာ သတိပဋ္ဌာန် ဝိပဿနာရှုပွားနည်းကိုပါ ထည့်သွင်းကာ ရှင်းလင်းဖော်ပြထားပါသည်။

သို့ဖြစ်၍ ကျမ်းစာအုပ်၌ ယောဂီအစားစားတို့ သိသင့်သိထိုက်သော အပေါင်းအမည်ဖြစ်တဲ့ မဂ်နှင့် အစိတ်အမည်ဖြစ်တဲ့ မဂ္ဂင်ရှစ်ပါးတို့ကို အပေါင်းအစိတ်အားဖြင့် ရှင်းပြထားပါသည်။

ယခု တရားတော်မှာ သပိတ်အိုင်တောရ ပထမ အကြိမ် ၁၀ ရက်စခန်း၌ ဟောကြားခဲ့သော တရားတော် ဖြစ်ပါသည်။ ယင်းကို မုတ္တမမှ ခင်မာလာထွန်းက အကြမ်းကူးပေး၍ မုဒုံမှ ဒေါ်စိန်စိန်တင်က မူချောကူးပေးပါသည်။

ယင်းမူချောကို ဆဋ္ဌမအကြိမ် သပိတ်အိုင်တောရ ၁၀ ရက်စခန်း ဒုတိယနေ့၌ စတင်ပြင်ဆင် ဖြည့်စွက် နုတ်ဖျက်ရေးသားပါသည်။ အပြီးမသတ်နိုင်ခဲ့ပါ။

သပိတ်အိုင်တောရမှ ရေးမြို့နယ် ဇီးဖြူသောင်ရွာ ဒုတိယအကြိမ် ၁၀ရက်စခန်းသို့ ဓမ္မဒေသနာခရီးဆက်ရပြန်ပါသည်။ ယင်း၌ ဆက်လက်ရေးသားရာ ၁၀ ရက်စခန်း ခြောက်ရက်မြောက်နေ့၌ အပြီးသတ်ပါသည်။

အပြီးသတ်သော်လည်း နိဒါန်း မရေးသားနိုင်သေးဘဲ ဇီးဖြူသောင်မှ ရေးမြို့ မြဥယျာဉ် ငါးကြိမ်မြောက်စခန်း၊ ကျိုက္ခမိမြို့ ဗုဒ္ဓကျောင်း သုံးကြိမ်မြောက်စခန်းတို့ကို ကျော်လွန်ကာ သထုံမြို့နယ် သိမ်ဆိပ်တိုက်နယ် တောင်ကြားရွာ ဇောတိကာရုံကျောင်းငါးကြိမ်မြောက်စခန်း၊ ကိုးရက်မြောက်နေ့မှ ဤနိဒါန်းကို ရေးသားနိုင်ပါသည်။ ဤစာအုပ်၌ မည်သို့မည်ပုံ ရေးသားထားသည်ဟု အသေးစိတ်ကို ဤနိဒါန်း၌ မဖော်ပြလိုတော့ပါ။ စာရှုသူလက်ထဲသို့ စာအုပ်ရောက်လာပြီဖြစ်၍ စာရှုသူကိုယ်တိုင် ဖတ်ရှုပြီး 'မဂ္ဂင်ရှစ်ဖော် ယာဉ်ပျံတော်' သည် တရားရှုပွားသူများအတွက် မည်မျှအကျိုးသက်ရောက်သည် မသက်ရောက်သည်၊ တရားရှုပွားသူတိုင်း လက်ကိုင်ထားသင့်သည် မထားသင့်သည်တို့ကို သိနားလည်ပါလိမ့်မည်။ မိမိအနေဖြင့်မူ စာရှုသူများအတွက် အကျိုးကျေးဇူးများမည်ဟု ယူဆကာ ကြိုးစား၍ ရေးသားခင်းပြလိုက်ပါသည်။

မိမိ ကြိုးစား ရေးသားတင်ပြလိုက်သည်ကို ဖတ်ရှုရသဖြင့် အကျိုးကျေးဇူး ရကြပါသည်ဟုဆိုလျှင် မိမိအတွက် ရေးရကျိုးနပ်ပါပြီ။ ဤသည်ပင်လျှင် မိမိ၏ မျှော်လင့်ချက်ဖြစ်ပါသတည်း။

➡ မမ္ဗူတ–စာရေးပြ–ဖတ်ကြကျင့်ကြစေ၊

➡ မမ္ဗူတ–တရားပြ–ကျင့်ကြကျိုးရစေ။

မမ္ဗူတ အရှင်ပညာဇောတ

မမ္ဗူတတောရ
တောင်စွန်း ဘိုးလင်းမြို့နယ်
မွန်ပြည်နယ်။

# ဓမ္မဒူတ-အရှင်ပညာဇောတ
# ၏
# ထေရုပ္ပတ္တိ-အကျဉ်း

၁။ နေရပ်လိပ်စာကို ဖော်ပြခြင်း

(က) ဘွဲ့တော်- ဓမ္မဒူတ-အရှင်ပညာဇောတ
(ခ) အသက်-သိက္ခာ- ၅၉ နှစ်၊ ၃၉ ဝါ
(ဂ) သီတင်းသုံးရာဌာန- မွန်ပြည်နယ် ဘီးလင်း
မြို့နယ်၊ တောင်စွန်းဓမ္မဒူတတောရ

၂။ ဖွားမြင်တော်မူခြင်း။

(က) ဖွားမြင်ရာဌာန- ပဲခူးတိုင်း၊ လက်ပံလှ
ကျေးရွာ အုပ်စု၊ ဟသ္သာတမြို့နယ်၊
ဧရာဝတီတိုင်း။
(ခ) ခမည်းတော်-ဦးတုတ်
မယ်တော် -ဒေါ်ငွေတင်
(ဂ) ဖွားသက္ကရာဇ်- ၁၂၉၆-ခုနှစ်၊ နတ်တော်လ
ပြည့်ကျော် ၁၄-ရက် ကြာသပတေး
နေ့၊
နံနက် ၁ဝး၁၅ နာရီ

(ဃ) မွေးချင်းအခြေအတွက်

၁။ ဒေါ်သိန်း

၂။ အရှင်သုမိတ္တာဘိဝံသ

၃။ ဦးသန်းမောင်

၄။ ဦးသောင်း

၅။ ဦးလှထွန်း

၆။ ဓမ္မဒူတ အရှင်ပညာဇောတ

၇။ ဒေါ်မြင့်

၈။ ဦးအုံးမောင်

အားဖြင့် ရှစ်ယောက် ဖြစ်သည်။

## ၃။ ရှင်ရဟန်းအဖြစ်သို့ ရောက်ခြင်း

(က) ရှင်ဖြစ်ရာဌာန- ဟသ်ာတ မြို့နယ်၊ ရေလဲ ကျေးရွာစေသင်တိုက်

ခုနှစ်၊ လ၊ ရက်နေ့- ၁၃၁၈-ခုနှစ်၊ ဝါဆို လဆန်း ၈-ရက်နေ့

(ခ) ဥပဇ္ဈာယ်ဆရာ- အရှင်ဥတ္တမ၊ ရေလဲကျေးရွာ စာသင်တိုက်

ဒါယကာ- မိဘနှစ်ပါး

(ဂ) ရဟန်းဖြစ်ရာဌာန- ရန်ကုန်တိုင်း စမ်းချောင်း မြို့နယ်၊ ရှမ်းလမ်း အောင်မင်္ဂလာသိဒ္ဓိ ကျောင်းတိုက်၊ ဗဒ္ဓသိမ်။

ခုနှစ်၊ လ၊ ရက်နေ့- ၁၃၁၆-ခုနှစ် တန်ဆောင်မုန်းလပြည့်နေ့၊ နံနက် ၉း၁၅ နာရီ

(ဃ) ရဟန်းဥပဇ္ဈာယ်ဆရာ- ဇေယျဝတီကျောင်းတိုက်၊ ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အရှင်ဥက္ကံသ မဟာထေရ်

ရဟန်းဒါယကာ- ရန်ကုန်တိုင်း လမ်းမတော်မြို့နယ်၊ ရွှေတောင်တန်း သင်္ဂဟပွဲရုံ ဦးစံ-ဒေါ်တင်

(င) ရှင်ဘွဲ့တော်- ရှင်ပညာဇောတ

ရဟန်းဘွဲ့တော်- အရှင်ပညာဇောတ

၄။ စာပေပရိယတ္တိ သင်ကြားတော်မူခြင်း

၁၂-နှစ်အရွယ်မှစ၍ နောင်တော် အရှင်သုမိတ္တာဘိဝံသ စာသင်ရာ ဟင်္သာတမြို့နယ် ရေလဲရွာ စာသင်တိုက် ဆရာတော် အရှင်ဥတ္တမ အထံ၌ သဒ္ဒါ သင်္ဂြိုဟ် စသော အခြေခံကျမ်းစာများနှင့် ငါးရာ့ငါးဆယ်၊ ဓမ္မပဒ ဝတ္ထု စသော ကျမ်းစာများကို သင်ယူခဲ့ပါသည်။

အထက်တန်းပညာများကို ရန်ကုန်တိုင်း စမ်းချောင်းမြို့၊ ရှမ်းလမ်း၊ အောင်မင်္ဂလာသိဒ္ဓိကျောင်းတိုက်ဆရာတော် အရှင်ဥတ္တမ၊ နောင်တော် အရှင်သုမိတ္တာဘိဝံသ(စ-အ-ဓမ္မာစရိယ)၊ အမရပူရမြို့ မဟာဂန္ဓာရုံဆရာတော် အဂ္ဂမဟာပဏ္ဍိတ အရှင်

ဇနကာဘိဝံသ၊ မန္တလေးမြို့ မစိုးရိမ်တိုက် နာယကဆရာတော် အရှင်ကောဝိဒါဘိဝံသ (သ-စ-အာ-ဓမ္မာစရိယ)၊ မန္တလေးမြို့ ဘုရားကြီးတိုက် အဂ္ဂမဟာပဏ္ဍိတ အရှင်နာရဒါဘိဝံသ၊ စစ်ကိုင်းတောင်ရိုးပဌာန်းသိပ္ပံဆရာတော် အဂ္ဂမဟာပဏ္ဍိတ အရှင်ဇာနန္ဒ၊ စစ်ကိုင်းတောင်ရိုး နန်းဦးတိုက်သစ်ဆရာတော် အရှင်နန္ဒိယနှင့် ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက် ဆရာတော်များထံတွင် သင်ကြားခဲ့ပါသည်။

အင်္ဂလိပ်စာ စသော ခေတ်ပညာများနှင့် သာသနာပြုနည်းများကို ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ သံဃတက္ကသိုလ်မှ နာယကဆရာတော် ကမ္ဘာ့ သာ သနာပြု အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု အရှင်သေဋ္ဌိလ၊ ဆရာကြီး ဦးလှမောင်၊ ဦးဖေအောင်၊ ဦးစစ်ထွန်းမှတ်ဝင်း စသော ဆရာများထံ၌ သင်ကြားခဲ့ပါသည်။

ပဋိပတ်ကျင့်နည်းကို ရန်ကုန်တိုင်း မြောက်ဥက္ကလာပမြို့နယ် ရွှေဥမင်တောရဆရာတော် အရှင်ကောသလ္လထံ၌ နည်းခံကျင့်သုံးခဲ့ပါသည်။

တရားဟောအတတ်ကို အဂ္ဂမဟာပဏ္ဍိတ အရှင်ဇနကာဘိဝံသ၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ အဘိဓဇ မဟာရဋ္ဌဂုရု အရှင်ဝိစိတ္တသာရာဘိဝံသ၊ အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု ပဌာန်းဆရာတော် အရှင်ဝိသုဒ္ဓါဘိဝံသ၊ အဂ္ဂမဟာပဏ္ဍိတမိုးကုတ်ဆရာတော်ဘုရားကြီးတို့၏ အဆုံးအမဩဝါဒများကို နာခံရာမှ တတ်ခဲ့ပါသည်။

စာပေကျမ်းဂန် ရေးသားပြုစုခြင်းအတတ်ကို အဂ္ဂမဟာပဏ္ဍိတ ကျမ်းပြုအကျော် အရှင်ဇနကာဘိဝံသနှင့် နိုင်ငံကျော်စာရေးဆရာကြီး ဦးသော်ဇင်တို့၏ နည်းညွှန်မှုဖြင့် တတ်ခဲ့ပါသည်။

၅။ အောင်မြင်ခဲ့သော စာမေးပွဲများ

အစိုးရစာချတန်း၌ မြန်မာဂုဏ်ထူးကျမ်းနှင့်တကွ အောင်မြင်ခဲ့၍ 'သာသနဓဇသိရိပဝရ ဓမ္မာစရိယ' ဘွဲ့တံဆိပ်ကို ရရှိခဲ့ပါသည်။

တိပိဋကဓရ ရွေးချယ်ပွဲ၌ သုတ်သုံးကျမ်းကို အယောက်အမ လွတ်ကင်း သန့်ရှင်းစွာ ပြန်ဆိုနိုင်သဖြင့် 'ဗုဒ္ဓသာသနဝိသိဋ္ဌ ဒီဃဘာဏက' ဘွဲ့တံဆိပ်တော်ကို ရရှိခဲ့ပါသည်။

စေတိယင်္ဂဏ စာမေးပွဲ၌ သုတ်သုံးကျမ်းကို အယောက်အမ လွတ်ကင်း သန့်ရှင်းစွာ ပြန်ဆိုနိုင်သဖြင့် 'အဘိသိရိပဝရ သာသနာ့လင်္ကာရ ဒီဃနိကာယဓရ' ဘွဲ့တံဆိပ်တော်ကို ရရှိခဲ့ပါသည်။

၁၉၉၃–ခုနှစ် လွတ်လပ်ရေးနေ့၌ နိုင်ငံတော်မှ 'အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ' ဟူသော သာသနာ့ပြုဘွဲ့ ဆက်ကပ်ခံရပါသည်။

၆။ စာပေကျမ်းဂန်များ ရေးသားပြုစုခြင်း

| | |
|---|---|
| ၁။ ဒါနဝတ္ထု | ၃ ကြိမ်ရိုက်ဆဲ |
| ၂။ သီလဝတ္ထု | ၃ ကြိမ်ရိုက်ဆဲ |

| | | |
|---|---|---|
| ၃။ ဗုဒ္ဓဓမ္မပြဿနာများ (၁) | ၃ | ကြိမ်ရိုက်ဆဲ |
| ၄။ ဘာဝနာဝတ္ထု | ၃ | ။ |
| ၅။ ဒေါသဖြေဖျောက်နည်း | ၂ | ကြိမ်ရိုက်ဆဲ |
| ၆။ ဗုဒ္ဓဓမ္မပြဿနာများ (၂) | ၂ | ။ |
| ၇။ ဗုဒ္ဓ၏သက်သတ်လွတ် | ၂ | ။ |
| ၈။ ဗုဒ္ဓဓမ္မပြဿနာများ (၃) | ၂ | ။ |
| ၉။ ရှင်လောင်းသင် ရှင်ကျင့်ဝတ် | ၂ | ။ |
| ၁၀။ ဗုဒ္ဓဓမ္မပြဿနာများ (၄) | ၂ | ။ |
| ၁၁။ အယူဝါဒ ရှင်းတမ်း | ၂ | ။ |
| ၁၂။ ဗုဒ္ဓဓမ္မပြဿနာများ (၅) | ၂ | ။ |
| ၁၃။ ဗုဒ္ဓဓမ္မပြဿနာများ (၆) | ၂ | ။ |
| ၁၄။ ငြင်းခုံပွဲမှ အမြတ် | ၂ | ။ |
| ၁၅။ မွေးမေ့မေတ္တာ | ၂ | ကြိမ်ရိုက်ပြီး |
| ၁၆။ ဗုဒ္ဓဓမ္မပြဿနာများ (၇) | ၂ | ကြိမ်ရိုက်ဆဲ |
| ၁၇။ အလှူခံဘကျိပ်လေး | ၂ | ကြိမ်ရိုက်ပြီး |
| ၁၈။ ဗုဒ္ဓဓမ္မပြဿနာများ (၈) | ၂ | ကြိမ်ရိုက်ဆဲ |
| ၁၉။ ဓမ္မာနုပဿနာ သတိပဋ္ဌာန် ရှုပွားနည်းအချုပ် | ၄ | ကြိမ်ရိုက်ပြီး |
| ၂၀။ ဝေဒနာရှုပွားနည်း | ၃ | ။ |
| ၂၁။ မီးကျီးတွင်းမှ ပွင့်သောကြာ | ၂ | ။ |
| ၂၂။ ဓမ္မန္တရာယ်ကာကွယ်ရေး | ၂ | ကြိမ်ရိုက်ဆဲ |
| ၂၃။ ဗုဒ္ဓဓမ္မပြဿနာများ (၉) | ၂ | ။ |
| ၂၄။ သာသနာ့လမ်းစဉ် | ၂ | ကြိမ်ရိုက်ပြီး |

| | | | |
|---|---|---|---|
| ၂၅။ | မင်္ဂလ်ရှစ်ဖော် ယာဉ်ပျံတော် | ၂ | ကြိမ်ရိုက်ပြီး |
| ၂၆။ | ဒုလ္လဘသင်တန်း | ၂ | ကြိမ်ရိုက်ဆဲ |
| ၂၇။ | အမှောင်နှင့်အလင်း | ၂ | ကြိမ်ရိုက်ပြီး |
| ၂၈။ | မျှတမှ တရားရ | ၂ | ။ |
| ၂၉။ | အနေကဇာတင်နည်း ၇ နည်း | ၁ | ။ |
| ၃၀။ | လိုရာပြည့်ဝ ဓာရဏပရိတ်တော်နှင့် ဘုရားရှိခိုးများ | ၁ | ။ |
| ၃၁။ | သက်ရှင်ဆွမ်းကျွေးတရားတော် | ၂ | ။ |
| ၃၂။ | ဗုဒ္ဓဓမ္မပြဿနာများ (၁၁) | ၁ | ။ |
| ၃၃။ | လိုရာပြည့်ဝ ဓာရဏပရိတ်တော်နှင့် ပါဠိဖတ်နည်း ပုံသေနည်း | ၁ | ။ |
| ၃၄။ | ဝိဇ္ဇာနှင့် စရဏ | ၁ | ။ |
| ၃၅။ | မဲ့သော ပြုံးသော | ၁ | ။ |

တို့ ဖြစ်ပါသည်။ ဆက်လက်ရေးသားဆဲ ကျမ်းစာများမှာ

၁။ အာဠာဝကချုတ်ခန်း

၂။ ဒဏ်ဆယ်ပါး

၃။ ဗုဒ္ဓဓမ္မပြဿနာများ (၁၁)

စသည်တို့ ဖြစ်ပါသည်။

၇။ **တည်ထောင်ခဲ့သော စာသင်တိုက်များ**

**မွန်ပြည်နယ်၊** ဘီးလင်းမြို့နယ်၊ တောင်စွန်း၌ ဓမ္မဒူတ ဇေတာရစာသင်တိုက်ကို တည်ထောင်၍ ရှင်ရဟန်း ၉၀ ကျော်

တို့အား မူလ ငယ် လတ် ကြီး စာချတန်း စာဝါများကို သင်ကြားပို့ချလျက် ရှိပါသည်။

မှန်ပြည်နယ် ဘီးလင်းမြို့နယ် တောင်စုန်း၌ မဏိဇေယျ သီလရှင် စာသင်တိုက်ကို တည်ထောင်ကာ မူလ ငယ် လတ် ကြီး စာချတန်းတို့ကို သင်ကြားပို့ချလျက် ရှိပါသည်။

မဏိဇေယျ သီလရှင် စာသင်တိုက်၌ သီလရှင် ၅၀ ကျော် ရှိကာ ၁၃၅၀ ခုနှစ်၌ တစ်နိုင်ငံလုံးတွင် သီလရှင်အငယ်တန်း ပထမ၊ ၁၃၅၁ ခုနှစ်၌ တစ်နိုင်ငံလုံးတွင် မူလတန်း သီလရှင် ပထမ၊ ၁၃၅၂ ခုနှစ်၌ တစ်နိုင်ငံလုံးတွင် သီလရှင် အငယ်တန်း ပထမနှင့် အလတ်တန်း ပထမ ရရှိခဲ့ပါသည်။ ၁၃၅၃ ခုနှစ်၌ တစ်နိုင်ငံလုံးတွင် သီလရှင် အလတ်တန်း ပထမနှင့် အကြီးတန်း ပထမကို ရရှိခဲ့ပါသည်။

ဧရာဝတီတိုင်း ကျုံပျော်မြို့နယ်၌ အင်းရဲဓမ္မဒီပရိပ်သာကို တည်ထောင်ကာ ရှင်ရဟန်း၊ သီလရှင်များကို ပရိယတ် ပဋိပတ် သင်ပြလျက် ရှိပါသည်။ ရှင်ရဟန်း၊ ၁၀ ကျော်နှင့် သီလရှင် ၂၀ ကျော် ရှိပါသည်။ မူလ ငယ် လတ်များ အောင်ကြပါသည်။

မုဒုံမြို့၊ အမှတ် (၄) ကန်သာယာ ရပ်ကွက်၌ ဓမ္မဒူတ ကျောင်းတိုက်ကို တည်ထောင်ကာ ရှင်ရဟန်း ၂၀ ကျော် တို့အား ပရိယတ် သင်ပြလျက် ရိပ်သာဖွင့်ကာ တရားပြလျက် ရှိပါသည်။

၇။ ကြည်ညိုဖွယ်ရာ ထူးခြားသော ဂုဏ်ရည်များ

ဆရာတော်၏ ဟောပြောပြသမှုကြောင့် ဘာသာခြားများ စွာပင် ဗုဒ္ဓသာသနာဝင် ဖြစ်လာပြီး ခေတ်ပညာတတ်ဘွဲ့ရ ကျောင်းသူ ကျောင်းသား၊ ဆရာ ဆရာမများ၊ ရှင်ရဟန်း သီလရှင်အဖြစ်သို့ ကူးပြောင်းလာကြသည်။

ဆရာတော်၏ ဓမ္မဒူတ၊မဏိဇေယျ၊ဓမ္မဒီပ၊မုဒိုကန်သာယာ ကျောင်းတိုက်လေးတိုက်၌ခေတ်ပညာတတ်ဘွဲ့ရ ရဟန်း၊သီလ ရှင်တို့က ဆရာတော်၏ လက်ထောက်အဖြစ် တာဝန်ခွဲဝေ ယူကာ သာသနာပြုလျက် ရှိပါသည်။

ဆရာတော်သည် သာသနာတော်အတွက် အဓိကကျသော ဘုရားပွဲကြီးများ၊ စာပြန်စာမေးပွဲကြီးများ၊ အလှူပွဲကြီး များ၌ တရားဓမ္မ ဟောပြလျက်ရှိရာ ယနေ့အထိပင် ဖြစ်ပါ သည်။

ဆရာတော်သည် ဓမ္မာနုပဿနာ သတိပဋ္ဌာန်နည်းဖြင့် ၁၀ ရက်စခန်းများ ပြသလျက်ရှိရာ တစ်နှစ်၌ရှိသော ရက် ထက်ပင် များနေ၍ လက်ထောက် သုံးလေးပါးနှင့် တွဲဖက် ကာ ရက်အား မရှိသလောက်ပင် တရားပြလျက်ရှိရာ ယနေ့ အထိပင် ဖြစ်ပါသည်။

၈။ ထူးခြားသော မိန့်မှာချက်များ

သာသနာတော်၌နေသော သာသနာ့ဝန်ထမ်းဆိုတာ အမြဲ တမ်း ဝန်ထမ်းနေရမယ်၊ ဝန်ပေါ့နေလို့ မဖြစ်ဘူး။ သာ

သနာ့ တာဝန်ဆိုတာ သင်တာ ကျင့်တာပဲ၊ သင်ယူရင်း ကျင့်ရမယ်၊ ကျင့်ရင်းလဲ သင်ယူရမယ်။ မသင်မကျင့်လျှင် သာသနာ့ဝန်ထမ်း မဟုတ်ဘူး၊ သာသနာတော်နှင့် မထိုက်တန်ဘူး။

မိမိတို့အတွက် သင် ကျင့်ပြီးလျှင် အများအတွက် သာသနာ ပြုရမယ်၊ တစ်ကိုယ်ကောင်း ကြောင့်ကြမဲ့ မနေရဘူး၊ ဗုဒ္ဓဘုရားသည် ပရိနိဗ္ဗာန် ဝင်စံသည့်တိုင်အောင် သတ္တဝါများအတွက် အကျိုးဆောင်သွားသလို မိမိတို့လည်း သေသည့်တိုင်အောင် သာသနာ့အကျိုးကို သယ်ပိုးရွက်ဆောင်ကြပါဟု မိန့်ကြားလေ့ရှိပါသည်။

# မဂ္ဂင်ရှစ်ပေါ် ယာဉ်ပျံတော်

## နမော တော ပုရိသာဇည

တရားအမည်။ ။သာသနာတော် သက္ကရာဇ် ၂၅၂၄ ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၄၃ ခုနှစ် တန်ခူးလပြည့်ကျော် ၂ ရက်၊ နှစ်ဆန်း ၅ ရက်နေ့တွင် မွန်ပြည်နယ်၊ ပေါင်မြို့နယ်၊ ကျုံကရွာ၊ သပိတ်အိုင် တောရ၌ ပထမအကြိမ်အဖြစ် ကျင်းပအပ်သော ဓမ္မာနုပဿနာ သတိပဋ္ဌာန် ၁၀ ရက်စခန်း တရား အလုပ်ပေးပွဲ၌ ဟောကြားအပ်သော မဂ္ဂင်ရှစ်ပေါ် ယာဉ်ပျံတော် တရားတော်လို့ တရားတော်ရဲ့အမည်ကို ဒီလို ပေးလိုက်ပါ။

မဂ်နှင့်-မဂ္ဂင်။ ။ယောဂီ ပုဂ္ဂိုလ်တွေ တရားအားထုတ်တာဟာ မဂ်ကိုရချင်လို့ အားထုတ်ကြတာပါ။ အဲဒီ မဂ်ကိုရဖို့ရာ အားထုတ်တဲ့အခါ မဂ္ဂင်တရားကို အားထုတ်ရမှာပါ။ ဒါကြောင့် ယောဂီတို့ဟာ မဂ္ဂင် ငါးပါး၊ မဂ္ဂင် ရှစ်ပါးနှင့် မိမိတို့ လိုချင်လို့အားထုတ်ရမယ့် မဂ်အကြောင်းကို သေသေချာချာနားလည်ဖို့ လိုပါတယ်။

အဲဒီ မဂ်နှင့် မဂ္ဂင် အကြောင်းကို သေသေချာချာ နားမလည်ဘဲ တရားအားထုတ်နေကြမယ်ဆိုလျှင် အမှန်နည်းပါး

အမှားတွေများကာ မပင်ပန်းသင့်ဘဲနှင့် ပင်ပန်းမှုတွေ များပြား၊ မိစ္ဆာအမှားတွေ သက်ဝင်လာကာတော့ ပါတယ်။

**လယ်ယာကိရိယာ။** ။ဘာဖြစ်လို့လဲဆိုတော့ အခု ဒကာကြီးတို့ ယောဂီတွေထဲမှာ လယ်ယာလုပ်တဲ့ ပုဂ္ဂိုလ်တွေ၊ တောင်ယာလုပ်တဲ့ ပုဂ္ဂိုလ်တွေဟာ မိမိတို့ ကိုင်တွယ်အသုံးပြုပြီး လုပ်ကိုင်နေရမယ့် လယ်ယာကိရိယာဖြစ်တဲ့ ထွန်တို့ ထယ်တို့ ပေါက်တူး စသည့် ပစ္စည်းတွေရဲ့ သဘောသဘာဝကို မသိဘူး၊ မကိုင်တွယ်တတ်ဘူး၊ ကိုင်တွယ်မှု မကျွမ်းကျင်ဘူး၊ နားမလည်ဘူးဆိုလျှင် အဲဒီ လယ်သမားရဲ့ လယ်ယာဟာ ဘယ်လိုနည်းနဲ့မှ လယ်ယာကောင်း ဖြစ်မလာနိုင်ပါ၊ အသီးအနှံကောင်း မရနိုင်ပါ။

ဘာဖြစ်လို့ လယ်ယာကောင်း မဖြစ်နိုင်လဲ။ အဖြေက ရှင်းနေပါတယ်။ လယ်သမားကောင်း မဖြစ်နိုင်လို့ပါ။ ဘာဖြစ်လို့ လယ်သမားကောင်း မဖြစ်လဲ။ အဖြေက ရှင်းလို့။ လယ်ယာသုံးကိရိယာတွေကို ကိုင်တွယ်အသုံးပြုပုံ နားမလည်လို့ပါ။

ဒါဖြင့် လယ်ယာသမားဟာ လယ်ယာသုံး ကိရိယာဖြစ်တဲ့ ထွန်တယ် စသည်တို့ အကြောင်းကို နားလည် ကျွမ်းကျင်ပြီး ကိုင်တွယ် ထွန်ယက် စိုက်ပျိုးက လယ်ယာကောင်း ဖြစ်ပြီး အသီးအနှံကို လိုသလို အောင်မြင်စွာ ရနိုင်ပါတယ်။

အဲဒီမှာကြည့်လျှင် အသီးအနှံ အောင်မြင်စွာရမှု၊ မရမှုအပေါ်မှာ အဓိကအရေးကြီးသလဲ၊ လယ်သမားရဲ့ လယ်ယာကိရိယာများအပေါ်မှာ ကိုင်တွယ်အသုံးပြုမှု၊ နားလည်ကျွမ်း

ကျင့်စွာနဲ့ ထွန်ယက်လုပ်ကိုင်မှုအပေါ်မှာ ရာခိုင်နှုန်းပြည့် မှီနေပါတယ်။

**မဂ္ဂင်နားလည်ရမည်။** ။အေး....အဲဒီအတူပါပဲ၊ ယခု ယောဂီတို့ဟာ မဂ်ဖိုလ် နိဗ္ဗာန်ကို ရအောင် အလုပ်လုပ်ကြမယ့် အလုပ်သမားတွေပါ။ ဉာဏ အလုပ်သမားကြီးတွေပါ၊ အဲဒီ ဉာဏလုပ်သားကြီးတွေ ကိုင်တွယ် အသုံးပြုကြရမယ့် ကိရိယာတန်ဆာတွေ ရှိပါတယ်။

ယောဂီတို့ ကိုင်တွယ်အသုံးပြုကြရမယ့် ကိရိယာ တန်ဆာတွေက ဘာတွေလဲဆိုလျှင် မဂ္ဂင် ရှစ်ပါး အကျင့်တရားတို့ဖြစ်ပါတယ်။

မဂ်ဖိုလ် နိဗ္ဗာန်ရအောင် အလုပ်လုပ်ကြမယ့် ဉာဏလုပ်သားကြီးများဖြစ်တဲ့ ယောဂီတို့ဟာ မဂ္ဂင်ရှစ်ပါး အကျင့်တရားရဲ့အကြောင်း၊ မဂ္ဂင်ရှစ်ပါး အကျင့်တရားရဲ့ စွမ်းအင်သတ္တိတွေကို တစ်ပါးချင်း သေသေချာချာ သဘောပေါက် နားလည်သင့်ပါတယ်။

အဲဒီလို သဘောပေါက် နားလည်တော့မှ မိမိတို့ အလုပ်လုပ်မှု အားထုတ်မှုဟာ မဂ္ဂင်ရှစ်ပါး ဘောင်ဝင် မဝင်၊ မိမိတို့အကျင့်ဟာ မဂ္ဂင်ရှစ်ပါး အကျင့်တရားများ ဟုတ် မဟုတ်၊ မှန်မမှန် သိမှာ နားလည်မှာပါ။

အဲဒီလို အမှား အမှန် ခွဲခြား နားလည်ပြီး အားထုတ်ပါမှ၊ ကျင့်သုံးပါမှ အားထုတ်ပုံ အားထုတ်နည်း မှန်ကန်အချိုးကျပြီး ပင်ပန်းမှု၊ ဆင်းရဲမှု၊ ခက်ခဲမှု မရှိဘဲနဲ့ အေး

အေးချမ်းချမ်းကြည်ကြည်သာသာနဲ့ လိုရာခရီးဖြစ်တဲ့ မဂ်ဖိုလ် နိဗ္ဗာန်ကို အရောက်သွားနိုင်ပါလိမ့်မယ်။

ဒါကြောင့် ဉာဏလုပ်သား ယောဂီများအတွက် မသိမဖြစ် သိမှဖြစ်မယ့်၊ မရှိမဖြစ် ရှိမှဖြစ်မယ့် မဂ္ဂင်ရှစ်ဖော် ယာဉ်ပျံတော် တရားတော်ကို ဘုန်းကြီးတို့ ဒီကနေ့ ဟောကြနာကြရအောင်ပါ။

**စတုစက္ကံ ဝတ္တိယာနှ၊ ယာနံ ဗလ ပရိဂ္ဂဟံ။**

**ယာနာဝယ အမတံခေမံ၊ ကဿံ ပုရိသ ကာရိယံ**

**စတုစက္ကံ**၊ သမ္မတ္တိစက်၊ လေးချက် စုပေါင်း စက်ခေါင်း လေးခုရှိထသော။ **ဗလပရိဂ္ဂဟံ**၊ ရန်ပေါင်းခွင်းဖြိုး၊ ငါးဦးဗိုလ်တို့၊ ကိုယ်စီစောင့်ကြပ် အုပ်ချုပ်အပ်ထသော။ **ယာနံ**၊ အသွားလျင်လျင် အများတင်လည်း အားအင်ခိုင်ဖြိုး မဂ္ဂင်တည်းဟူသော ယာဉ်ပျံတော်ကြီးကို။ **ဝတ္တိယာနှ**၊ မတိမ်း မစောင်း လည်စေကြောင်းဖြင့်၊ ကောင်းစွာ အစဉ်၊ မောင်းကာ နှင်၍။ **အမတံခေမံ**၊ ဤဘက်မှာ ခန္ဓာ၊ အားလုံးသေ၍ ဟိုပြည်ရောက်မှ ဘေးကင်းရမည့် အမတ ခေါ် နေပြည်တော်သို့။ **ယာနာဝယ**၊ ကိလေသာဟူ ရန်သူတို့ ပစ်ဖောက်သည့် ဗုံး အခြောက်တို့ကို မကြောက်မနား အရောက် သွားခြင်းငှာ။ **ပုရိသ ကာရိယံ**၊ ယောကျ်ားမှန်က ပြုရဲရမည့် ကမ္မာ့လက်ရိုး၊ လုံ့လမျိုးကို၊ **ကဿံ**၊ ငါးဦး ဗိုလ်ချုပ်အဖော်လုပ်၍ မဆုတ်ရစေ ပြုလုပ်အံ့စေတော့သတည်း။

'သာဓု....သာဓု....သာဓု'

**စက်ခေါင်း လေးခု။** ။ ဘုန်းကြီးတို့ ပရိသတ်တွေ သတိထားပြီး အသိတရားနဲ့ နာကြပါ။ ယခု မဂ္ဂင်ရှစ်ဖော် ယာဉ်ပျံတော်ကြီး အကြောင်းကို ပြောပြပါမယ်။ မဂ္ဂင်ရှစ်ဖော် ယာဉ်ပျံတော်ကြီးမှာ 'စတုစက္က'....သမ္မတ္တိစက် လေးချက် စုပေါင်း စက်ခေါင်းလေးခုရှိထသော' လို့ ဆိုခဲ့တဲ့အတိုင်း စက်ခေါင်းလေးခုရှိပါတယ်။

ယခု လောကမှာ အသုံးပြုနေတဲ့ ယာဉ်အမျိုးမျိုးမှာ စက်ခေါင်း တစ်ခုတပ်၊ နှစ်ခုတပ်၊ သုံးခုတပ် စသည်ဖြင့် အမျိုးမျိုးရှိသလို မဂ္ဂင်ရှစ်ဖော် ယာဉ်ပျံတော်ကြီးမှာ စက်ခေါင်း ဘယ်နှစ်ခုတပ်ထားသလဲ ဆိုတော့ စက်ခေါင်း လေးခု တပ်ထားပါတယ်။

စက်ခေါင်း လေးခု တပ်ထားတဲ့ ယာဉ်မှာ စက်ခေါင်း လေးခုစလုံး မှန်မှန်ကန်ကန်အလုပ်လုပ်ပါမှ လည်ပါမှ ဒီယာဉ်ဟာ မိမိသွားလိုရာခရီးကို ဘေးမသီရန်မခ အန္တရာယ်မရှိ၊ချောမောစွာနဲ့ ရောက်နိုင်ပါတယ်။

စက်ခေါင်း လေးခုမှာ တစ်ခုခု ချွတ်ယွင်းလျှင် ဒီယာဉ် အသွား မမှန်တော့ပါ။ အေး....အဲဒီ အတူပါပဲ၊ မဂ္ဂင်ရှစ်ဖော် ယာဉ်ပျံတော်မှာသည်း စက်ခေါင်းလေးခုရှိရာ တစ်ခုခု ချွတ်ယွင်းလျှင် နိဗ္ဗာန်ခရီးသို့ အသွားမမှန်တော့ပါ။

**သမ္မတ္တိစက်။** ။သမ္မတ္တိစက် ဆိုတာဟာ ပြည့်စုံမှုစက်ကို ဆိုလိုပါတယ်။ အဲဒီစက်ရဲ့ ဆန့်ကျင်ဘက်က ဝိပတ္တိစက်ဖြစ်ပါတယ်။ ဝိပတ္တိစက်ဆိုတာ ပျက်စီးမှုစက်၊ စက်ပျက်ကို ခေါ်ပါ

တယ်၊ သမ္မတ္တိစက်က စက်ကောင်းပေါ့၊ဝိပ္ပတ္တိစက်က စက်ပျက်ပေါ့။

ယခုယောဂီတို့ တရားအလုပ် ကြိုးစား အားထုတ်ခွင့်ရအောင် ဘယ်စက်က ပေးနေသလဲဆိုရင် စက်ကောင်း ဖြစ်တဲ့ သမ္မတ္တိ စက်က ပေးတာပါ။ အဲဒီ သမ္မတ္တိ စက်ဆိုတဲ့ စက်ကောင်းဟာ ဘယ်နှစ်ခုရှိသလဲဆိုရင် လေးခုရှိပါတယ်။

ဘာတွေလဲဆိုလျှင်....

၁။ ပုဗ္ဗေ ကတပုညတာစက်၊
၂။ ပတိရူပ ဒေသဝါသစက်၊
၃။ သပ္ပုရိသူပ နိဿယစက်၊
၄။ အတ္တသမ္မာပဏိဓိစက်၊

တို့ဖြစ်ပါတယ်၊ အဲဒီလေးပါးအကြောင်းကို အကျဉ်းချုပ်ပြီး နားလည်ရုံ ပြောပြပါမယ်၊ သေသေချာချာ မှတ်သားနာကြားပါ....

၁။ ပုဗ္ဗေ ကတပုညတာစက်။ ။ဘုန်းကြီးတို့ပရိသတ်ဟာ ဒီဘဝသို့ မရောက်မီ ဟို အတိတ်ဘဝများစွာက ဘုရား၊ ပစ္စေက ဗုဒ္ဓါ၊ ရဟန္တာအရှင်မြတ် တွေရဲ့ အထံတော်မှာ ဒါန သီလ ဘာဝနာ အစရှိတဲ့ ကုသိုလ် ကောင်းမှုတွေကို နိဗ္ဗာန် ရည်မှန်းပြီး လှူဒါန်းဆောက်တည် ပွားများခဲ့ကြပါတယ်။

အဲဒီ ကုသိုလ်မျိုးကို ဒှေးကုသိုလ်လို့ ခေါ်ပါတယ်၊ ပါဠိလိုတော့ 'ပုဗ္ဗေ ကတပုညတာ'ပေါ့။ အခု ယောဂီတို့တစ်တွေ

ဟာ ဒီသပိတ်အိုင် တောရ ဆိုတဲ့တောတောင်ကြီးထဲမှာ လာရောက်ပြီး၊ဝိပဿနာ ဘာဝနာတရားတွေကို ရှုပွားအားထုတ်မှုပြုနိုင်အောင် အဲဒီ ရှေးကုသိုလ်တွေက ထောက်ပံ့လို့ အားထုတ်နိုင်တာပါ။

ပုဗ္ဗေစ ကတပုညတာ စက်ခေါင်းရှိလို့ အဲဒီ စက်ခေါင်းရဲ့လည်ပတ်မှုကြောင့် ဒီသပိတ်အိုင် တောရထဲ ရောက်လာပြီး ဝိပဿနာ ဘာဝနာတရား အားထုတ်နိုင်တယ်လို့ မှတ်ယူထားပါ။ အေး....အဲဒီလို ရှေးကုသိုလ် စက်ခေါင်း မရှိရင် ဒီလို တောရထဲ လာရောက်အားထုတ်ဖို့ဆိုတာ မပြောနဲ့ စိတ်ကူးမျှမဖြစ်ပါဘူး။

ဒါဖြင့် ကောက်နုတ်ချက် ချကြည့်တော့ ရှေးကုသိုလ်စက်ရှိတဲ့သူဟာ တရားနာကြား အားထုတ်ချင်တယ်၊ နာကြားအားထုတ်တယ်လို့ အဖြေပေါ်မလာဘူးလား။

'ပေါ်လာပါတယ် ဘုရား'

၂။ **ပတိရူပ ဒေသဝါသ စက်**။ ။အဲဒီ ရှေးကုသိုလ်စက်ဟာ အင်မတန် အရေးကြီးပါတယ်။ အဲဒီ စက်ကြောင့် ဘယ်လို စက်နဲ့ လာကြုံရသလဲ ဆိုရင် 'ပတိရူပ ဒေသဝါသ စက်'နဲ့ လာကြုံရပါတယ်၊ ဒီစက်ကို အလွယ် နားလည်အောင် ပြောရင် 'နေရာကောင်း၌ နေရခြင်း'လို့ ပြောနိုင်ပါတယ်။

ဘုန်းကြီးတို့ ပရိသတ်တွေမှာ ဒီလောကကို သတိထားပြီး လေ့လာကြည့်ရှုပါ။ တချို့ ကြီးပွားနိုင်တဲ့ အရည်အချင်းတွေ

ရှိတယ်။ နေရာကောင်း၌ မနေရလို့ မကြီးပွားတာတွေ အများကြီးတွေ့ရပါလိမ့်မယ်။

အေး.... ယောဂီတို့ လောကီရေးနဲ့ဖြစ်ဖြစ်၊ လောကုတ္တရာတရားရေးနဲ့ဖြစ်ဖြစ် လူတစ်ယောက်ရဲ့ ကြီးပွားရေးမှာ နေရာကောင်း၌ နေရခြင်းသည် ရာနှုန်းပြည့် အရေးကြီးပါတယ်။

နေရာကောင်း၌ မနေရလျှင် ကြီးပွားနိုင်တဲ့ အရည်အချင်းရှိငြားလည်း ကြီးပွားဖို့ အတော်ခက်ပါတယ်။ ရာနှုန်းပြည့် မကြီးပွားနိုင်ပါ။

ပုဂ္ဂိုလ်တစ်ယောက်ရဲ့ ကြီးပွားရေးမှာ နေရာကောင်း အရေးကြီးတော့ အဲဒီနေရာကောင်းကို ဘယ်သူ ပို့ပေးလဲ၊ အမိအဖ၊ ဆရာသမား၊ မိတ်ဆွေသင်္ဂဟမျှားက ပို့ပေးနိုင်ပါဘူး၊ ရှေးကုသိုလ်ကမှ ပို့ပေးတာပါ။ ဒါကြောင့် သမ္ပတ္တိစက် လေးချက်ထဲမှာ ရှေးကုသိုလ် ဆိုတဲ့ သမ္ပတ္တိစက်ဟာ အချုပ်အခြာ ပဓာနပါ။

ယခု ယောဂီတို့မှာ ရှေးကုသိုလ်စက်ကြောင့် နေရာကောင်း၌ နေရခြင်း ဆိုတဲ့ စက်နဲ့ လာပြီးတော့ ကြုံရတဲ့ ဆုံရတဲ့ အဖြစ်ကို ရပါတယ်။

ယခုခေတ်မှာ ယောဂီတို့ သတိထားကြည့်ရင် မြင်ပါတယ်၊ သိပါတယ်။ အချို့မှာ နေရာကောင်း ရောက်ချင်ကြတယ်၊ နေချင်ကြတယ်။ ဘယ်လိုမှ အခွင့်မပေးလို့ မရောက်ရ၊ မနေကြရပါ။

နေရာကောင်း မရောက်ကြရ၊ မနေကြရတော့ ကြီးပွား နိုင်တဲ့ အချည်အချင်းတွေ ရှိပါလျက်နဲ့ မကြီးပွားကြပါ။ ဒါကြောင့် နေရာကောင်း ရောက်ရေး ရရေးဟာ အင်မတန် အရေးကြီးပါတယ်။

ဒါဖြင့် ဈေးကုသိုလ်က အကြောင်း၊ နေရာကောင်း၌ နေရခြင်းက အကျိုးလို့ အကြောင်းအကျိုး မြဲပုံ၊ နိယာမ သဘောကို မှတ်သားပါနော်။

'မှန်ပါဘုရား'

ဘုန်းကြီးတို့ ဘုရားရှင်ရဲ့ တရားတော်တွေဟာ အကြောင်း အကျိုး မှန်ကန်ပါတယ်၊ မလွဲပါ။ ယခု ယောဂီတို့မှာ ဈေးကုသိုလ်စက်နှင့် နေရာကောင်း၌ နေရခြင်းဆိုတဲ့ စက် နှစ် ပါးနဲ့ ပြည့်စုံနေကြပါပြီ။

၃။ သပ္ပုရိသူပ နိဿယစက်။ ။ယောဂီတို့ နေရာ ကောင်း၌ နေရခြင်းဆိုတဲ့ စက်နဲ့ ပြည့်စုံတော့ နောက်ထပ် ဘာစက် ပြည့်စုံလာသလဲဆိုရင် သပ္ပုရိသူပ နိဿယစက်နဲ့ ပြည့်စုံလာပါတယ်။ ဒီစက်ကလည်း အင်မတန် အရေးကြီး ပါတယ်၊ မြန်မာလိုကတော့ 'သူတော်ကောင်း အမှီရခြင်း' လို့ ဆိုပါတယ်။

သူတော်ကောင်း ဆိုတာဟာ နေရာတကာမှာ မရှိနိုင်ပါ၊ မရနိုင်ပါ၊ နေရာကောင်းမှာမှ ရှိနိုင်ရနိုင်ပါတယ်။ ဘုန်းကြီး တို့ ဘုရားရှင်ဟာ ပစ္စန္တရာဇ်လို့ ခေါ်တဲ့ ရပ်ပြစ်ရှစ်ပါးတွင် တစ်ပါးအပါအဝင် အရပ်မျိုးမှာ မပွင့်နိုင်ပါ။

မပွင့်ရုံတင် မဟုတ်ပါ၊ အဲဒီ အရပ်မျိုးသို့ ညွှတ်အိပ်ညွှတ် နေပင် မကြွပါ။ အဲဒါကြောင့် နေရာကောင်းမှာ မနေရလျှင် သူတော်ကောင်း အမှီရဖို့ မလွယ်ပါ။

သူတော်ကောင်းအမှီ မရလျှင် သူတော်ကောင်း တရားကို မနာကြားနိုင်ပါ။ သူတော်ကောင်းတရားမှ မနာကြားရဘဲနဲ့ သူတော်ကောင်းတရားကို ရအောင် အားမထုတ်တတ်ပါ၊ အားမထုတ်နိုင်ပါ။ သူတော်ကောင်း တရားမှ အားမထုတ် တတ်၊ အားမထုတ်ပါလျှင် သူတော်ကောင်းတရား ဖြစ်တဲ့ မဂ် ဖိုလ် နိဗ္ဗာန် ဘယ်လိုလုပ် ရနိုင်ပါမလဲ။ မရနိုင်ပါ။

အဲဒီတော့ သမ္ပတ္တိစက် လေးချက်မှာ သူတော်ကောင်း အမှီရရေးဆိုတဲ့ စက်ဟာလည်း အင်မတန် အရေးကြီးတဲ့ စက်ခေါင်း တစ်ခုပါ။ ဒီစက်ကလည်း နေရာကောင်း၌ နေ ရမှ ရနိုင်ပါတယ်။

ဒါကြောင့် အကြောင်းအကျိုး အနေနဲ့ကြည့်ရင် နေရာ ကောင်း၌ နေရခြင်းက အကြောင်း၊ သူတော်ကောင်း အမှီ ရခြင်းက အကျိုးပါ။

ဘုန်းကြီးတို့ ဘုရားရှင်ဟာ သူတော်ကောင်းအပေါင်းတို့ရဲ့ ထိပ်ခေါင်၊ အကောင်းဆုံး သူတော်ကောင်းကြီးပါ။ အဲဒီ သူတော်ကောင်းကြီးဖြစ်တဲ့ ဘုရားရှင်ဟာ ၄၅ ဝါကာလ ပတ်လုံး အအားမနေ၊ အနားမနေဘဲ ကောင်းသော တရား စကားတွေကို ဟောကြားခဲ့ပါတယ်။

၄။ အတ္တသမ္မာပဏိဓိ စက်။ ။သူတော်ကောင်းနဲ့ တွေ့ဆုံပေါင်းသင်းရမှ သူတော်ကောင်းတရား နာကြား မှတ်သားအားထုတ်ရပါမယ်။ နာကြားမှတ်သား အားထုတ်ရမှ မိမိရဲ့ကိုယ်စိတ်ကို ကောင်းစွာ ထားနိုင်ပါမယ်။

အထူးသဖြင့် သူတော်ကောင်းတရားကို နာကြားအားထုတ်ရမှ အဆင့်မြင့်တဲ့ လုံးဝ ဖြူစင်တဲ့ စိတ်ကောင်း ထားနိုင်ပါမယ်။ ဘုရားရှင်ဟာ ဒီစိတ်ဖြူစင်ရေးကို အလေးပေးပြီး ဆုံးမ ဟောကြားခဲ့ပါတယ်။

ဒီစိတ်ဖြူစင်မှုဟာ အဆင့်ဆင့် ရှိပါတယ်။ နောက်ဆုံး အဆင့်ဟာ ရဟန္တာ အဆင့်ပါပဲ။ ရဟန္တာ ဖြစ်သွားရင် အကုသိုလ်ညစ်ကြေး၊ ကိလေသာညစ်ကြေးတွေ လုံးဝ မရှိတော့ပါ။ အဲဒီအခါမှာ မိမိရဲ့စိတ်ကို ကောင်းစွာထားခြင်း ဆိုတဲ့စက်ဟာ အပြည့်အစုံ ဖြစ်ပါတယ်။

ပြန်ပြီးတော့ ကြောင်းကျိုး ဆက်ပြီးတော့ ပြောရရင် တကယ်လိုချင်တာက အတ္တသမ္မာပဏိဓိစက်ပါပဲ။ ဒီစက်က အကျိုးပါ။ အဲဒီအကျိုးရဲ့ အကြောင်းက သူတော်ကောင်းအမှီရပြီး သူတော်ကောင်းတရား နာရမှုပါ။

အေး.... စက်ခေါင်းလေးခုကို ကိုယ့်ဘာသာကိုယ်ပဲ ပြန်ပြီးတော့ ကြောင်းကျိုးအဆင့်ဆင့် ဆက်ကြည့်ပါတော့။ စက်လေးပါးမှာ အဓိက အကြောင်းရင်းစက်ဟာ ရှေးကုသိုလ်စက်ပါ။ ဒီဘက်ဘဝအတွက် ရှေးကုသိုလ်စက်ဟာ အဓိကအကြောင်းဖြစ်သလို ယခု ယောဂီတွေပြုတဲ့ ကုသိုလ်တွေဟာ နောက်နောင် ဘဝအတွက် ရှေးကုသိုလ်ဖြစ်ပါလိမ့်မယ်။

ယခု ပြောခဲ့တဲ့ စက်ခေါင်းလေးခု ပြည့်စုံပါလျှင် ဒီဘဝမှာ တရားရနိုင်ပါတယ်။ အေး ဒီဘဝမှာ တရားရနိုင်တယ်ဆိုတော့ အားမထုတ်ဘဲတော့ မရနိုင်ပါ။ အားထုတ်မှ ရနိုင်ပါတယ်။

အားထုတ်တဲ့အခါမှာ အနှေးအမြန်တော့ ကွာခြားပါတယ်။ ရှေးကုသိုလ်အားကောင်းရင် ယခုဘဝမှာ ကြိုးစားရင် မြန်မြန်ရမယ်ပေါ့။ ရှေးကုသိုလ် အားကောင်းသော်လည်း မကြိုးစားရင် နှေးနှေးမှရမှာပေါ့၊ ရှေးကုသိုလ်အားကောင်း သော်လည်း အားမထုတ်က မရနိုင်ပါ။

ရှေးကုသိုလ် အားနည်းသော်လည်း ယခုဘဝမှာ ကြိုးစား အားထုတ်ရင် ရနိုင်ပါတယ်၊ ရှေးကုသိုလ်က အားနည်းတယ်၊ ယခုဘဝလည်း အားမထုတ်ဘူးဆိုရင်တော့ ဘယ်လိုမှ မရနိုင်ပါ။

ဣန္ဒြေအနုအရင့်။ ။ဘုရားရှင်တို့ တရား ဟောတဲ့အခါ ဣန္ဒြေအနုအရင့်ကို ကြည့်ကာ ဟောပြောလေ့ ရှိပါသည်။ ဣန္ဒြေရင့်မှ ဟောပါသည်၊ ဣန္ဒြေနုသေးက မဟောသေးဘဲ ဣန္ဒြေရင့်ကျက်သည့် တိုင်အောင် စောင့်ဆိုင်း နေပါတယ်၊ ဒါကြောင့် ဘုရားရှင်တို့ တရားဟောတိုင်း ဟောတိုင်း ကျွတ်တမ်းဝင်ကြပါတယ်။

အဲဒီဣန္ဒြေအနုအရင့်ကို သိတဲ့ဉာဏ်ကလည်း ဘုရားရှင်တို့မှာသာ ရှိပါတယ်၊ ရှင်သာရိပုတ္တ၊ ရှင်မဟာမောဂ္ဂလာန်တို့မှာတောင် မရှိကြပါ၊ ဘုန်းကြီးတို့မှာတော့ ဘယ်မှာ ဆိုဖွယ်ရာ ရှိအံ့နည်း၊ အဲဒီ ဣန္ဒြေ ငါးပါးက ဘာတွေလဲဆိုတော့-

၁။ သဒ္ဓိန္ဒြေ
၂။ ဝီရိယိန္ဒြေ
၃။ သတိန္ဒြေ
၄။ သမာဓိန္ဒြေ
၅။ ပညိန္ဒြေ

တို့ ဖြစ်ပါတယ်။ အဲဒီ ဣန္ဒြေ ငါးပါး ရင့်ကျက်လျှင် တရား အထူးရနိုင်ပါတယ်၊ ယောဂီတို့မှာ တရားအထူးရဖို့ရာ သမ္မတ္တိ စက်လေးပါးနဲ့ ပြည့်စုံနေကြပါတယ်။ ဣန္ဒြေရင့်တယ် မရင့်ဘူး ဆိုတာတော့ ယောဂီတို့မသိနိုင်ပါ၊ အားထုတ်ကြည့်မှ သိနိုင် ပါတယ်။

ယခုလို အားထုတ်နေရင်း ဣန္ဒြေမရင့်ကျက်သေးက ရင့် ကျက်လာမယ်ပေါ့၊ ဣန္ဒြေရင့်ကျက်ပါက တရားရမယ်ပေါ့။ အေး ဣန္ဒြေရင့်ကျက်ဖို့ဆိုတာ အလိုလိုရင့်ကျက်မှာမဟုတ်ပါ၊ ကိုယ်က ရင့်ကျက်အောင် ကြိုးစားမှ ရင့်ကျက်မှာပါ။

အဲဒီမှာ ဣန္ဒြေရင့်ကျက်တာနဲ့ ပတ်သက်လို့ ဘယ်လို ဟော ထားလဲဆိုတော့-

၁။ သဒ္ဓါတရား အားကောင်းရင် သဒ္ဓိန္ဒြေ ရင့် ကျက်တယ်။
၂။ ဝီရိယတရား အားကောင်းရင် ဝီရိန္ဒြေရင့်ကျက် တယ်။
၃။ သတိတရား အားကောင်းရင် သတိန္ဒြေ ရင့် ကျက်တယ်။

၄။ သမာဓိတရား အားကောင်းရင် သမာဓိခြေ ရှင့်ကျက်တယ်။

၅။ ပညာတရား အားကောင်းရင် ပညိန္ဒြေ ရင့်ကျက်တယ်။

လို့ခေါ်ပါတယ်။ အဲဒီ ဣန္ဒြေတွေက ဘာမှမလုပ်ဘဲနဲ့တော့ အလိုလို အားမကောင်းနိုင်ပါ။ အားကောင်း လာအောင် ကြိုးစားပြီးတော့ ကျင့်ကြံကြိုးကုတ် အားထုတ်ယူရပါမယ်။ ကြိုးစားပြီးတော့ ကျင့်ကြံကြိုးကုတ် အားထုတ်မှု မရှိဘဲနဲ့ တော့ ဘယ်လိုနည်းနဲ့မှ ဣန္ဒြေမရင့်ကျက်နိုင်ပါ၊ အားမကောင်း နိုင်ပါ။

ယခုယောဂီတို့မှာ သမ္မတ္တိစက် လေးချက် ပြည့်စုံနေပြီဖြစ်တဲ့ အတွက် ဣန္ဒြေရင့်ကျက်ဖို့ပဲ လိုပါတော့တယ်၊ ဣန္ဒြေရင့်ကျက် လျှင် တရားရဖို့ပဲ ရှိပါတော့တယ်။

ဗိုလ်ငါးဦး အုပ်ချုပ်။ ။ဣန္ဒြေ ရင့်ကျက်တဲ့ ယောဂီတို့ ဟာ စက်ခေါင်း လေးခုနဲ့ ပြည့်စုံတဲ့ မဂ္ဂင်ရှစ်ဖော် ယာဉ်ပျံ တော်ကြီးကို စီးသွားရင် နိဗ္ဗာန်ရောက်ဖို့ပါပဲ။ အဲဒီ မဂ္ဂင် ရှစ်ဖော် ယာဉ်ပျံတော်ကြီးမှာ ဗလပရိက္ခာ၊ 'ရန်ပေါင်းခွင်းဖြို ငါးဦးဗိုလ်တို့ ကိုယ်စီစောင့်ကြပ် အုပ်ချုပ်အပ်ထသော' လို့ ဆိုတဲ့အတိုင်း ဗိုလ် ငါးဦး အုပ်ချုပ်နေတယ်။

ယောဂီတို့ ယခု သပိတ်အိုင်တောရထဲမှာ တရားအားထုတ် နေရတာ ဘာမှကြောက်စရာမရှိတော့ပါ။ ယောဂီတို့ စီးနင်း လိုက်ပါနေတဲ့ မဂ္ဂင်ရှစ်ဖော် ယာဉ်ပျံတော်ကြီးမှာ ဗိုလ် ငါးဦး

အုပ်ချုပ်နေတဲ့အတွက် ယောဂီတို့ရဲ့ အခဖော်၊ ယောဂီတို့ရဲ့ အစောင့်အရှောက်ဟာ ဗိုလ်ငါးဦးပါ။

ဗိုလ် ငါးဦးက ဘယ်ကွာလဲဆိုတော့

၁။ သဒ္ဓါဗိုလ်

၂။ ဝီရိယဗိုလ်

၃။ သတိဗိုလ်

၄။ သမာဓိဗိုလ်

၅။ ပညာဗိုလ်

တို့ ဖြစ်ပါတယ်။ ယောဂီတို့ဟာ အဲဒီဗိုလ်ငါးဦးကို အဖော်လုပ်ပြီး အားထုတ်ရမှာ၊ ဒီဗိုလ်ငါးဦးရဲ့ သတ္တိက ဘယ်လိုလဲဆိုတော့

၁။ သဒ္ဓါဗိုလ်က ရတနာသုံးတန် ပစ္စုပ္ပန်နှင့် ကံနှင့် ကံအကျိုးကို အားကြီးစွာ ယုံကြည်မှုဖြစ်၍ မယုံကြည်မှုကို ပယ်ဖျက်ပါတယ်။

၂။ ဝီရိယဗိုလ်က လွန်စွာကြိုးစားအားထုတ်မှုဖြစ်၍ မကြိုးစားချင်ခြင်း၊ ပျင်းရိခြင်းကို ပယ်ဖျက်ပါတယ်။

၃။ သတိဗိုလ်က မမေ့လျော့ခြင်း၊ အောက်မေ့ အမှတ်ရခြင်းဖြစ်၍ မေ့လျော့ခြင်းကို ပယ်ဖျက်ပါတယ်။

၄။ သမာဓိဗိုလ်က အားကြီးစွာ တည်ကြည်ခြင်းဖြစ်၍ မတည်ကြည်မှု၊ ပျံ့လွင့်မှုကို ပယ်ဖျက်ပါတယ်။

၅။ ပညာဗိုလ်က အဟုတ်အမှန်ကို ထိုးထွင်းသိမြင်မှု ဖြစ်၍ မသိမှုကို ပယ်ဖျက်ပါတယ်။

အဲဒီဗိုလ်ငါးဦးဟာ မဂ္ဂင်ရှစ်ဖော်ယာဉ်ပျံတော်မှာ အုပ်ချုပ်နေပါတယ်။ အဲဒီဗိုလ်ငါးဦးကို အဖော်ပြုပြီး မဂ္ဂင်ရှစ်ဖော် ယာဉ်ပျံတော်ကို စီးရမှာပါ။

သဒ္ဓါဗိုလ်ကို အဖော်ပြုပြီး တရားအားထုတ်ရင် တရားတော်အပေါ်မှာ မယုံကြည်မှုဆိုတာ မလာပါ။ သတိဗိုလ်ကို အဖော်ပြုပြီး အားထုတ်ရင် မေ့လျော့မှုဆိုတာ မလာပါ။ ဝီရိယဗိုလ်ကို အဖော်ပြုပြီး အားထုတ်ရင် ပျင်းရိမှုဆိုတာ မလာပါ။ သမာဓိဗိုလ်ကို အဖော်ပြုပြီး အားထုတ်ရင် ပျံ့လွင့်မှု မတည်ကြည်မှုဆိုတာ မလာပါ။ ပညာဗိုလ်ကို အဖော်ပြုပြီး အားထုတ်ရင် မသိမှုဆိုတာ မလာပါ။

မဂ္ဂင်ရှစ်ဖော် ယာဉ်ပျံတော်မှာ ဗိုလ်ငါးဦး အုပ်ချုပ်နေတယ်။ ယောဂီတို့ အဖော်လုပ်ရမှာလဲ ဗိုလ်ငါးဦးပါ။ ယောဂီတို့ဟာ မိမိတို့အဖော်လုပ်ရမှာကို မသိသင့်ဘူးလား။ သိသင့်လား။

'သိသင့်ပါတယ် ဘုရား'

အေး ယောဂီတို့၊ ယခု သပိတ်အိုင်တောရ ကြီးထဲမှာ လာပြီး မကြာက်မထိတ်လန့်ဘဲနဲ့ ရဲတင်းစွာ အားထုတ်နိုင်တာ ဘယ်သူအဖော်ရှိလို့လဲ။

'ဗိုလ်ငါးဦး အဖော်ရှိလို့ပါ ဘုရား'

အေး အဲဒီဗိုလ်ငါးဦးသာ အဖော်မရှိရင် ရွာနဲ့ ဒီလောက် ဝေးတဲ့၊ ကျားတွေတောင်ရှိတဲ့ ဒီတောနက်ကြီးထဲမှာလာပြီး အားထုတ်နိုင်ကြပါ့မလား။

'အားမထုတ်နိုင်ပါ ဘုရား'

ဘုန်းကြီးတို့ သပိတ်အိုင်တောရ ဆရာတော်ဘုရားကြီး ဟာ ဒီတောကြီးထဲမှာ ပကတိ အဖော်မမှီး တစ်ပါး ထီး တည်း ဗိုလ်ငါးဦးသာ အဖော်လုပ်ပြီး အားထုတ် သွားတာ နှစ်ပေါင်း ၄၀ ကျော်ပါတယ်။

အသွားလျှင်သည်။ ။ယောဂီတို့အဖော်တွေဟာ ကိလေသာ ရန်သူတွေကို တိုက်ခိုက်ရာ၌ မတုန်မလှုပ်၊ ကြံ့ကြံ့ခိုင်ခံ့ တည်တံ့တဲ့ ဗိုလ်တွေပါ။ ဒီဗိုလ်တွေ အုပ်ချုပ်တဲ့ ယာဉ်ပျံ ကြီး စီးသွားတဲ့အခါမှာ ဒီယာဉ်ပျံထော်ကြီးက 'အသွား လျှင်လျှင် အများတင်လည်း အားအင်ခိုင်မြဲ မဂ္ဂင်တည်းဟူ သော ယာဉ်ပျံတော်ကြီးကို' လို့ ဆိုတဲ့အတိုင်း အသွား အင်မတန် လျင်မြန်ပါတယ်။

ဘယ်လောက်လျင်မြန်သလဲ၊ သွားဖို့ ရောက်ဖို့ရာ အင် မတန် ခဲယဉ်းလှတဲ့ နိဗ္ဗာန်ကို မဂ္ဂင်ရှစ်ဖော် ယာဉ်ပျံတော် ကြီးကို စီးသွားပါက တစ်ခဏအတွင်း ရောက်နိုင်ပါတယ်၊ တစ်ထိုင်အတွင်း ရောက်နိုင်ပါတယ်၊ တရားပွဲအဆုံးမှာ ရောက် နိုင်ပါတယ်။ အဲဒီလောက် လျင်မြန်ပါတယ်။

ပကတိ ခရီးခြေကျင်သွားသလို ခြေနဲ့သွားလို့၊ လှည်း

ယာဉ်၊ လှေယာဉ်၊ သင်္ဘောယာဉ်၊ ရထားယာဉ်၊ လေယာဉ်၊ ဒုံးပျံယာဉ်တွေ စီးသွားလို့တော့ နိဗ္ဗာန်ကို မရောက်နိုင်ပါ။

**အများတင်နိုင်ပါတယ်။** ။ယောဂီတို့၊ အဲဒီမဂ္ဂင်ရှစ်ဖော်ယာဉ်ပျံတော်ကြီးဟာ အသွားလျင်သလောက် အများကြီးလဲ တင်နိုင်ပါတယ်။ အချို့ယာဉ်တွေဟာ အသွား လျင်တယ်၊ အများမတင်နိုင်ပါ။ ဒီမဂ္ဂင်ရှစ်ဖော် ယာဉ်ပျံတော်ကြီးကတော့ အသွားလဲ လျင်ပါတယ်။ အများကြီးလဲ တင်နိုင်ပါတယ်။

အချို့ယာဉ်တွေဟာ အများကြီးတင်ရင် အသွားမလျင်တော့ပါ၊ အသွားနှေးသွားပါတယ်၊ အသွား ဆုတ်ဆိုင်းသွားပါတယ်၊ တစ်ခါတစ်ခါ ရပ်ရပ်သွားပါတယ်။ မသွားနိုင်လို့ တွန်းပေးရတာလည်း ရှိပါတယ်။ မဂ္ဂင်ရှစ်ဖော် ယာဉ်ပျံတော်ကြီးကတော့ ဒီလိုမဟုတ်ပါ၊ အသွားမြန်ပါတယ်၊ မနှေးပါ၊ မဆုတ်ဆိုင်းပါ၊ မရပ်ပါ၊ တွန်းမပေးရပါ။

တခြားသော ယာဉ်တွေဟာ နှစ်ပေါင်းများစွာ မခံပါ။ ခဏတာနှစ်အတွင်းမှာ ပျက်စီးချို့ယွင်းသွားပါတယ်။ မဂ္ဂင်ရှစ်ဖော် ယာဉ်ပျံတော်ကြီးကတော့ အားအင်ခိုင်ဖြိုး မပျက်စီးဘဲ တည်နေတာ ယခုဆို ၂၅၂၄ နှစ် ရှိပါပြီ။

**မတိမ်းစောင်းစေရ။** ။ယောဂီတို့ ယခုလို လျှောင်း၊ထိုင်၊ ရပ်၊ သွား လေးပါးဣရိယာ မျှတစွာနဲ့ တရားအားထုတ်နေတာကို မဂ္ဂင်ရှစ်ဖော် ယာဉ်ပျံတော်စီးတယ်လို့ ခေါ်ပါတယ်။ ပကတိယာဉ် ဘယ်ယာဉ်ပဲဖြစ်ဖြစ် စီးတဲ့အခါ မတိမ်း

စောင်းစေရသလို ဒီမဂ္ဂင်ရှစ်ဖော် ယာဉ်ပျံတော်ကြီးကို စီးတဲ့ အခါမှာလဲ မတိမ်းစောင်းစေရပါ။

ပကတိယာဉ်စီးတဲ့အခါမှာ တိမ်းစောင်းမှောက်သွားလျှင် ဒုက္ခများသလို မဂ္ဂင်ယာဉ်စီးတဲ့ အခါမှာလဲ တိမ်းစောင်း မှောက်သွားလျှင် ဒုက္ခများပါတယ်။

ယောဂီတို့ ယခုလို ထိုင်အားထုတ်တဲ့အခါမှာ ကိုယ်ဟာ ဖြောင့်မတ်တည်ငြိမ်နေရပါတယ်။ ကွေးကောက်တိမ်းစောင်း မနေရပါ။ လဲကွဲမသွားရပါ။ မှောက်လန် မသွားရပါ။

ကွေးကောက်သွားမယ်၊ တိမ်းစောင်းသွားမယ်၊ လဲကွဲ သွားမယ်။ မှောက်လန်သွားမယ်ဆိုရင် မဂ္ဂင်ယာဉ်ပေါ်က လိမ့်ကျသွားပါပြီ။ မဂ္ဂင်ယာဉ်စီးသူ မဟုတ်တော့ပါ။ အဲဒီ ယောဂီမှာ ဗိုလ်ငါးဦး အဖော်မရှိတော့ပါ။ ဣန္ဒြေလည်း မလုံခြုံတော့ပါ။ ဣန္ဒြေဖောက်ပြန် သွားပါပြီ။ ဣန္ဒြေပျက်စီး သွားပါပြီ။

ဒါကြောင့် ဘုန်းကြီးတို့ယောဂီတွေ တရားအားထုတ်တဲ့ အခါမှာ ကိုယ်မလှုပ်ပါစေနဲ့၊ ကိုယ့်သဘောနဲ့ မယိမ်းမယိုင်ပါစေနဲ့၊ သူ့သဘာဝလှုပ်တာ ယိမ်းယိုင်တာကိုလည်း မခြောက်ပါနဲ့၊ သတိထားပြီး အသိတရားနဲ့ ပေးထားတဲ့ မူလကမ္မဋ္ဌာန်း ဖြစ်တဲ့ ထွက်လေ ဝင်လေရဲ့ ထွက်ဝင်တဲ့အခါ တိုးသဘော တွန်းသဘော၊ ထိသဘော၊ ပူသဘော အေးသဘော၊ လှုပ်သဘော ရွေ့သဘော၊ တစ်မျိုး တစ်မည်ဖြစ်သဘော တို့တွင် မိမိတို့ အသိဉာဏ် ထင်ရှားတဲ့ သဘောတရား တစ်ခုခုကို အသိကပ်ခါ သတိကပ်ခါ ရှုပ်-ရှုပ်လို့ ရှုပါလို့ ခိုင်းတာပါ။

အကယ်၍ ယောဂီ ပုဂ္ဂိုလ်တစ်ယောက်ဟာ ရှုပွား အား ထုတ်နေရင်းနဲ့ လဲကျသွားရင် အဲဒီယာဉ်ပေါ်က လိမ့်ကျ သွားတာပဲ။ တားလက်လွှတ်သွားပြီ။ သတိ လက်လွှတ်သွား ပြီ။ မေ့တာဝင်သွားပြီ။ မဂ္ဂင်ယာဉ်ပေါ်မှာ နေရင် အသိ၊ သတိ အမြဲရှိနေရမယ်၊ လဲမကျရပါ။

ရှုပွားနေစဉ် အသက်ရှူခြင်းကြောင့် ကိုယ်မလှုပ်စေရပါ။ ခေါင်းသည်း မလှုပ်စေရပါ။ ကိုယ်ဟာ အထက်တက်ချည် အောက်ဆင်းချည် နိမ့်တုံမြင့်တုံလဲ မဖြစ်စေရပါ။ ကိုယ်ဟာ တည်ငြိမ် ဖြောင့်မတ်နေရပါမယ်။

တည်ငြိမ်ဖြောင့်မတ်နေရမယ်ဆိုတော့ ကိုယ်ကိုတင်းတောင့် ပြီး ချုပ်မထားရပါ။ ကိုယ်ကို မတင်းမတောင့်စေရပါ၊ ချုပ် မထားရပါ။ မျှမျှတတ သက်သက်သာသာ ချမ်းသာစွာ ရှိရ ပါမယ်။ သိပ်ပြီးတော့လည်း ပျော့ခွေပြီး မနေစေရပါ။

ကိုယ်ကနေကိုယ်ထား မျှတ သက်သာ ချမ်းသာစွာနေပြီး စိတ်ကိုသည်း အပူပင် အကြောင့်အကြ အတောင့်အတင်း ကင်းစင်စေပြီး အရှုခံ အာရုံ တိုးသတော၊ တုန်းသတော၊ ထိ သတော၊ ပူသတော၊ အေးသတော၊ လှုပ်သတော၊ ရွေ့ သတော တစ်မျိုးတစ်မည်ဖြစ်သတော တစ်ခုခုအပေါ်မှာ ကပ် ထားရပါမယ်။

ကိုယ်စိတ်နှစ်ပြာ သက်သာချမ်းသာစွာ နေထိုင်ပြီး အရှုခံ အာရုံရဲ့သဘောကိုသိအောင် သတိထားပြီး အသိတရားနဲ့ ရှုကြည့်နေရပါမယ်။ အဲဒီလို ရှုကြည့်နေရင် မဂ္ဂင်ယာဉ်ကြီး

ဟာ မတိမ်းမစောင်းပါ။ မတိမ်းမစောင်းစေဘဲ လည်စေတယ်။ မတိမ်းမစောင်းစေဘဲ မောင်းတယ်လို့ ခေါ်ပါတယ်။

မဂ္ဂင်ယာဉ် မောင်းနေတယ်။ ။ယောဂီတို့ဟာ ဒီသပိတ်အိုင်တောကြီးထဲမှာ လာပြီးတော့ မဂ္ဂင်ယာဉ်ကြီးကို တက်စီးမောင်းနှင်နေကြတာပါ။ မဂ္ဂင်ယာဉ်ဆိုတာ တခြားမဟုတ်ပါ၊ ယောဂီတို့ကိုယ်ခန္ဓာကြီးပဲ ဖြစ်ပါတယ်။

ယောဂီတို့ကိုယ်ခန္ဓာမှာ သေသေချာချာ ရှုကြည့်ရင် ရုပ်ရယ် နာမ်ရယ်လို့ နှစ်မျိုးရှိပါတယ်။ တစ်နည်းပြောရင် ကိုယ်ရယ် စိတ်ရယ်လို့ နှစ်မျိုးရှိပါတယ်။

တရားအားထုတ်နေတယ်ဆိုတာ မဂ္ဂင်ယာဉ်ကြီးကို မောင်းနေတယ်လို့ ခေါ်ပါတယ်။ သို့မဟုတ် မဂ္ဂင်ယာဉ်ကြီးစီးနေရတယ်လို့ ခေါ်ပါတယ်။ ဒီလိုစီးတဲ့အခါ စီးကောင်းမကောင်းကြည့်ပါ။ ကြည့်တဲ့အခါ ကိုယ်ကိုလည်း ကြည့်ပါ၊ စိတ်ကိုလည်း ကြည့်ပါ။ သူ့သဘော သူဆောင်မယ်ဆိုပြီး လျစ်လျူရှု မထားရပါ။

သူ့သဘော သူဆောင်မယ်ဆိုပြီး လျစ်လျူရှုထားရင် အကုသိုလ်သဘောတွေသာ ဖြစ်နေတတ်ပါတယ်။ ယောဂီတို့လှည်းမောင်းတာ မြင်ဖူးကြပါတယ်။ လှည်းမောင်းသမားဟာ သူ့သဘောသူ ဆောင်မယ်ဆိုပြီး လျစ်လျူရှုထားရင် လှည်းမှောက်မှာ သေချာပါတယ်။

လှည်းသမားဟာ နွားနှစ်ကောင်ရဲ့ အလိုအပိုကိုကြည့်ပြီး ညှိပြီးတော့ မောင်းရပါတယ်။ မညီရင် ညှိပေးရတယ်၊ ညှိ

ရင်း ထိုင်လိုက်သွားတယ်။ ဘေးဆွဲချရင် လမ်းပေါ် ပြန်မောင်းတင်တယ်။ လမ်းပေါ်ရောက်ရင် ဆက်မောင်းတယ်။ အဲဒီလိုနဲ့ လိုရာခရီးဆုံးသို့ ရောက်ပါတယ်။

ယခုလည်း ယောဂီတို့ဟာ ရှုပွားသောအားဖြင့် မဂ္ဂင်ယာဉ်ကြီးကို မောင်းနှင်နေတဲ့အခါ ကိုယ်ဘက်ကလိုရင် ကိုယ်ကို ပြင်ပေးပါ၊ စိတ်ဘက်ကလိုရင် စိတ်ကိုပြင်ပေးပါ။ ကိုယ်နှင့်စိတ် ညီညွတ်မျှတနေရင် ဆက်ရှုပွားပါ။

ကိုယ်ဘက်က လျော့ရဲသွားမယ်ဆိုရင် ယာဉ်အသွား မမှန်တော့ပါ။ ကိုယ်တွေ သိပ်ပြီးတောင့်တင်းနေတယ်ဆိုရင်လည်း ယာဉ်သွားမမှန်တော့ပါ။ ကိုယ်နေကိုယ်ထားဟာ မတောင့်လွန်း မတင်းလွန်း အစွန်းနှစ်ဖက်လွတ် မျှမျှတတချမ်းချမ်းသာသာ ရှိရပါမယ်။ ကိုယ်ချမ်းသာမှ စိတ်ချမ်းသာပါတယ်။

စိတ်ချမ်းသာမှ ရှုပွားအားထုတ်လို့ အဆင်ပြေပါတယ်။ တရားအားထုတ်တဲ့နေရာမှာ တစ်ဖက်စွန်းကို ရောက်တတ်ပါတယ်။ ဣရိယာပထသုခသေဝနတာ ချမ်းသာတဲ့ ဣရိယာပုတ်ကို မှီဝဲရမယ်လို့ ပရိယတ် စည်းကမ်းရှိပါတယ်။ တစ်ဖက်စွန်း မရောက်စေရပါ။

စိတ်ကိုလည်း ကြည့်ပါ။ စိတ်ကိုလည်း တအားကြီးစူးစူးစိုက်စိုက် ဖြစ်မနေရပါ။ ရှုစိတ်က သိပ်စူးစိုက်လွန်းအားကြီးရင်လည်း မဂ္ဂင်ယာဉ်ကြီး အသွားမမှန်ပြန်ပါဘူး။

ရှုစိတ် စူးစိုက်လွန်းအားကြီးရင် စိတ်နောက်သို့ ရုပ်က

မလိုက်နိုင်ဘဲ အာရုံကြောတွေ တင်းတောင့်ထူပူလာတတ်ပါတယ်။ ကိုယ်တွေလက်တွေ တောင့်တင်း လာတတ်ပါတယ်။ အံကြိတ်ထားတတ်ပါတယ်။ အဲဒီအခါ အင်မတန် ပင်ပန်းပါတယ်။

အဲဒီလို အားထုတ်တဲ့အခါ အားထုတ်စဉ်လည်း ပင်ပန်းပါတယ်။ အားထုတ်ပြီးသွားပြန်ရင်လည်း ခြေကုန် လက်ပန်းကျပြီး ယောဂီဟာ နွမ်းနယ်သွားတတ်ပါတယ်။ အဲဒီလို ဖြစ်တာဟာ အားထုတ်မှု တစ်ဖက်စွန်းရောက်လို့ ဖြစ်တာပါ။

တင်းတောင့်လွန်းအား ကြီးလို ပင်ပန်းပါတယ်ဆိုပြီး ကိုယ်တွေ စိတ်တွေ သိပ်ပြီးလျော့ထားပြန်လည်း တောင်တွေး မြောက်တွေး အိုးရောက်အိမ်ရောက်၊ တောရောက် တောင်ရောက် ငိုက်မျဉ်း တွေဝေနေပြန်ရင်လည်း မဂ္ဂင်ယာဉ်ကြီး အသွားမမှန် ပြန်ပါဘူး။

ဒါကြောင့် ယောဂီတို့ ကိုယ်နေကိုယ်ထားဟာ မတောင့်လွန်း မတင်းလွန်း ဖြစ်ရမယ်။ စိတ်နေ စိတ်ထားကလည်း မစူးစိုက်လွန်း မလျော့လွန်း ဖြစ်ရမယ်။

**ထိုင်ကြည့်နေသလို။** ။ရုပ်ပွား အားထုတ်တဲ့အခါမှာ လူတစ်ယောက် အလုပ်လုပ်နေတာကို သိချင်တဲ့သဘောနဲ့ လေ့လာတဲ့ သဘောနဲ့ ထိုင်ကြည့်နေသလို အသိုက်သင့်ကလေးပဲ ထွက်လေဝင်လေ ထွက်ဝင်တဲ့အခိုက်မှာ တိုးတဲ့သဘော၊ တွန့်တဲ့သဘော၊ ထိတဲ့သဘော၊ ပူသဘော၊ အေးသဘော၊ လှုပ်

တဲ့သဘောတွေ၊ ရွေ့တဲ့သဘောတွေ တစ်မျိုးတစ်မည်ဖြစ်တဲ့ သဘောတရား တစ်ခုခုကို သတိထားပြီး တစ်ချက်တိုးလျှင် 'ရုပ်'၊ တစ်ချက်တွန့်လျှင် 'ရုပ်'၊ တစ်ချက်ထိရင် 'ရုပ်'၊ တစ်ချက်ပူရင် 'ရုပ်'၊ တစ်ချက်အေးရင် 'ရုပ်' လို့ ထင်ရှားတဲ့လှုပ်သဘော၊ ရွေ့သဘော၊ တစ်မျိုးတစ်မည်ဖြစ်သဘော စသည်တို့တွင် အထင်ရှားဆုံး တစ်ခုခုကို အသိကပ်ပြီး ရှုမှတ်နေပါ။

တိုးသဘော၊ ထိသဘော၊ ပူသဘော၊ အေးသဘော စသည်တို့ဟာ သူတို့အလုပ် သူတို့လုပ်နေကြတာပါ။ ယောဂီကလည်း သက်သာသလိုချမ်းသာသလိုထိုင်ပြီးတော့ တိုးသဘောစတဲ့ အာရုံပေါ်မှာ စိတ်ကလေး တည်ရုံ၊ တိုးသဘောတဲ့ အာရုံကို သိရုံ မမေ့မပျောက်ရုံဘဲ ထားပြီး တိုးတဲ့အခိုက် 'ရုပ်' လို့ရှုပါ။ ထိတဲ့အခိုက် 'ရုပ်' လို့ ရှုပါ။ ပူတဲ့အခိုက် 'ရုပ်' လို့ ရှုပါ။ အေးတဲ့အခိုက် ရုပ်' လို့ ရှုပါ။

မဂ္ဂင်ရှစ်ဖော် ယာဉ်ပျံတော်စီးတာ ဆိုတာ လှည်းမောင်းသလိုပဲလို့ ပြောခဲ့တယ်၊ လှည်းမှာ နွားနှစ်ကောင်ဟာ စက်ပဲ၊ လှည်းမောင်းသူဟာ ဒီနွားနှစ်ကောင်ကို ညှိပြီး ကြည့်မောင်းသလို ယောဂီတို့မှာလည်း ကိုယ့်စိတ်ဟာ စက်ပါ။

ရုံခါကိုယ်ကို ကြည့်လိုက်၊ ရုံခါစိတ်ကိုကြည့်လိုက်နဲ့ ရှုကြည့်ပြီး အရှုခံ အာရုံကို မမေ့မလျော့ဘဲ ဆက်ရှုပါ။ အဲဒီလို ရှုပွားအားထုတ်နေလျှင် မဂ္ဂင်ရှစ်ဖော် ယာဉ်ပျံတော်ကြီးကို မတိမ်းမစောင်း သည်းခံကြောင်းဖြင့် ကောင်းစွာ အချဉ်မောင်းကာ နှင်ဟယ်လို့ခေါ်ပါတယ်။

အေး.... ရှုပွား အားထုတ်နေရင်းနဲ့ လဲကျသွားမယ်၊ ကွေးသွားမယ်၊ ကောက်သွားမယ် ဆိုလျှင် မဂ္ဂင်ရှစ်ဖော် ယာဉ်ပုံတော်ကြီး တိမ်းစောင်းသွားပါပြီ။ အော်မယ်၊ ဟစ်ငိုမယ်၊ ရယ်မယ်ဆိုလျှင်လဲ တိမ်းစောင်းသွားပါပြီ။

ဒါကြောင့် ယောဂီတို့ဟာ ကိုယ်နေကိုယ်ထားလဲ မလှုပ်မယှက် ငြိမ်ငြိမ်သက်သက် ဖြစ်ရမယ်။ အသက်ရှူမှန်ရမယ်။ အသံမြည်အောင်၊ ကိုယ်လှုပ်အောင် မရှူရပါ။ မနှေးရမမြန်ရပါ။ နဂိုအနေအတိုင်း ပုံမှန်အသက်ရှူမှုမျိုး ဖြစ်ရပါမယ်။

'အဲ ဒီလို အသက်ရှူ မှန်မှန်ပြီးလို့ တိုးထိသွားမှ အဲဒီ တိုးထိသဘောကို 'ရုပ် ရုပ်' လို့ သက်သောင့်သက်သာကလေး ရှုပွားနေလျှင်မဂ္ဂင်ရှစ်ဖော်ယာဉ်ပုံတော်ကြီး မတိမ်းမစောင်း ရှုဘာခေါ်ပါတယ်

နိဗ္ဗာန်ကိုမှန်း။ ။အဲဒီလို မဂ္ဂင်ရှစ်ဖော် ယာဉ်ပုံတော်ကြီးကို မတိမ်းမစောင်း လည်စေကြောင်းဖြင့် တောင်းစွာအစဉ် မောင်းကာနှင်တဲ့အခါ နိဗ္ဗာန်ကို မှန်းပြီး မောင်းပါ။ အဲဒီလို မောင်းတော့ ရှုပွားတိုင်း မဂ္ဂင်ရှစ်ဖော် ယာဉ်ပုံတော်ကြီးဟာ နိဗ္ဗာန် နီးမသွားဘူးလား'

'နီးသွားပါတယ် ဘုရား'

အေး.... တိုး သ ဘော ကို 'ရုပ်' လို့ တစ် ချက် ရှု ရင် နိဗ္ဗာန်နဲ့ တစ်ချက်နီးသွားတယ်၊ သံသရာနဲ့ တစ်ချက် ဝေးသွားတယ်၊ နိဗ္ဗာန်ဘက်ကို တစ်ချက်သွားရင် ၃၁ ဘုံ ဆိုတဲ့ သံသရာဒီဘက်ကမ်း အိုနာသေဘေးဆိုးကြီးတွေက ဝေးသွား

ပါတယ်။ ယောဂီတို့ ရှုပွားအားထုတ်ရတာ အကျိုးရှိပါတယ်။

**ဒီဘက်မှာနေ အားလုံးသေ။** ။ယောဂီတို့ဟာ သာမန်လူတွေမလာရဲတဲ့ ဒီသပိတ်အိုင်တောကြီးထဲမှာ လာပြီး မဂ္ဂင်ရှစ်ဖော် ယာဉ်ပျံတော်ကြီးကိုစီးပြီး နိဗ္ဗာန်ခရီးကို တွင်တွင်ကြီး သွားနေကြတာ သေမှာ ကြောက်လို့ပေါ့ 'အမတံခေမံ-ဤဘက်မှာနေ အားလုံးသေ၍၊ ဟိုပြည်ရောက်မှ ဘေးကင်းရမည်။ အမတခေါ် နေပြည်တော်သို့' လို့ ဘုန်းကြီးတို့ရွတ်ခဲ့တာ ရှိတယ်မဟုတ်လား။

'ရှိပါတယ်ဘုရား'

အေး-၃၁ ဘုံ ဆိုတာ ဒီမှာဘက်ကမ်း၊ အို-နာ-သေရှိတယ်၊ နိဗ္ဗာန်ဆိုတာဟိုမှာ ဘက်ကမ်းမှာမအိုရ၊မနာရ၊မသေရတော့ပါ။

ဒါကြောင့် သဘောအားဖြင့် ပြောရရင် ဒီလောက်ကြောက်စရာကောင်းတဲ့ သပိတ်အိုင်တောရကြီးထဲမှာ လာပြီးတော့ တရားအားထုတ်နေကြတာမကြောက်ဘူးလားလို့ မေးရင် ကြောက်လို့ လာအားထုတ်တယ်လို့ ပြောနော်။

'မှန်ပါ့ဘုရား'

ဘာကိုကြောက်တာလဲ မေးရင် အို-နာ-သေဘေး ကို ကြောက်လို့ လို့ပြောနော်။

'မှန်ပါ့ဘုရား'

ကြောက်လို့နေပါတယ်။ ။ဘုန်းကြီးက ဒီစကားကို အလွတ်ပြောတာ မဟုတ်ပါ၊ တောင်ဖီလာ ဆရာတော်နဲ့ ရွှေဥမင် ဆရာတော်တို့ အကြောင်းကို ကြည့်ပြီးပြောတာပါ၊ ဘုန်းကြီးတို့ မြန်မာပြည်သာသနာဝင်မှာ နေလို လလိုထင်ရှားတဲ့ ဆရာတော်နှစ်ပါးပေါ့။

ရွှေဥမင်ဆရာတော်က ဒီသပိတ်အိုင်တောရလို တောချိုးမှာ တောရဆောက်တည် တရားအားထုတ်နေတဲ့ ဆရာတော်ပါ၊ တောင်ဖီလာ ဆရာတော်က မင်းကိုးကွယ်တဲ့ မင်းဆရာတော်ပေါ့။

ဆရာတော်နှစ်ပါးဟာ တစ်ပါးနဲ့ တစ်ပါး ရင်းနှီးကြပါတယ်၊ အေး အခါတစ်ပါး တောင်ဖီလာဆရာတော်ဘုရားက ရွှေဥမင် ဆရာတော်ဘုရားထံ သွားရောက်တယ်။ ရောက်တော့ တောကြီးထဲမှာ ကြောက်လန့်စရာ အသည်းထိတ်ရာမြင်တွေ့ရတော့ တောင်ဖီလာ ဆရာတော်က ရွှေဥမင် ဆရာတော်ကို 'ဆရာတော်ဘုရား ဒီမှာသီတင်းသုံးရတာ မကြောက်ဘူးလား'လို့ လျှောက်ထားတယ်။

အဲဒီလို လျှောက်ထားတဲ့အခါ တောင်ဖီလာဆရာတော်ကို ရွှေဥမင်ဆရာတော်ဘုရားက လက်အုပ်ချီပြီး 'ဆရာတော်ဘုရား၊ ကပည့်တော်ကြောက်လို့ ဒီတောထဲမှာ နေပါတယ်ဘုရား'လို့ လျှောက်ထားလိုက်တယ်။

ပညာရှိဖြစ်တဲ့ ရွှေမင်ဆရာတော်ဘုရားရဲ့ အာဘော်ကို ပညာရှိဖြစ်တဲ့ တောင်ဖီလာဆရာတော် ဘုရားဟာ သိသွားပါတယ်။

အေး....သိသွားတော့ ရွှေဥမင်ဆရာတော်ဘုရားဆီလဲ ပြန်ရော တောင်ဖီလာ ဆရာတော် ဘုရားဟာ စစ်ကိုင်း တောင်ရိုးသို့ တောထွက်သွားပါတယ်၊ စစ်ကိုင်းတောင်ရိုးမှာ ယနေ့တိုင်အောင် တောင်ဖီလာ ချောင်ဆိုတာရှိပါသေးတယ်။

အေး...ယခုလဲ ယောဂီတို့ကို သူများတွေက ဒီသပိတ်အိုင်တောရကြီးထဲမှာ သွားအားထုတ်ရတာ မကြောက်ဘူးလား လို့ မေးရင် ကြောက်လို့ အားထုတ်နေတာပေါ့လို့ ပြောကြဟုတ်လား။

'မှန်ပါ့ဘုရား'

အေး....အဲဒီလိုပြောပေမယ့် လူပြိန်း၊ လူအ၊ လူနု၊ လူထိုင်း၊ လူအရိုင်းတွေကတော့ သိမှာမဟုတ်ဘူး။ ဟုတ်တယ်လေ၊ ကြောက်စရာကောင်းတဲ့ တောနက်ကြီးထဲမှာ ကြောက်လို့ အားထုတ်ပါတယ်ဆိုတော့ အရှူးစကားလားတောင် ထင်မှာ မဟုတ်လား။

'ဟုတ်ပါတယ် ဘုရား'

တကယ်တော့ ခန္ဓာရှိတဲ့ ပုဂ္ဂိုလ်တွေမှာ သရဲဘေး၊ တစ္ဆေဘေး၊ ဘီလူးဘေး၊ အိုဘေး၊ နာဘေး၊ သေဘေးတွေက နေရာတကာမှာ မတွေ့နိုင်ဘူးလား။

'တွေ့နိုင်ပါတယ်ဘုရား'

အဲဒီဘေးတွေက ခန္ဓာမရှိမှ၊ ရုပ်နာမ်ခန္ဓာ ချုပ်ဆုံးရာ နိဗ္ဗာန်ရောက်မှ လွတ်မှာ၊ အဲဒီ ဘေးတွေကြောက်လို့ အဲဒီဘေးတွေက လွတ်ကင်းချင်လို့ အားထုတ်တာ မဟုတ်လား။

'ဟုတ်ပါတယ် ဘုရား'

အေး....လူပြိန်း၊ လူအ၊ လူနု၊ လူထိုင်း၊ လူရိုင်းတွေက မသိပေမယ့် ပေါင်ဖိလာ ဆရာတော်ဘုရားတို့လို ပညာရှိတွေက သိလို့ တောထွက်သွားသယ်၊ ဒါကြောင့် ပညာရှိ စကား မညာရှိပဲ သိတယ်' လို့ ဆိုရိုးစကား ဖြစ်ပါတယ်။

မကြောက်မနား။ ။ယောဂီတို့ မဂ္ဂင်ရှင်ဖော်ယာဉ်ပျံတော်ကြီးကို စီးပြီးတော့ ပြည်ကြီးနိဗ္ဗာန် သွားတဲ့အခါမှာ လမ်းခရီးမှာ ကိလေသာ ရန်သူတွေဟာ အင်မတန် ထူပြောပါတယ်၊ 'ယာနာယ၊ ကိလေသာဟူ ရန်သူဘို ပစ်ဖောက်တဲ့ဗုံး အမြောက်တို့ကို မကြောက်မနား အရောက်သွားခြင်းငှာ' လို့ ဆိုခဲ့တဲ့အတိုင်း ကိလေသာ ရန်သူတို့ကို မကြောက်ရဘူး။

ပြီးတော့ ခရီးတစ်ခု သွားတဲ့အခါ နားနားနေနေ သွားတာနဲ့ မနားမနေ သွားတာဟာ ဘယ်ဟာက မြန်မြန်ရောက်လဲ။

'မနားမနေသွားတာက မြန်မြန်ရောက်ပါတယ် ဘုရား'

ကိလေသာ ရန်သူတွေကို မကြောက်ရဘူး၊ နားမနေရဘူး၊ အမြဲမပြတ် တရစပ် ရှုပွား အားထုတ်သောအားဖြင့် မဂ္ဂင်ယာဉ်ကြီးကို စီးရမယ်နော်'

မှန်ပါ့ဘုရား'

လက်နက်မဲ့ ရန်သူ၊ လက်နက်ရှိရန်သူလို့ ရန်သူ နှစ်မျိုးရှိပါတယ်။ ယောဂီတို့ဟာ လက်နက်ရှိသူကို ကြောက်ကြတယ်၊ လက်နက်မဲ့ ရန်သူကို မကြောက်ကြဘူး။

လက်နက်ရှိ လက်နက်ကိုင်ရန်သူက သတ်နိုင်ရင် တစ်ဘဝပဲ သတ်နိုင်မယ်၊ လက်နက်မဲ့ ရန်သူဖြစ်တဲ့ ကိလေသာ ရန်သူက သံသရာ အဆက်ဆက်ကို လိုက်သတ်မယ်။ ယောဂီတို့ကို တစ်ဘဝတည်းမှာ အသက်ခံချင်လား၊ ဘဝတိုင်း အသက်ခံချင်လား မေးရင် တော့ ယောဂီတို့က တစ်ဘဝမှ အသက်မခံချင်ဘူးလို့ ပြောချင် လဲ ပြောမယ်၊ တစ်ဘဝပဲ အသက်ခံချင်တယ်လို့ ပြောချင်လဲ ပြောမယ် မဟုတ်လား။

'မှန်ပါတယ် ဘုရား'

ပြောပေမယ့် သာကယ်တော့ ကိလေသာ ရန်သူတွေကို ကြောက်ရွံ့ပြီး နောက်တွန့်နေကြတဲ့ လူတွေဟာ အများကြီး ပါ။ ယောဂီတို့ တရားအားထုတ်ရင်းနဲ့ ငိုက်ရင် ထိနမိဒ္ဓ ကိလေသာ ရန်သူလာပြီ၊ အဲဒီအခါ 'အင်း....အိပ်မှဖြစ် မယ်'ဆိုပြီး အိပ်ရင် ဘယ်သူနိုင်မလဲ။

'ကိလေသာရန်သူ နိုင်ပါတယ် ဘုရား'

ဒီသပိတ်အိုင် တောရကြီးထဲမှာ လာပြီး တရားအားထုတ် တော့ ကြောက်စရာကြီး ပျင်းစရာကြီးဆိုပြီး အားမထုတ်ဘဲ နေရင် ပြန်သွားရင် ဘယ်သူနိုင်မလဲ။

'ကိလေသာရန်သူ နိုင်ပါတယ်ဘုရား'

အေး....အဲဒီလို ငိုက်လို့ အိပ်လိုက်ရင် ပျင်းလို့ အားမထုတ် ဘဲနေရင် ပင်ပန်းဆင်းရဲလို့ အားမထုတ်ဘဲနေရင်၊ ဝီရိယ လျော့လိုက်ရင် ဘယ်တော့ နိဗ္ဗာန်ရောက်နိုင်ပါ့မလဲ၊ တကယ် တော့ အားထုတ်တဲ့အခါမှာ....

'အခု ငါ အားထုတ်နေတာဟာ ငါ့အတွက် သက်သက်ပဲ၊ သူများအတွက် မပါ၊ ငါဟာ အများအတွက် ဘုံဆိုင်လုပ်ငန်းတွေ လုပ်နေခဲ့တုန်းက ဒီတရားအားထုတ်တဲ့ ဝီရိယထက် အဆများစွာ ဝီရိယနဲ့ မအိပ်မနေ မပျင်းမရိ၊ မကြောက်မရွံ့ အဆင်းရဲ အပင်ပန်းခံပြီး လုပ်နိုင်ပါလျက်ကနဲ့ မိမိကိုယ်ကျိုးအတွက် အားထုတ်ခါမှ ဒီလိုငိုက်နေလို့၊ ပျင်းနေလို့၊ ဆင်းရဲကြောက်နေလို့ တော်မလား'

ကိုယ့်ကိုယ်ကိုယ် ဆုံးမပြီး ဆက်လက် အားထုတ်ရမှာပါ၊ အဲဒီလိုဆက်လက်အားထုတ်ရင် မိမိကအနိုင်ရတယ်၊ ကိလေသာက အရှုံးပေးရတယ်။ ဘဝများစွာ ကမ္ဘာများစွာ ကိလေသာကချည်း ကိုယ့်ကို နိုင်လာခဲ့တယ်၊ ဒါကြောင့် ဒီဘဝမှာတော့ ကိလေသာဟူ ရန်သူတို့ ပစ်ဖောက်တဲ့ ဗုံးအမြောက်တို့ကို မကြောက်မနားဘဲနဲ့ နိဗ္ဗာန်အရောက် သွားရမယ်နော်။

'မှန်ပါ့ဘုရား'

ယောကျ်ားမှန်က။ ။ဒီလူလောကမှာ ယောကျ်ားရယ်၊ မိန်းမရယ်လို့ နှစ်မျိုး ရှိတယ်။ အဲဒီ နှစ်မျိုးမှာ ယောကျ်ားရဲ့ လုံ့လ ဝီရိယက မိန်းမရဲ့ ဝီရိယထက် အားကောင်းတယ်။ ယောကျ်ားနဲ့မိန်းမမှာ ယောကျ်ားက ပဓာနဖြစ်တယ်၊ပြဋ္ဌာန်းတယ်။ ဒါကြောင့်မို့ 'ပူရိသကာရိယံ၊ ယောကျ်ားမှန်က ပြုရမည့် ကမ္ဘာ့လက်ရှိုး၊ လုံ့လမျိုးကို'လို့ ဆိုခဲ့ပါတယ်။

အမှန်တကယ်တော့ နိဗ္ဗာန် ရောက်သွားတာ ခေမာ၊ ဥပ္ပလဝဏ္ဏာ၊ ဓမ္မဒိန္နာစတဲ့ အမျိုးသမီးတွေ မပါဘူးလား။

'ပါပါတယ် ဘုရား'

အေး....အဲဒီ အမျိုးသမီးတွေလဲ သူတို့မှာရှိတဲ့ အမျိုးသမီးလို့လကို အသုံးချပြီး အားထုတ်သွားလို့ နိဗ္ဗာန်ရောက်သွားပါတယ်၊ အေး....အဲဒါကြောင့် အမျိုးသမီးတွေကလဲ မိမိလို့လ အသုံးချပြီး အားထုတ်ရင် နိဗ္ဗာန် မရောက်ဘူးလား။

'ရောက်မှာပါ ဘုရား'

ဒါဖြင့် နိဗ္ဗာန်မရောက်တာ ခက်လို့လား၊ ကိုယ်ရှိတဲ့ လို့လကို အသုံးချပြီး အားမထုတ်လို့လား မေးရင် ဘယ့်နှယ်ပြောမလဲ။

ကိုယ့်လို့လ ကိုယ်အသုံးချပြီး အားမထုတ်လို့ပါ ဘုရား

ငါးဦးဗိုလ်ချုပ်။ ။အေး....နိဗ္ဗာန်လိုချင်တဲ့၊ နိဗ္ဗာန်ရောက်ချင်တဲ့ ယောကျ်ား မိန်းမ၊ အမျိုးသား အမျိုးသမီးတွေဟာ ကမ္ဘာလက်ရှိ လို့လမျိုးဖြစ်တဲ့ ကိုယ်လို့လ ကိုယ်အသုံးချပြီ နိဗ္ဗာန်ရအောင် အားထုတ်တဲ့ အခါမှာ 'ကဿ၊ ငါးဦး ဗိုလ်ချုပ် အဖော်လုပ်၍ မဆုတ်ရစေ ပြုလုပ်အံ့ပေတော့သတည်း' ဆိုတဲ့အတိုင်း ဗိုလ်ငါးဦးကို အဖော်လုပ်ပြီး နိဗ္ဗာန်ရောက်အောင် ကြိုးစား အားထုတ်ရမယ်နော်။

'မှန်ပါ့ဘုရား'

ဗိုလ်ငါးဦးအကြောင်း နောက်ကပြောခဲ့ပြီးပါပြီ။ အဖော်လုပ်ပုံ ကြိုးစားပုံလည်း ပြောခဲ့ပြီးပါပြီ။

ရှာအပ် အမြတ်ဆုံးမဂ်။ ။ဖိုလ်ငါးခိုး အဖော်လုပ်ပြီး နိဗ္ဗာန်ရအောင် ကြိုးစားအားထုတ်တာကို မရှင်ရှစ်ဖော် ယာဉ်ကျယ်တော်ကြီးကို စီးတယ်လို့ ပြောခဲ့ပါတယ်။ ဒီနေရာမှာ မဂ်နှင့်မဂ္ဂင်ကို ရှင်းပြချင်ပါသေးတယ်။ ဒီနှစ်မျိုးကို သဘောပေါက်ဖို့ အရေးကြီးပါတယ်။

ယခု ယောဂီတို့ တရား အားထုတ်နေတာဟာ မဂ်၊ ဖိုလ်၊ နိဗ္ဗာန်လိုချင်လို့ အားထုတ်နေတာပါ။ အဲဒီ မဂ်၊ ဖိုလ်၊ နိဗ္ဗာန် သုံးမျိုးမှာ မဂ်ကိုရမှ ဖိုလ်ရမှာ နိဗ္ဗာန်ရမှာပါ။

မဂ်ကို ရဖို့ရာကလည်း မဂ္ဂင်ကို အားထုတ်မှ ရမှာပါ။ ဒါကြောင့် မဂ်နှင့် မဂ္ဂင်ကို သိထိုက်ပါတယ်။ ဒါကြောင့် သေချာကြည့်စမ်းပါ။

(က) နိဗ္ဗာန်လိုလတ်၊ နတ်လူမြတ် ရှာအပ် အမြတ်မဂ်

နိဗ္ဗာန်ကိုလိုချင်တဲ့ သူမြတ်၊ နတ်မြတ်၊ ပုဂ္ဂိုလ်မြတ်တွေ ရှာအပ်၊ ဖွေအပ်၊ ရှာဖွေအပ်လို့ 'မဂ်' လို့ ခေါ်ပါတယ်။ ကဲ....ယောဂီတို့ သေသေချာချာ နားကြားပါနော်၊ ယောဂီတို့ လိုချင်တာက ဘာကိုလိုချင်တာလဲ၊ နိဗ္ဗာန်ကိုနော်။

'မှန်ပါ့ဘုရား'

မဂ်မရဘဲနဲ့ နိဗ္ဗာန်ကို မရနိုင်ပါ၊ မဂ်ရမှ နိဗ္ဗာန် ရမှာပါ။ ဒါကြောင့် နိဗ္ဗာန်လိုချင်တဲ့ ပုဂ္ဂိုလ်မြတ်တွေဟာ မဂ်ကိုရှာရပါတယ်။

ရှာတတ်အမြတ်မဂ်။ ။အေး....မဂ်ရဲ့ အနက် အဓိပ္ပာယ် သဘောက နောက်တစ်မျိုးရှိသေးတယ်၊ နိဗ္ဗာန်ကို လိုချင်တဲ့ ယောဂီဟာ ဦးစွာ ဘာရှာရမလဲဆိုရင် မဂ်ကိုရှာရမယ်၊ ယခု ယောဂီတို့ ဒီသပိတ်အိုင်တောကြီးထဲမှာ တရားအားထုတ်နေ တယ်ဆိုတာ မဂ်ကိုရှာနေပါတယ်။

အေး....မဂ်ကိုရှာလို့ ယောဂီတို့ မဂ်ကိုတွေ့ရပြီဆိုတော့ မဂ်က ဘာကိုရှာရမလဲ၊ နိဗ္ဗာန်ကို ရှာမယ်၊ ဒါကြောင့် ဆိုကြည့် စမ်းပါ။

(ခ) နိဗ္ဗာနဂါမိ၊ အမြိုက်ရပ်၊ ရှာတတ်အမြတ်မဂ်

ယောဂီတို့ သေသေချာချာနားကြားကြပါနော်၊ အရှာမလွှဲ ပါစေနဲ့၊ ယောဂီတို့ ရှာရမှာက မဂ်၊ မဂ်က ရှာရမှာက နိဗ္ဗာန်၊ ယောဂီတို့က နိဗ္ဗာန်ရှာရမှာလား၊ မဂ်ရှာရမှာလား။

'မဂ်ရှာရမှာပါ ဘုရား'

အေး....ယောဂီတို့ လိုချင်တာက နိဗ္ဗာန်နော်။

'မှန်ပါ့ ဘုရား'

အေး....ဒါကြောင့် နိဗ္ဗာန်လိုချင်ရင် မဂ်ကိုရှာ၊ မဂ်ရှာလို့ မိမိတို့ သန္တာန်မှာ မဂ်ဖြစ်ပြီ တည်ပြီဆိုရင် အဲဒီမဂ်က နိဗ္ဗာန် ကို ရှာမယ်။

ယောဂီတို့....ဘုရားရှင်ရဲ့တရားတော်တွေဟာ မဇ္ဈိမပဋိပဒါ တရားတွေပါ၊ အစွန်းရောက်တရားတွေ မဟုတ်ပါ။ သဘော သဘာဝတွေကိုသိက အားထုတ်ရတာ အင်မတန်မှ လွယ်ကူ

ချမ်းသာတဲ့ တရားတော်တွေပါ။ ဟုတ်တယ်လေ၊ တရားအား ထုတ်တယ်ဆိုတာ ကိုယ်လုံ့လကို အသုံးချမှုထက် စိတ်လုံ့လကို အသုံးချမှုက အဓိကပါ။

ရှုပွားအားထုတ်နေစဉ် ယောဂီမှာ ရှိနေရမှာက 'သတိ၊ ဝီရိယ၊ ပညာ တရားသုံးပါး ဖြစ်ပါတယ်။ အားထုတ်နေတာဟာ တကယ်တော့ ဒီတရားသုံးပါးနဲ့ အားထုတ်နေတာပါ။

သတိ၊ ဝီရိယ နှစ်ပါးယှဉ်လိုက်ရင် သမာဓိက ပါသွားပါပြီ၊ ဒါကြောင့် သတိ၊ ဝီရိယ၊ သမာဓိလို့ သမာဓိမဂ္ဂင် သုံးပါးဖြစ်ပါတယ်။ ပညာကိုယှဉ်လိုက်ရင် သမ္မာသင်္ကပ္ပ ပါသွားပါပြီ။ ဒါကြောင့် ပညာ၊ သမ္မာသင်္ကပ္ပရယ်လို့ ပညာမဂ္ဂင် နှစ်ပါး ဖြစ်ပါတယ်။

အတိုပြောတော့ သတိ၊ ဝီရိယ၊ ပညာ သုံးပါးပါ။ အရှည်ပြောတော့ သတိ၊ ဝီရိယ၊ သမာဓိ၊ ပညာ၊ သမ္မာသင်္ကပ္ပရယ်လို့ ငါးပါးဖြစ်ပါတယ်။

မဂ္ဂင်လိုပြောရရင်။ ။'သမ္မာဝါယမ၊ သမ္မာသတိ၊ သမ္မာသမာဓိ၊ သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ' ရယ်လို့ မဂ် ငါးပါးရှိလို့ အဲဒီငါးပါးကို 'ပဉ္စင်္ဂိကမဂ်'လို့ ခေါ်ပါတယ်။

ယောဂီတို့ဟာ ရုပ်ခန္ဓာ၊ နာမ်ခန္ဓာတွေကို 'ရုပ်–ရုပ်၊ နာမ်–နာမ်'လို့ ရှုနေတဲ့အခါ အဲဒီငါးပါး ပါဝင်နေပါတယ်။ အဲဒီငါးပါးနဲ့ ရှုနေတာပါ။

ရှုပွား အားထုတ်နေတာက မဂ္ဂသစ္စာ၊ အရှုခံ ရုပ်နာမ်

ခန္ဓာက ဒုက္ခသစ္စာပေါ့၊ ဒုက္ခသစ္စာကို မဂ္ဂသစ္စာနဲ့ ရှုပွား အားထုတ်နေတာပေါ့။ တစ်နည်းပြောရရင် မဂ္ဂသစ္စာနဲ့ နိဗ္ဗာန်ကို ရှာနေတယ်ပေါ့။

ယောဂီတို့ ထိုင်ပြီးအားထုတ်စဉ် ဘုန်းကြီး လှည့်လာပြီး 'ယောဂီတို့ သန္တာန်မှာ သတိ၊ ဝီရိယ၊ ပညာ ရှိမရှိ ပြန်ကြည့်ပါ'လို့ သတိပေးလေ့ရှိပါတယ်။ ဒါ ဘာ့ကြောင့် သတိပေးလဲဆိုရင် သူတို့မရှိရင် တရားအားထုတ်တာ မဟုတ်တော့ပါ။

သူတို့ရှိမှ တရားအားထုတ်နေပါတယ်၊ မဂ်အလုပ်ကို လုပ်နေပါတယ်။ မဂ်အလုပ်လုပ်နေတယ်ဆိုတာ နိဗ္ဗာန်ရှာနေတာပါ။ ဒါဖြင့် တရားအားမထုတ်ရင် မဂ်အလုပ်မလုပ်ပါ။ မဂ်အလုပ် မလုပ်ရင် နိဗ္ဗာန် မရှာပါ။

အေး....ယောဂီတို့ဟာ လောဘစိတ်၊ ဒေါသစိတ်၊ မောဟစိတ်ဖြစ်နေရင် သတိ၊ ဝီရိယ၊ ပညာ ရှိဦးမလား။

'မရှိတော့ပါဘုရား'

အိပ်ချင်ငိုက်မျဉ်းမှု ဖြစ်နေရင်လဲ သတိ၊ ဝီရိယ၊ ပညာ မရှိတော့ပါ၊ သတိ၊ ဝီရိယ၊ ပညာမရှိရင်လည်း မဂ်မဟုတ်တော့ပါ။ အဲဒါကြောင့် စိတ်ကို ခဏခဏ ပြန်ကြည့်ခိုင်းတာပါ။

သွားတတ် အမြွတ်မဂ်။ ။အခုဆိုရင် မဂ်ရဲ့ အဓိပ္ပာယ်ဟာ နှစ်မျိုးရှိသွားပါပြီ။ နောက်တစ်မျိုး ပြောဦးမယ်၊ ယောဂီတို့ သေသေချာချာ မှတ်ထားပါ။ ဒီမဂ်ဟာ မိမိတို့ သန္တာန်၌ ဖြစ်စေရမယ့် တရားပါ။ ကဲ....ဆိုကြည့်စမ်းပါ။

(၈) ကိလေပယ်သတ်၊ နိဗ္ဗာန်ရပ်၊ သွားဘုတ်အမြတ်မဂ်။

ယောဂီတို့၊ လောကမှာ လမ်းခရီးအမျိုးမျိုးရှိပါတယ်။ ဘယ်လမ်းခရီးမှာပဲ ဖြစ်ဖြစ် ဘေးရန် အန္တရာယ် အနည်းနဲ့ အများ အသေးနဲ့အကြီးသာ ကွာမယ်၊ ဘေးရန်အန္တရာယ် ကတော့ ရှိလျက်ပါပဲ။ ဘေးရန်အန္တရာယ်မရှိတဲ့ လမ်းရယ်လို့ မရှိပါဘူး။

အေး....နိဗ္ဗာန်ခရီးဘောမဲ့ပြည်ကြီး သွားတဲ့အခါမှာလည်း ကိလေသာ ဘေးရန်တွေ အင်မတန်ထူပြောပါတယ်။ ကိလေသာ ရန်သူတွေက အင်မတန် နှိပ်စက်ပါတယ်။ သံသရာထဲမှာ ယောဂီတို့ကို အဲဒီ ကိလေသာရန်သူတွေက နှိပ်စက်လာခဲ့ပါတယ်။

အဲဒီ ကိလေသာရန်သူတွေကို ယောဂီတို့ဟာ တစ်သံသရာလုံးလုံး အရှုံးပေးလာခဲ့ရတယ်။ ဘာဖြစ်လို့ အရှုံးပေးလာခဲ့ရသလဲဆိုရင် သူတို့ကို နိုင်ရာနိုင်ကြောင်း လက်နက်ကောင်း မရှိလို့ပါ။

ကိလေသာရန်သူတို့ကို နိုင်ရာ နိုင်ကြောင်း လက်နက်ကောင်းဟာ ဘာလဲဆိုရင် မဂ်လက်နက်ပါ။ ယောဂီတို့ ယခုတရားအားထုတ်နေတယ်ဆိုတာဟာ သက်နက်ကိုကိုင်တွယ်ပြီး ကိလေသာရန်သူကို ပယ်သတ်နေတာပါ။

အေး....မဂ်ဆိုတာ ကိလေသာရန်သူတွေကို ပယ်သတ်ပြီးတော့ နိဗ္ဗာန်ကိုသွားတတ်လို့ မဂ်လို့ခေါ်ပါတယ်။ ရှင်းရှင်းပြောရရင် မဂ်ဆိုတာ သံသရာခရီးလမ်းမှာ နိဗ္ဗာန်စခန်းလှမ်း

တက်တဲ့အခါ မဂ်ကို မိမိတို့သန္တာန်မှာ ဖြစ်စေကာ ကိလေသာကို ပယ်သတ်ကာ နိဗ္ဗာန်အရောက်ပို့တဲ့သဘော ရှိတယ်။

အေး….မဂ်က ကိလေသာကို ပယ်သတ်ပြီး နိဗ္ဗာန်အရောက်ပို့တယ်။ ဘယ်သူ့ကို နိဗ္ဗာန်ပို့သလဲဆိုရင် မဂ္ဂင်ရှစ်ဖော်ယာဥ်ပျံတော်ကြီးကို စီးတဲ့ ပုဂ္ဂိုလ်ကို မဂ္ဂင်ယာဥ်က ပို့တယ်။ မဂ်က ပို့တယ်ပေါ့။

အေး….ယောဂီတို့ကို တရားလမ်းစဥ်ပြောပြရရင် ယောဂီတို့ဟာ ပထမနိဗ္ဗာန်ကို တကယ့်ကို လိုချင်ကြရမယ်။ နိဗ္ဗာန်လိုချင်တဲ့ ယောဂီဟာ မဂ်ကိုရှာရမယ်။ မဂ်က နိဗ္ဗာန်ရှာမယ်။ ကိလေသာကို ပယ်သတ်ပြီးတော့ နိဗ္ဗာန်ပို့မယ်။ ဒါကြောင့် သေသေချာချာ မှတ်ထားပါ။

၁။ လိုချင်ရမှာက နိဗ္ဗာန်၊

၂။ ရှာရမှာက မဂ်၊

၃။ မဂ်က နိဗ္ဗာန်ကိုရှာ၊

၄။ မဂ်က ကိလေသာ ပယ်သတ် နိဗ္ဗာန်သွား၊

လို့ မှတ်ထားပါ။ အဲဒီအတွက် မဂ်ကျေးဇူးဟာ အင်မတန်ကြီးပါတယ်။ ယောဂီတို့ဟာ အခုတစ်ထိုင်အတွင်းမှာ တိုးသဘောကို ရှုပ်လို့တစ်ချက်ရှုလိုက်ရင် ကိလေသာကို တစ်ချက် ပယ်သတ်ပါတယ်၊ နိဗ္ဗာန်ကို တစ်ချက်သွားပါတယ်၊ ငြိမ်းမှု တစ်ချက်ရပါတယ်။

ဒါဖြင့် တိုးသဘောရှုပ်ကို 'ရှုပ်–ရှုပ်' လို့ ရှုတိုင်း ကိလေသာရန်သူ တစ်ချက်တစ်ချက် သေတယ်၊ တစ်ချက်တစ်ချက် အေးတယ်၊ တစ်ချက်တစ်ချက် နိဗ္ဗာန်နဲ့ နီးတယ်ပေါ့။

အေး ဒီသဘောကို မပေါက်ရင် တရားဆိုတာ ဘယ်လိုလဲ၊ ဘယ်က ရမလဲ၊ ငါ့မှာ ဘာမှလဲ မမြင်ရသေးပါလား စသည်ဖြင့် ရချင်မြင်ချင်တဲ့ သဘောတွေနဲ့ အားထုတ်နေတတ်ပါတယ်။ အဲဒီလို အားထုတ်နေတာဟာ အားထုတ်တာ မဟုတ်လို့ ပင်ပန်းဆင်းရဲရုံပဲ အကျိုးရှိပါတယ်။ တရားမရနိုင်ပါ။

အေး....တချို့ယောဂီတွေကလည်း စိတ်ကူးနဲ့ ရှာတယ်။ ကြားဖူး နာဖူးတဲ့ တရားတွေနဲ့ ရှာတယ်။ ကြည့်ဖူးရှုဖူးတဲ့ အတွေးနဲ့ ရှာတယ်။ ကြံစည်စဉ်းစား ရှာတယ်။ အဲဒီလိုရှာခဲ့တာဟာ တစ်ဘဝမကပါ၊ ဘဝများစွာ ကြာပါပြီ၊ မရခဲ့ပါ။ အခုလည်း မရပါ၊ နောင်လည်း မရပါ။

ဒါကြောင့် ယောဂီတို့ဟာ အမှန်တကယ် တရားကို လိုချင်ပါတယ်ဆိုရင် ရှုပွားအားထုတ်နေစဉ်မှာ အရှုခံ အာရုံကို ရှုကြည့်ခြင်းမှတစ်ပါး တခြားကို မစဉ်းစားပါနဲ့၊ မတွေးတောမကြံစည်ပါနဲ့၊ ရုပ်နာမ်ကို တွေ့အောင်ပဲရှုပါ။ တွေ့အောင်ရှုမှ တရားတွေ့မှာပါ၊ မဂ်ရမှာပါ၊ နိဗ္ဗာန်ရမှာပါ၊ အေး ငြိမ်းမှာပါ။

မဂ်နှင် မဂ္ဂင်။ ။ဒီနေရာမှာ ယောဂီတို့ မဂ်နှင့် မဂ္ဂင် အကြောင်းကို ရှင်းပြချင်ပါသေးတယ်။ ယောဂီတို့ လိုချင်ရမှာက နိဗ္ဗာန်၊ ရှာရမှာက မဂ်၊ အေး အဲဒီမဂ်ကို ဘာနှင့်ရှာမလဲ၊ အဲဒီအဖြေဟာ အရေးကြီးပါတယ်။ အဲဒီအဖြေသဘောပေါက်အောင် ဆိုကြည့်စမ်းပါ။

## (ဿ) ရှစ်ပါးပြည့်သော်မဂ်ဟုခေါ်၊ ကွဲသော်မဂ္ဂင်

ဘုန်းကြီးတို့ နောက်က မဂ်အကြောင်းကို ပြောပြီးပြီနော်၊ ယခု မဂ္ဂင်အကြောင်းကို ပြောမယ်။ ပြီးမှ မဂ်နှင့်မဂ္ဂင် ပြန်ပြောမယ်။ ယခု ဒီလင်္ကာမှာ ရှစ်ပါးပြည့်သော် မဂ်ခေါ်တယ်။ ရှစ်ပါးမပြည့်သေးဘဲနဲ့ တစ်ပါးစီကွဲနေရင် မဂ္ဂင်တဲ့။ အဲဒီကွဲနေရင် မဂ်ဆိုတဲ့ မဂ္ဂင်ဟာ ဘယ်နှစ်ပါးရှိလဲ မေးရင် ရှစ်ပါးပြည့်သော်လို့ ဆိုတဲ့အတွက် ရှစ်ပါး ရှိဘယ် ပေါ့။ ရှစ်ပါးက ဘာတွေလဲ

၁။ **သမ္မာဒိဋ္ဌိ**-ဖြူစင်ဖြောင့်မတ် ကောင်းမြတ်စင်ကြယ်သော ဉာဏ်အမြင်၊

၂။ **သမ္မာသင်္ကပ္ပ**-ဖြူစင်ဖြောင့်မတ် ကောင်းမြတ်စင်ကြယ်သော အကြံအစည်၊

၃။ **သမ္မာဝါစာ**-ဖြူစင်ဖြောင့်မတ် ကောင်းမြတ်စင်ကြယ်သော ပြောဆိုမှု၊

၄။ **သမ္မာကမ္မန္တ**-ဖြူစင်ဖြောင့်မတ် ကောင်းမြတ်စင်ကြယ်သော ပြုလုပ်မှု၊

၅။ **သမ္မာအာဇီဝ**-ဖြူစင်ဖြောင့်မတ် ကောင်းမြတ်စင်ကြယ်သော အသက်မွေးမှု၊

၆။ **သမ္မာဝါယမ**-ဖြူစင်ဖြောင့်မတ် ကောင်းမြတ်စင်ကြယ်သော လုံ့လဝီရိယမှု၊

၇။ **သမ္မာသတိ**-ဖြူစင်ဖြောင့်မတ် ကောင်းမြတ်စင်ကြယ်သော မမေ့လျော့မှု၊

## ၈။ သမ္မာသမာဓိ–ဖြူစင်ဖြောင့်မတ် ကောင်းမြတ် စင်ကြယ်သော စိတ်တည်ကြည်မှု

တို့ဖြစ်ပါတယ်။ နိဗ္ဗာန်လိုချင်လို့ မဂ်ကိုရှာမယ့် ယောဂီတွေဟာ အဲဒီရှစ်ပါးလောက်တော့ သိထား ရထားသင့်ပါတယ်။ ဒါမှ တစ်ပါးစီလား၊ ရှစ်ပါးပြည့်သွားလား၊ ဘာလိုသေးလဲ စသည်ဖြင့် သိနိုင်မှာပေါ့။ ပြီးတော့ မဂ္ဂင်ဟုတ်မဟုတ်၊ မဂ်ဟုတ်မဟုတ် သိမှာပေါ့။ နို့မဟုတ်ရင် ဘယ်လိုသိနိုင်မှာလဲ။

အခုပြောခဲ့တဲ့ တစ်ပါး တစ်ပါးစီဆိုရင် အစိတ်အပိုင်း အင်္ဂါလို့ ခေါ်ပါတယ်။ ရှစ်ပါးလုံးပြည့်သွားရင် တစ်ပါးစီရဲ့ အမည်ပျောက်သွားပြီး 'မဂ်' လို့ အပေါင်းအမည် ဖြစ်သွားပါတယ်။

ဥပမာဆိုပါတော့ လှည်းလို့ခေါ်ကြတယ်။ အဲဒီလှည်းကို ထမ်းပိုးဖြုတ်၊ ဝင်ရိုးဖြုတ်၊ ဘီးဖြုတ်၊ လှည်းသန်ဖြုတ်စသည်ဖြင့် တစ်ခုစီဖြုတ်လိုက်ရင် လှည်းဆိုတဲ့အမည် ပျောက်သွားပြီ။ တစ်ခုခြင်းတစ်ခုစီရဲ့အမည်၊ အစိတ်အပိုင်းရဲ့အမည်ပဲ ရှိတော့တယ်၊ ခေါ်တော့မယ်။

အဲဒီ အစိတ်အပိုင်းတွေ တစ်ခါပြန်ဆက်၊ တစ်ခုတစ်ခုစီရဲ့ အမည်ပျောက်ပြီး လှည်းဆိုတဲ့အမည် ရောက်သွားပြန်ရော။ ထမ်းပိုး၊ ဝင်ရိုး၊ ဘီး၊ လှည်းသန် စတဲ့ အမည်တွေ မရှိတော့ဘူး။

အေး....အဲဒီ အတူပဲ၊ 'မဂ်' ဆိုတဲ့အမည်နဲ့ 'လှည်း' ဆိုတဲ့ အမည်တူပါတယ်။ မဂ္ဂင်ဆိုတဲ့အမည်နဲ့ ထမ်းပိုး၊ ဝင်ရိုး၊ ဘီး၊ လှည်းသန်စတဲ့ အမည်တွေဟာ တူကြပါတယ်။

**၁။ သမ္မာဒိဋ္ဌိမဂ္ဂင်။** ဒါကြောင့် မဂ္ဂင်ရှစ်ပါးမပေါင်းခင် ဘုန်းကြီးတို့ ယောဂီတွေ တစ်ခု တစ်ခုစီကို သေသေချာချာ နားလည်ထားသင့်ပါတယ်၊ မင်္ဂရဲ့ အင်္ဂါရှစ်ပါးရှိရာ တစ်ပါး တစ်ပါးစီရဲ့ အစွမ်းသတ္တိကို သေချာစွာ သိရှိနားလည် ထား ရပါမယ်။

ယောဂီတို့၊ ဘုန်းကြီးက တရားအားထုတ်နေစဉ်မှာ ခဏ ခဏ လာလာပြီး သတိပေးလေ့ရှိတယ်။ ယောဂီတို့ မိမိစိတ် ကို မိမိတို့ပြန်ကြည့်ပါ၊ ခဏခဏ ပြန်ကြည့်ပါ။ ယောဂီတို့စိတ် မှာ ဒီမဂ္ဂင်တွေ ယှဉ်မယှဉ် ဖြစ်မဖြစ် သိအောင် ပြန်ကြည့်ခိုင်း တာပါ။ အဲဒီလို ပြန်ကြည့်ခိုင်းပေမယ့် ယောဂီတို့က အဲဒီ မဂ္ဂင်တွေကို သိမထားရင် ပြန်ကြည့်သော်လည်း မသိနိုင်ပါ။ ဒါကြောင့် သိအောင် ဆိုကြည့်ပါမယ်။

သစ္စာလေးသင်း ဉာဏ်ရောင်လင်း ဖောက်ထွင်း
သမ္မာဒိဋ္ဌိမင်္ဂ (သမ္မာဒိဋ္ဌိမဂ္ဂင်)

သစ္စာလေးပါးကို ထိုးထွင်းသိတဲ့ဉာဏ်ကို သမ္မာဒိဋ္ဌိမဂ္ဂင်လို့ ခေါ်ပါတယ်။ ဒီသမ္မာဒိဋ္ဌိမဂ္ဂင်ဟာ မဂ္ဂင်ရှစ်ပါးမှာ အချုပ် အချာ ပဓာနပါ။ ဒီသမ္မာဒိဋ္ဌိဟာ

၁။ ကမ္မဿကတာ သမ္မာဒိဋ္ဌိ
၂။ ဒသဝတ္ထုက သမ္မာဒိဋ္ဌိ
၃။ စတုသစ္စသမ္မာဒိဋ္ဌိ

ရယ်လို့ သုံးမျိုးရှိပါတယ်။ ဒီမဂ္ဂင်ရှစ်ပါးအကျင့်တရား နေ ရာမှာတော့ အဓိကအားဖြင့် စတုသစ္စသမ္မာဒိဋ္ဌိဟာ လိုရင်းပါ။

**ကမ္မဿကတာသမ္မာဒိဋ္ဌိ**။ ဒါပေမယ့် ကမ္မဿကတာ သမ္မာဒိဋ္ဌိအကြောင်းကို နည်းနည်းပြောပါဦးမယ်။ ဒီသမ္မာဒိဋ္ဌိဟာ အခြေခံသမ္မာဒိဋ္ဌိပါ။ဒါကြောင့်သေသေချာချာမှတ်ထားပါ။

သတ္တဝါတို့အား မိမိတို့ပြုကြတဲ့ ကောင်းမှုမကောင်းမှုကံသည်သာလျှင် ဘဝများစွာ ကမ္ဘာများစွာ သွားလေရာ မိမိတို့သန္တာန်မှာ အစဉ်ပါသော ကိုယ်ပိုင်ဥစ္စာ ရှိကြတယ်လို့ သိမြင်သော ဖြူစင်ဖြောင့်မတ်သော ကောင်းမြတ် စင်ကြယ်သော ဉာဏ်အမြင်ကို 'ကမ္မဿကတာ သမ္မာဒိဋ္ဌိ'လို့ ခေါ်ပါတယ်။

'ကံ' ဆိုတာ 'ကမ္မ' ဆိုတဲ့ပုဒ်က လာတဲ့စကားပါ။ အားထုတ် လုပ်ကိုင်မှုလို့ အဓိပ္ပာယ်ရပါတယ်။ အဲဒီ အားထုတ်လုပ်ကိုင်မှုက သုံးမျိုးရှိပါတယ်။ ဘာတွေလဲဆိုတော့

၁။ လက်ခြေ အစရှိကုန်သော ကိုယ် အင်္ဂါ တို့ ဖြင့် အားထုတ်လုပ်ကိုင်မှု ကာယကံ၊

၂။ နှုတ်လျှာခံတွင်းဖြင့် ရွတ်အံဟောပြောမှု ဝစီကံ၊

၃။ စိတ်ဖြင့်ကြံဖန်မှု ကြံစည်တွေးတောမှု မနောကံ

တို့ ဖြစ်ပါတယ်။ အဲဒီ သုံးမျိုးကို ကံသုံးပါးလို့ ခေါ်ပါတယ်။

'သတ္တဝါ အားလုံးတို့ဟာ အိပ်ပျော်တဲ့ အခါကို ချန်လှပ်၍ ကြွင်းသော နေ့ညဥ့်တို့၌ အဲဒီ ကံသုံးပါးနှင့် နေကြရပါတယ်'' အလုံးစုံသော ကိစ္စကြီးငယ်တို့ကို အဲဒီ ကံ သုံးပါးနှင့် ဆောင်ရွက်ကြရပါတယ်။ အေး အိပ်ပျော်ဆဲ အခါမှာ

သော့ အဲဒီ ကံ သုံးပါးဟာ ငြိမ်သက်၍ နေပါတယ်။ အဲ....
သေတဲ့ အခါလာင်းကောင်မှာတော့ အဲဒီ ကံ သုံးပါး ချပြ
တယ်။

**ကောင်းကံ မကောင်းကံ**။ ။အဲဒီ ကံသုံးပါး က လည်း ကောင်းတဲ့ ကံ သုံးပါး၊ မကောင်းတဲ့ ကံ သုံးပါးရယ်လို့ နှစ်မျိုး ရှိပါတယ်။ ကောင်းတဲ့ ကံ သုံးပါးကလည်း ယခု ဘဝအတွက် ပြုကြရတဲ့ ကံ သုံးပါး၊ နောက်နောင် ဘဝ အတွက် ပြုကြရတဲ့ ကံ သုံးပါးရယ်လို့ နှစ်မျိုး ရှိပြန်ပါတယ်။

မကောင်းတဲ့ ကံသုံးပါးကလည်း ယခု ဘဝအတွက် ပြုကြရတဲ့ ကံ သုံးပါး၊ နောက်နောင် ဘဝအဘွက် ပြုကြရတဲ့ ကံ သုံးပါးရယ်လို့ နှစ်မျိုး ရှိပြန်ပါတယ်။

**ပစ္စုပ္ပန်ကံ နှစ်မျိုး**။ ။မကောင်းမှု ဒုစရိုက် ၁၀ ပါးမှ မလွတ်ကင်းသော အလုံးစုံသော အသက်မွေးမှု ဥစ္စာစီးပွား ရှာမှု အစရှိသော ခပ်သိမ်းသောကံ သုံးမျိုးသည် ယခု ဘဝ အတွက် ပြုကြရတဲ့ မကောင်း ကံ မည်ပါတယ်။

မကောင်းတဲ့ ဒုစရိုက် ၁၀ ပါးမှ လွတ်ကင်းတဲ့ အလုံးစုံ သော အသက်မွေးမှု၊ ဥစ္စာစီးပွားရှာမှု၊ ပညာရှာမှု၊ ကုန် သွယ်မှု၊ လယ်ယာဥယျာဉ်လုပ်မှု၊ အစိုးရလခစားလုပ်မှု အစ ရှိသော ခပ်သိမ်းသော ကံ သုံးမျိုးသည် ယခုဘဝအတွက် ပြုကြရတဲ့ ကောင်းတဲ့ ကံ သုံးမျိုး မည်ပါတယ်။

**အနာဂတ် ကံ နှစ်မျိုး**။ ။နောက်နောင် ဘဝအတွက် ယခုဘဝက တင်ကူး၍ပြုကြတဲ့ ကံ သုံးပါးဟာလည်း ကောင်း

တဲ့ ကံ သုံးပါး၊ မကောင်းတဲ့ ကံ သုံးပါးရယ်လို့ နှစ်မျိုး ရှိပါတယ်။

'မကောင်းမှုဒုစရိုက် ၁၀ ပါးမှ လွတ်ကင်းတဲ့ လှူဒါန်းမှု၊ ဥပုသ်သီလ စောင့်သုံးမှု၊ တရားရှုပွား အားထုတ်မှု၊ ဂုဏ်တော်သုံးပါးတို့အား ကိုးကွယ်မှု၊ အရိုအသေပြုမှု အစရှိသော ကံ သုံးမျိုးဟာ နောက်နောင် ဘဝအတွက် ယခုဘဝက တင်ကူး၍ ပြုကြတဲ့ကောင်းမှုကံ မည်ပါတယ်။ နောက်နောင်ဘဝ၌ ကောင်းတဲ့ဘုံ ကောင်းတဲ့ဘဝသို့ ရောက်ဖို့ပြုကြတဲ့ ကံမျိုး ဖြစ်ပါတယ်။

မကောင်းမှု ဒုစရိုက် ၁၀ ပါး တို့တွင် တစ်ပါးပါးသော ဒုစရိုက်မှုမျိုးသည် ယခုဘဝအတွက်နှင့် ပြုကြသည်ဖြစ်စေ၊ နောက်နောင်ဘဝအတွက်နှင့် ပြုကြသည် ဖြစ်စေ၊ နောက်နောင်ဘဝ၌ အပါယ်ငရဲသို့ ချတတ်သောကံမျိုး ဖြစ်ခဲ့၍ နောင်ဘဝအတွက် ပြုကြတဲ့ မကောင်းမှုကံမျိုး မည်ပါတယ်။

မြေ့ာ်မြင်သိကြပါ။ ။ယောဂီတို့ ယခုမျက်မြင် ထင်ရှား ရှိတဲ့ ဒီကမ္ဘာကြီး၌ ဒီကံ သုံးပါး တရုန်းရုန်း၊ တအုန်းအုန်း ဖြစ်၍နေတာကို သိမြင်ကြသဖြင့် ကုန်လွန်လေပြီဖြစ်တဲ့ အပအဆုံးမရှိ များပြားလှစွာ ကုန်သော ရှေးရှေးသော အတိတ်ကမ္ဘာကြီးတို့၌ လည်းကောင်း၊ နောက်နောင် အသစ် အသစ် ဆက်ကာ ဆက်ကာ ဖြစ်ပေါ်လာခဲ့ကုန်သော အနာဂတ် ကမ္ဘာကြီးတို့၌ လည်းကောင်း ကုန်း သတ္တဝါ၊ ရေ သတ္တဝါ၊ ကောင်းကင် သတ္တဝါ အားလုံးတို့၏ တရုန်းရုန်း

တအုန်းအုန်း ကံ သုံးပါး အမှုတွေကို အကုန် အမြော်မြင် သိရှိကြပါ။

ဒီအမှာ လောကဓာတ်ကြီးမှာကဲ့သို့ အရှေ့၊ အနောက်၊ တောင်၊ မြောက် အစရှိကုန်သော ကမ္ဘာလောကဓာတ် အနန္တတို့၌လဲ ကုန်းသတ္တဝါ၊ ရေသတ္တဝါ၊ ကောင်းကင်သတ္တဝါတို့ရဲ့ ကံ သုံးပါး အမှုတွေကို မြော်မြင် သိရှိကြပါ။

ကံသာလျှင် ကိုယ်ပိုင်ဥစ္စာ။ ။အဲဒီလို အကုန်မြင်မိကြသည့်ရှိသော် အားလုံးသော သတ္တဝါတို့သည် မိမိတို့ ကိုယ်ခန္ဓာမှ ဖြစ်သော ကံ သုံးပါးတို့ဖြင့် အသက်ရှည်ကြရပါတယ်၊ အဲဒီ ကံ သုံးပါးတို့ဖြင့် ချမ်းသာသုခကို ရကြပါတယ်။

ဟုတ်ပါတယ်၊ ကောင်းသောကံ သုံးပါးကို ပြု၍ ကောင်းကျိုးသုခ အမျိုးမျိုးကို ရကြပါတယ်၊ မကောင်းသောကံ သုံးပါးကို ပြု၍ မကောင်းကျိုး ဒုက္ခ အမျိုးမျိုးကို ရကြပါတယ်။

မိမိတို့ ပြုထားကြတဲ့ ကံ သုံးပါးသည်သာလျှင် သတ္တဝါတို့မှာ အတွင်းဥစ္စာ အမှန်ဖြစ်ပါတယ်။ မီးဘေး၊ ရေဘေး ခိုးသူ့ဘေးဖြစ်ဘေးတို့ကြောင့် မပျက်မဆုံးနိုင်သော ထာဝရဥစ္စာ အမှန်ဖြစ်ပါတယ်။

တခြား တစ်ပါးသောဥစ္စာဟူ၍ ကြေးနီ ပိုက်ဆံ တစ်ပြားတန်မျှ မရှိသော်လည်း အတတ်ပညာ၊ အသိမှာဟူသော မနောကံရှိခဲ့လျှင် ချမ်းသာအောင် ကြံဆောင်နိုင်ပါတယ်။

အဲဒီ အတူပါပဲ၊ ရေတိရစ္ဆာန်နှင့် ကုန်းတိရစ္ဆာန်၊ ကောင်း

ကင်ပုံ တိရစ္ဆာန်တို့သည် ကံ သုံးပါး သက်သက်နှင့် အသက် ရှည်ကြရကုန်၏။

**ပစ္စုပ္ပန်ကံပေးပုံ။** ။ယောဂီတို့ ယခုဘဝတွင် ပစ္စည်းဥစ္စာ ပေါများခြင်း၊ အစိုးရဂုဏ်ကျက်သရေနှင့် ပြည့်စုံခြင်း အစ ရှိသော ကောင်းကျိုးချမ်းသာတို့ကို အလိုရှိကြသူတို့အား အတတ်ပညာ အလိမ္မာမျိုးကို ကောင်းစွာ ပြည့်စုံအောင် အား ထုတ် လုပ်ဆောင်ပါလျှင် အဲဒီကောင်းကျိုး ချမ်းသာတို့ကို ရနိုင်ပါတယ်။

အတတ်ပညာ အလိမ္မာမျိုးကို အားမထုတ်ဘဲ ဖန်ဆင်းရှင်၊ တန်ခိုးရှင်တို့ကို ယုံကြည်ကိုးကွယ်၍ အဲဒီကဲ့သို့သော ကောင်း ကျိုးချမ်းသာတို့ကို ရတယ်ဟူ၍ မရှိပါ။

ဒါကြောင့် ယောဂီတို့ဟာ ယခုဘဝတွင် ပစ္စည်းဥစ္စာနှင့် ပြည့်စုံခြင်း၊ အစိုးရဂုဏ်သရေနှင့်ပြည့်စုံခြင်း အစရှိတဲ့ ကောင်း ကျိုးချမ်းသာတို့ကို ဖန်ဆင်းရှင်၊ တန်ခိုးရှင်တို့ ပေး၍ရကြ တာ မဟုတ်ပါ။ ကာယကံ၊ ဝစီကံ၊ မနောကံ ဟူသော မိမိတို့ ပစ္စုပ္ပန်ကံပေး၍ ရကြတယ်လို့ သိမြင် ယုံကြည်ကြပါ။

**အတိတ်ကံက ပေးပုံ။** ။ဥစ္စာမနေ ကြွယ်ဝသောမျိုး၌ ရှေးကံပို့ချ၍ ပဋိသန္ဓေနေသူမှာ အဲဒီအမျိုး၌ ရှိသမျှသော ဥစ္စာမနေတို့ဟာ အဲဒီသူ့ရဲ့ ဥစ္စာဖြစ်ကြပါတယ်။ အဲဒီ ဥစ္စာစု သည် အဲဒီလူမှာ ရှေးက ပေး၍ ရသည်မည်ပါတယ်။

**ဥတုကြောင့် ဖြစ်ကြသည်။** ။ယောဂီတို့ မြေ၊ ရေ၊ တော၊ တောင်၊ နေ၊ လ၊ နက္ခတ်တာရာ၊ ကြယ်ကြီးကြယ်ငယ်တို့မှ

စ၍ အလုံးစုံသော ကမ္ဘာ့ အဆောက်အဦတို့သည် ဥတုလို့ ခေါ်တဲ့ တေဇောအမျိုးမျိုးဟူသော မျိုးစေ့တို့မှ ဖြစ်ပွားကြပါတယ်။ ဖန်ဆင်းရှင် တန်ခိုးရှင်တို့ ဖန်ဆင်းလိုက်ကြတာ မဟုတ်ပါ။

**ကံကြောင့်ဖြစ်သည်။** ။လူ-တိရစ္ဆာန်တို့ အစရှိကုန်သော သတ္တဝါအပေါင်းတို့သည် ရှေးရှေးကမ္ဘာ၊ ရှေးရှေးဘဝတို့၌ မိမိတို့ပြုစုခဲ့ကြသော ကံတည်းဟူသော မျိုးစေ့တို့မှ နောက်နောင်ဘဝတို့၌ အသစ်အသစ် ဖြစ်ပွား၍ နေကြပါတယ်။ ဖန်ဆင်းရှင်၊ တန်ခိုးရှင်တွေ ဖန်ဆင်း၍ဖြစ်ကြတာ မဟုတ်ပါ။

အဲဒီသို့ အမှန်သိမြင် ယုံကြည်မှုဟာ 'သမ္မာဒိဋ္ဌိ' မည်ပါတယ်။ ဖန်ဆင်းရှင် တန်ခိုးရှင် ဖန်ဆင်း၍ ဖြစ်ကြဘယ်လို့ သိမြင်ယုံကြည်မှုဟာ 'မိစ္ဆာဒိဋ္ဌိ' မည်ပါတယ်။

ဟုတ်မှန်သော ဥတု အစွမ်း၊ ကံအစွမ်းတွေကို စေ့စေ့စုံစုံ မြင်နိုင်သော ဉာဏ်မရှိသည့်အတွက်ကြောင့် ဖန်ဆင်းရှင်၊ တန်ခိုးရှင်တွေက ဖန်ဆင်းလာလို့ ဖြစ်တယ်လို့ ကြံဖန်ရမ်းဆ၍ ယူခဲ့ကြတဲ့ မိစ္ဆာအယူမျှသာ ဖြစ်ပါတယ်။

အဲဒါကြောင့် အဲဒီအယူအဆကို စွန့်ပစ်၍ အသိအလိမ္မာ ဉာဏ်ပညာ ကံဘုရားတို့ကိုသာ အားကိုးအားထား ကြိုးစားအားထုတ်စေခြင်းဖြင့် ဘုရားရှင်က....

သတ္တဝါတို့အား မိမိတို့ပြုကြသော ကောင်းမှု မကောင်းမှု နှစ်ပါးသည်သာလျှင် ဘဝများစွာ ကမ္ဘာများစွာ သွားလေရာရာ မိမိသန္တာန်မှာ အစဉ်ပါသော ကိုယ်ပိုင်ဥစ္စာ ရှိကုန်ကြ

သည်လို သိကြသော သမ္မာဒိဋ္ဌိကို ပြောပြပါတယ်၊ ဒီသမ္မာဒိဋ္ဌိကို 'ကမ္မဿကတာ သမ္မာဒိဋ္ဌိ' လို့ ခေါ်ပါတယ်။

ဒသဝတ္ထုက သမ္မာဒိဋ္ဌိ။ ။ကမ္မဿကတာ သမ္မာဒိဋ္ဌိ အကြောင်းကို အကျဉ်းချုပ်အားဖြင့် အဲဒီလောက်ပဲ ပြောပါရစေတော့၊ ယခု ဆက်လက်ပြီး ဒသဝတ္ထုက သမ္မာဒိဋ္ဌိ အကြောင်းကို ပြောကြရအောင်ပါ။ ဉာဏ်၏ သက်ဝင်ရာတွေ အပြား ၁၀ ပါး ရှိသော သမ္မာဒိဋ္ဌိကို ဒသဝတ္ထုက သမ္မာဒိဋ္ဌိလို့ ခေါ်ပါတယ်၊ အဲဒီ ဒသဝတ္ထုက သမ္မာဒိဋ္ဌိ ၁၀ ပါးကတော့....

၁။ ပထမ သမ္မာဒိဋ္ဌိ။ ။အတ္ထိဒိန္နံ-ပေးကမ်း လှူဒါန်းမှု ဟူသော ဒါနကုသိုလ်မျိုး၏ အကျိုးရင်း အကျိုးဆက်သည် အမှန်ရှိ၏။ အဲဒီမှာ 'အတ္ထိဒိန္နံ' ဆိုတာ ရှေးရှေး ဘဝတို့၌ ရွှေ၊ ငွေ၊ ကြက်၊ ငှက်၊ လူ ရှင် ရဟန်းအစရှိသော ထိုပါးသော သတ္တဝါတို့အား ကြည်ဖြူသော စိတ်စေတနာဖြင့် စွန့်ကြဲ ပေးကမ်း၊ လှူဒါန်း ကျွေးမွေးခြင်းကို ပြုကြသည်ရှိသော် နောက်နောင်ဘဝတို့၌ ကောင်းကျိုးချမ်းသာကို ပေးနိုင်သော ဒါနမည်သော ကုသိုလ်မျိုးသည် လောက၌ ကေန်ရှိတယ်လို့ သိမြင်ယုံကြည်သော သမ္မာဒိဋ္ဌိ ဖြစ်ပါတယ်။

၂။ ဒုတိယသမ္မာဒိဋ္ဌိ။ ။အတ္ထိယိဋ္ဌံ-ယဇ်ခေါ်သော ပူဇော်ကြီးမျိုး၏ အကျိုးရင်း အကျိုးဆက်သည် အမှန်ရှိ၏။ အဲဒီမှာ အတ္ထိယိဋ္ဌံ ဆိုတာ ရှေးရှေးဘဝတို့၌ ကံကို လည်းကောင်း၊ အလှူခံပုဂ္ဂိုလ်၏ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်ကို လည်း

ကောင်း ယုံကြည်သော သဒ္ဓါဖြင့် ပူဇော်လှူဒါန်းခြင်းကို ပြုကြ သည်ရှိသော် နောက်နောင်သော ဘဝတို့၌ ကောင်းကျိုးချမ်း သာကို ပေးခြင်းငှာ စွမ်းနိုင်သည်မည်သော ကုသိုလ်မျိုးသည် လောက၌ ကောန်ရှိတယ်လို့ သိမြင်ယုံကြည်သော သမ္မာဒိဋ္ဌိ ဖြစ်ပါတယ်။

၃။ **တတိယသမ္မာဒိဋ္ဌိ။** ။အတ္ထိဟုတံ-ဟုန်း ခေါ်သော ပူဇော်မှုငယ်မျိုး၏ အကျိုးရင်း အကျိုးဆက် ရှိ၏။ အဲဒီမှာ 'အတ္ထိဟုတံ'ဆိုတာ ရှေးရှေးသော ဘဝတို့၌ ကြည်ဖြူသော စိတ်စေတနာဖြင့် ပဏ္ဏာလက်ဆောင်ကိစ္စနှင့် ပေးကမ်းခြင်းကို ပြုကြသည်ရှိသော် နောက်နောင်ဘဝတို့၌ ကောင်းကျိုးချမ်း သာကိုပေးခြင်းငှာ စွမ်းနိုင်သော 'အာဟုန၊ ပါဟုန' မည် သော ကုသိုလ်မျိုးသည် လောက၌ ကောန်ရှိတယ်လို့ သိမြင် ယုံကြည်သော သမ္မာဒိဋ္ဌိ ဖြစ်ပါတယ်။

၄။ **စတုတ္ထသမ္မာဒိဋ္ဌိ။** ။အတ္ထိသုသုကတဒုက္ကဋာနံ ကမ္မာနံဖလံ ဝိပါကော-ကောင်းစွာပြုအပ် မကောင်းစွာ ပြုအပ်ကုန်သော ဒုစရိုက်ကံ၊ သုစရိုက်ကံတို့၏ အကျိုးဆက် အကျိုးရင်းသည် ရှိ၏။ အဲဒီမှာ 'အတ္ထိသုကတဒုက္ကဋာနံ ကမ္မာနံ ဖလံဝိပါကော' ဆိုတာ ရှေးရှေးသော ဘဝတို့၌ အသက်ရှိသည့် လူသတ္တဝါ၊ တိရစ္ဆာန် သတ္တဝါတို့ကို သတ်ပုတ်ညှဉ်းဆဲခြင်း အစရှိသော ဒုစရိုက်မှု၊ သတ်ပုတ်ညှဉ်းဆဲမှုမှ ရှောင်ကြဉ်ခြင်း အစရှိသော သုစရိုက်မှုတို့ကို ပြုကြသည်ရှိသော် နောက်နောင်သော ဘဝ တို့၌ မကောင်းသော အကျိုးရင်းအကျိုးဆက်၊ ကောင်းသော

အကျိုးရင်း အကျိုးဆက်မည်သည့် လောက၌ ကေန်ရှိတယ်လို့ သိမြင်ယုံကြည်သော သမ္မာဒိဋ္ဌိ ဖြစ်ပါတယ်။

၅-၆။ ပဉ္စမ-ဆဋ္ဌမ **သမ္မာဒိဋ္ဌိ**။ ။အတ္ထိအယံလောကော-မျက်မြင်ဒိဋ္ဌ ဤလောကသည် အမှန်ရှိ၏။ အတ္ထိ ပရောလောကော-သေသည့်နောက်မှ ရောက်ကြရသော လောက တစ်ပါးဘုံတစ်ပါးသည် ရှိ၏။

တစ်နည်းဆိုသော်.... ဤလူလောကသည် အမှန်ရှိ၏။ အပါယ်လေးရပ်၊ ခြောက်ထပ်၊ နတ်ရွာ၊ ဗြဟ္မာ ၂၀ ဟူသော လောကသည် အမှန်ရှိ၏။

၇။ **သတ္တမ** သမ္မာဒိဋ္ဌိ။ ။အတ္ထိမာတာ-အမိ၌ ကောင်းစွာပြုမှု၊ မကောင်းစွာပြုမှု၏ အကျိုးရင်း အကျိုးဆက်သည် ရှိ၏။ အဲဒီမှာ 'အတ္ထိမာတာ'ဆိုတာ အမိ၌ကောင်းမှု ပြုစုခဲ့သည် ရှိသော်လည်းကောင်း၊ မကောင်းစွာ ပြစ်မှားခဲ့သည် ရှိသော်လည်းကောင်း နောက်နောင်သော ဘဝတို့၌ ကောင်းသော အကျိုး၊ မကောင်းသော အကျိုးတို့ကို ပေးခြင်းငှာ စွမ်းနိုင်သော ကံမည်သည် လောက၌ ကေန်ရှိတယ်လို့ သိမြင်ယုံကြည်တဲ့ သမ္မာဒိဋ္ဌိ ဖြစ်ပါတယ်။

၈။ အဋ္ဌမ **သမ္မာဒိဋ္ဌိ**။ ။အတ္ထိပိတာ-အဖ၌ ကောင်းစွာပြုမှု၊ မကောင်းစွာပြုမှု၏ အကျိုးရင်းအကျိုးဆက်သည် အမှန်ရှိ၏။ အဲဒီမှာ 'အတ္ထိပိတာ'ဆိုတာ အဖ၌ ကောင်းစွာပြုခဲ့သည် ရှိသော်လည်းကောင်း၊ မကောင်းစွာ ပြစ်မှားခဲ့သည် ရှိသော်

လည်းကောင်း နောက်နောင်သော ဘဝတို့၌ ကောင်းသော အကျိုး၊ မကောင်းသောအကျိုး ပေးခြင်းငှာ စွမ်းနိုင်သော ကံမည်သည် လောက၌ ကောန်ရှိ၏ဟု သိမြင်ယုံကြည်တဲ့ သမ္မာဒိဋ္ဌိ ဖြစ်ပါတယ်။

၉။ နဝမ သမ္မာဒိဋ္ဌိ။ ။အတ္ထိသတ္တာ ဩပပါတိကာ-လူတို့ မမြင်အပ်ကုန်သော ငရဲ၊ ပြိတ္တာ၊ နတ်၊ သိကြား၊ ဗြဟ္မာ ဟူကုန်သော ဥပပါတ် သတ္တဝါမျိုးတို့ အမှန်ရှိကုန်၏။ အဲဒီမှာ 'အတ္ထိသတ္တာ ဩပပါတိကာ'ဆိုဘာ လူတို့၏ ပကတိ မျက်စိဖြင့် မမြင်အပ်သော ဥပပါတ်သတ္တဝါတို့သည် လောက၌ ကောန်ရှိတယ်လို့ သိမြင်ယုံကြည်တဲ့ သမ္မာဒိဋ္ဌိ ဖြစ်ပါတယ်။

ဥပပါတ်သတ္တဝါ။ ။ယောဂီတို့၊ ဒီနေရာမှာ ဥပပါတ် ဆိုဘာ အမိဝမ်း၌ ပဋိသန္ဓေယူရသော သတ္တဝါမျိုး မဟုတ်ကြပါ။ ကိုယ်အင်္ဂါ၊ ဦးခေါင်းအင်္ဂါ၊ လက်အင်္ဂါ၊ ခြေအင်္ဂါ တို့နှင့် အလုံးစုံသည်ဖြစ်၍ နောက်၌တစ်ဖန် ကြီးပွားရန် မရှိဘဲ ရှေးဘဝတို့၌ ပြုခဲ့ကြသော ကံအစွမ်းဖြင့် တစ်ခါတည်း အပြီးအစီး ဖြစ်ပေါ်ကြတဲ့ သတ္တဝါတို့ ဖြစ်ပါတယ်။

အလုံးစုံသော ငရဲသတ္တဝါမျိုးတို့သည် ဥပပါတ်သတ္တဝါ မျိုးတို့ ဖြစ်ပါတယ်။ အချို့သော ပြိတ္တာမျိုး၊ အသုရကာယ် မျိုးတို့သည်လည်း ဥပပါတ် သတ္တဝါမျိုးတို့ဖြစ်ပါတယ်။

အချို့သော ဘုမ္မစိုးနတ်မျိုး၊ အချို့သောဘီလူးမျိုး သရဲ သဘက်မျိုး၊ အချို့သောနဂါးမျိုး၊ ဂဠုန်မျိုးတို့သည်လည်း ဥပပါတ် သတ္တဝါမျိုးတို့ဖြစ်ပါတယ်။

နတ်ပြည်ခြောက်ထပ်၌ နေကြသော နတ်အများတို့သည် ဥပပါတ် သတ္တဝါမျိုးတို့ ဖြစ်ပါတယ်။ ဗြဟ္မာပြည်၌ နေကြသော ဗြဟ္မာအများတို့သည်လည်း ဥပပါတ် သတ္တဝါမျိုးတို့ ဖြစ်ပါတယ်။

ဥပပါတ် သတ္တဝါတို့ကို မြင်နိုင် မမြင်နိုင်။ ။ယောဂီတို့ အဲဒီ ဥပပါတ် သတ္တဝါတို့ဟာ သူသတ္တဝါတို့၏ ကိုယ်ခန္ဓာ၌ ပူးကပ်တွယ်မှီ၍ နေကြကုန်သော်လည်း လူတို့ရဲ့ ပကတိမျက်စိ တို့ဖြင့် မမြင်ကောင်းကြကုန်။ လူတို့ရဲ့ ပကတိမျက်စိဖြင့် မြင်နိုင်လောက်သော အဆင်းသဏ္ဍာန် ဖန်ဆင်း၍ ဖော်ပြကြတဲ့ အခါမှသာ လူတို့ မြင်နိုင်ကြပါတယ်။

အဲဒီကဲ့သို့သော ဥပပါတ် သတ္တဝါမျိုးတို့သည် လောက၌ ကောန်ရှိကြတယ်လို့ သိမြင်ယုံကြည်ခြင်းဟာ နဝမ သမ္မာဒိဋ္ဌိ ဖြစ်ပါတယ်။

တစ်နည်းဆိုသော် လူ့ဘုံနှင့်တကွ အပါယ်လေးချပ်၊ ခြောက်ထပ် နတ်ရွာ၊ ဗြဟ္မာ ၂၀ ဟူသော ဤစကြဝဠာ လောကဓာတ်သည် အမှန်ရှိ၏။ ရှစ်မျက်နှာ အားလုံးတို့၌ အဆုံးမရှိသော တစ်ပါးသော လောကဓာတ် အနန္တသည် အမှန်ရှိ၏။

အဲဒီမှာ 'အတ္ထိအယံ လောကော၊ အတ္ထိပရော လောကော' ဆိုတာ လူ့ဘုံသည် ဤလောက မည်ပါတယ်၊ ငရဲ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ် ဟူသော အပါယ်လေးဘုံ၊ နတ်ဘုံ၊ ဗြဟ္မာဘုံတို့သည် ပရလောက မည်ပါတယ်။ အဲဒီလို လောက

နှစ်ပါး ရှိသည်ကို သိမြင်ယုံကြည်သော သမ္မာဒိဋ္ဌိ နှစ်ပါး ဖြစ်ပါတယ်။

တစ်နည်းဆိုသော် ဤစကြာဝဠာတွင် ရှိနေကြကုန်သော လူ့ဘုံ၊ အပါယ် လေးဘုံ၊ နတ်သိကြား၊ ဗြဟ္မာတို့နေရာ ကောင်းကင်ဘုံတို့သည် ဤလောက မည်ပါတယ်။ ဤစကြာ ဝဠာမှ တစ်ပါးကုန်သော အဆုံးမရှိကုန်သော စကြာဝဠာ အနန္တတို့သည် လူ့လောက မည်ပါတယ်။ အဲဒီလို လောက နှစ်ပါး ရှိသည်ကို သိမြင်ယုံကြည်သော သမ္မာဒိဋ္ဌိ နှစ်ပါး ဖြစ်ပါတယ်။

၁၀။ ဒသမ သမ္မာဒိဋ္ဌိ။ ။အတ္ထိလောကေ သမဏ ဗြာဟ္မဏာသမ္မဂ္ဂတာ သမ္မာပဋိပန္နာ ယေ ဣမဉ္စလောကံ ပရ လောကံ အဘိညာသစ္ဆိကတွာ ပဝေဒေတိ-လူ့ဘုံ လူ့ဘဝ လူ့လောက၌ စိတ်ငြိမ်သက်ခြင်းသို့ ရောက်ကြ ကုန်သော ကောင်းစွာ ကျင့်ကြံကြပေကုန်သော သဗ္ဗညုတဘုရား အစ ရှိကုန်သော ရဟန်း ပုဏ္ဏားတို့သည် အမှန်ရှိကြကုန်၏။ အကြင် ရဟန်း ပုဏ္ဏားတို့သည် ဤလောကကိုလည်းကောင်း၊ တစ်ပါး သော လောကကိုလည်းကောင်း မိမိတို့ကိုယ်တိုင် အထူးသိမြင် ကြကုန်၍၊ မျက်မှောက်ပြုကြကုန်၍ လူအများကို ဟောကြား ဖော်ပြကြကုန်၏။

အဲဒီမှာ 'အတ္ထိလောကေ သစ္ဆိကတွာ ပဝေဒေတိ' ဆိုတာ အဘိညာဆိုတဲ့ ဉာဏ်ကြီးမျိုး ရှိတယ်၊ သဗ္ဗညုတဉာဏ်ခေါ်တဲ့ ဉာဏ်ပညာကြီးမျိုးလည်း ရှိတယ်။

ဤလူ့ပြည်၌ ပါရမီအလုပ်၊ သမထ ဘာဝနာ အလုပ်၊ ဝိပဿနာ ဘာဝနာ အလုပ်တို့ကို လွန်စွာ ကြိုးစားအားထုတ်နိုင်ကြကုန်သော ရဟန်း ပုဏ္ဏားတို့သည် ထိုသို့ ဉာဏ်ပညာမျိုးကို ရနိုင်ကြတယ်။ ထိုသို့ ဉာဏ်ပညာမျိုးတို့ကို ပေါက်ရောက် ထမြောက်အောင် လုပ်ကြံနိုင်ကြကုန်သော သူတို့သည် ဤလောက၌ ရံဖန်ရံခါ ပေါ်ပေါက်ကြတယ်။

အဲဒီနှစ်မျိုးတို့တွင် အချို့သော သူတို့သည် အဘိညာခေါ်သော ဉာဏ်ပညာကြီးတစ်မျိုးကိုသာ ပေါက်ရောက်နိုင်ကြတယ်။ ထိုသူတို့သည် အပါယ်လေးဘုံနှင့်တကွ နတ်ပြည်ခြောက်ထပ်ကိုလည်းကောင်း၊ အချို့သော ဗြဟ္မာပြည်တို့ကိုလည်းကောင်း ပကတိမျက်စိဖြင့် မြင်ကြကုန်သကဲ့သို့ ဉာဏ်ပညာမျက်စိဖြင့်လည်း သိမြင်ကြတယ်။

အချို့သောသူတို့သည် အဘိညာခေါ်သော ဉာဏ်ပညာကြီးမျိုးနှင့်တကွ သဗ္ဗညုတဉာဏ် ခေါ်သော ဉာဏ်ပညာမျိုးကြီးတိုင်အောင် ပေါက်ရောက်နိုင်ကြကုန်၏။ ထိုသူတို့သည် အလုံးစုံသော သတ္တဝါအနန္တ၊ ကမ္ဘာအနန္တ၊ စကြဝဠာအနန္တ၊ လောကဓာတ် အနန္တတို့ကို အကုန်အစင် သိမြင်နိုင်ကြကုန်၏။

အဲဒီလို အကုန်သိမြင်သော သူတို့ကိုသာလျှင် ဗုဒ္ဓသာသနာတော်၌ ဘုရား ဟူ၍ ခေါ်၏။

**ယုံကြည်ခြင်း သုံးပါး။** ။အဲဒီပုဂ္ဂိုလ် နှစ်မျိုး တို့သည် ဒီလူ့လောက၌ ရံဖန်ရံခါ ဖြစ်ပေါ်ကြကုန်၍ မိမိတို့ သိမြင်ကြကုန်သည့်အတိုင်း သတ္တဝါအပေါင်းတို့အား ဒီလောက

ကြီးကိုလဲ ထုတ်ဖော်၍ ဟောပြောကြပါတယ်။ အပါယ်လေးဘုံ၊ နတ်ပြည်ခြောက်ထပ်၊ ဗြဟ္မာဘုံ ၂၀ ဟု ဆိုအပ်သော လောကကိုလည်း ထုတ်ဖော်၍ ဟောပြောကြပါတယ်။

သဗ္ဗညုဘုရားရှင်တို့ သည်ကား ဤအနမတဂ္ဂ သံသရာ ရှိကြောင်း၊ ကမ္ဘာ အနန္တ ရှိကြောင်း၊ စကြဝဠာ အနန္တရှိကြောင်းကို ထုတ်ဖော်ဟောပြောကြပါတယ်။

အဲဒီကဲ့သို့သော အဘိညာဉ်ပုဂ္ဂိုလ်၊ သဗ္ဗညုဘုရားရှင်ပုဂ္ဂိုလ်တို့သည် လူ့ပြည်၌ ရံဖန်ရံခါ ဖြစ်ပေါ်ကြတယ်လို့ သိမြင်ယုံကြည်ခြင်း၊ ထိုပုဂ္ဂိုလ်တို့ကို သိမြင်ယုံကြည်ကြသဖြင့် ထိုပုဂ္ဂိုလ်တို့ ထုတ်ဖော်ပြောဟောသော တရားစကားကို ယုံကြည်ခြင်း၊ ပြဆိုပြီးခဲ့တဲ့ ပရလောက ဟူသမျှတို့ကို သိမြင်ယုံကြည်ခြင်း အဲဒီ သုံးပါးဟာ သမ္မာဒိဋ္ဌိကြီးတစ်ပါး ဖြစ်ပါတယ်။

အဲဒီ သမ္မာဒိဋ္ဌိကြီးရှိတဲ့ သူတို့မှာသျှင် အထက်ကောင်းကင်ဘုံတို့မှာ နတ်သိကြားဗြဟ္မာတို့သာ ရှိကြတယ်၊ သဗ္ဗညုဘုရားဟူ၍ မရှိကြပါ။ လူ့ပြည်၌သာ သဗ္ဗညုဘုရားဟူ၍ ရှိကြတယ်လို့ ယုံကြည်နိုင်ကြတယ်။

အဲဒီကဲ့သို့သော သမ္မာဒိဋ္ဌိ အမြင်မှန်မရှိကြတဲ့ သူတို့ဟာ အလုံးစုံကို အကုန် သိမြင်နိုင်တဲ့ သဗ္ဗညု ဘုရားတို့မည်သည် အောက်ကျသော လူ့ဘုံမှာ မဖြစ်နိုင်ရာ၊ အထက်ဘုံဖြစ်သော ကောင်းကင်ဘုံကြီး၌သာ ဖြစ်နိုင်ကြတယ်လို့ ကြံဆ၍ ယူကြပါတယ်။

တို့ရဲ့ ကုသိုလ်ကံများဟာ ကျေးငှက်တို့ရဲ့ အတောင်နှင့်တူပါ တယ်။ ရသေ့ ရဟန်းတို့ရဲ့ အဘိညာဉ်ဉာဏ်၊ သဗ္ဗညုတဉာဏ် များဟာ လူတို့ရဲ့ အသိအလိမ္မာ ဉာဏ်ပညာနှင့် တူပါတယ်။

ဘုရားမှန်လျှင် လူ့ပြည်တွင်မွှင့်။ ။အေး....ယောဂီ တို့ သေသေချာချာ နားကြားကြပါနော်။အထက်အထက် ဖြစ်ကုန် သော နတ်ပြည်ခြောက်ထပ် ဗြဟ္မာ ၂၀ ဆိုတဲ့ ကောင်းကင် ဘုံတို့၌ ရှိနေကြကုန်သော နတ်၊ ဗြဟ္မာတို့ရဲ့ ကုသိုလ်ကံများ ဟာ ကျေးငှက်တို့ရဲ့အတောင်နှင့် တူကြပါတယ်။ ရသေ့ ရဟန်းတို့ရဲ့ အဘိညာဉ်ဉာဏ်၊ သဗ္ဗညုတဉာဏ်များဟာ လူတို့ရဲ့ အသိအလိမ္မာ ဉာဏ်ပညာနှင့် တူကြပါတယ်။

အဲဒါကြောင့် အဲဒီ ဗြဟ္မာကြီးတွေဟာ ဘာဝနာစျာန် ကုသိုလ်ရဲ့အစွမ်းကြောင့် လေနတ်သား၊ လနတ်သားတို့ကဲ့သို့ အလွန်မြင့်သော အထက်ကောင်းကင်ဘုံကြီး၌ နေရတယ်။ တစ်ကမ္ဘာလုံး အသက်ရှည်ရတယ်။ ဘုန်းတန်ခိုးကြီးတယ်။

အေး....ဒါပေမယ့် အဲဒီ ဗြဟ္မာကြီးတွေမှာ အဘိညာဉ်ဉာဏ် သဗ္ဗညုတဉာဏ် မရှိသည့်အတွက်ကြောင့် နက်နဲသော တရား မျိုးတို့ကိုမူကား မသိနိုင်ကြပါ။ မိမိတို့ကိုယ်၌တွင် ဒိဗ္ဗမျိုး၌ သာ အဘိဉာဏ် ဖြစ်နိုင်ပါတယ်။ အေး....အဲဒီ ကဲ့သို့လျှင် အလုံးစုံသော အကုန် သိမြင်နိုင်တဲ့ ဘုရားရှင် မည်သည် ကောင်းကင်ဘုံတို့မှာ ဖြစ်နိုင်သည် မဟုတ်၊ လူ့ဘုံမှာသာ ဖြစ်နိုင်သည်လို့ သိမြင်ယုံကြည်ကြရန် တစ်ချက်။

ပကတိလူတို့ရဲ့ မျက်မြင်ဒိဗ္ဗ မဟုတ်ကြတဲ့ ကမ္ဘာ့ အခြင်း

အရာ၊ လောကဓာတ်အခြင်းအရာ၊ သတ္တဝါတို့ရဲ့ ဘဝအဆက်ဆက် ကျင်လည်ပုံ အခြင်းအရာ၊ ကုသိုလ် အကုသိုလ်ကံတို့ရဲ့ အကျိုးပေးပုံ အခြင်းအရာများကို

အတိသာဉာဏ် သဗ္ဗညုတဉာဏ်နှင့် ပြည့်စုံကြကုန်သော လူသားမဖြစ်သော သမ္မာ ဗြဟ္မာကိုသည်သာလျှင် ဟုတ်မှန်စွာ သိမြင်နိုင်ကြကုန်တယ်လို့ ယုံကြည်ရန် တစ်ချက်။

အဲဒီလို သိမြင်နိုင်ကြတဲ့ သမ္မာ ဗြဟ္မာတို့ရဲ့ သုတ်၊ ဝိနည်း၊ အဘိဓမ္မာ ဒေသနာစကားတို့ကိုသာလျှင် အဟုတ်အမှန်အားဖြင့် ယုံကြည်ရန်တစ်ချက်။ အဲဒီအချက်တို့ကို သိမြင်ယုံကြည်နိုင်ကြတဲ့ သမ္မာဒိဋ္ဌိဉာဏ်ဟာ 'အတ္ထိလောကေ သမ္မာ ဗြဟ္မာ သမ္မာဒိဋ္ဌိ' မည်ပါတယ်။

အဲဒီလောက်ဆိုရင် ဒသ ဝတ္ထုက သမ္မာဒိဋ္ဌိ အကြောင်းတော်လောက်ပါပြီ။

**စတုသစ္စသမ္မာဒိဋ္ဌိ**။ ။ယခု ဆက်လက်ပြီး ယခု မဂ္ဂင်ရှစ်ဖော် ယာဉ်ပျံတော်မှာ အရေးကြီးတဲ့ ဉာဏ်၏သက်ဝင်ရာ အဟုတ်ကြီးလေးပါး ထင်ရှားရှိသော သမ္မာဒိဋ္ဌိဖြစ်တဲ့ စတုသစ္စသမ္မာဒိဋ္ဌိအကြောင်းကို ပြောပြပါမယ်။ စတုသစ္စသမ္မာဒိဋ္ဌိဆိုတာ....

၁။ ဒုက္ခအမှန်ကို သိထားသော ဉာဏ်တစ်ပါး၊

၂။ ဒုက္ခ၏ပွားစီးကြောင်းအမှန်ကိုသိသောဉာဏ်တစ်ပါး၊

၃။ ဒုက္ခ၏ငြိမ်းမှုအမှန်ကို သိသောဉာဏ်တစ်ပါး၊

၄။ ဒုက္ခငြိမ်းခြင်းတို့ ပေါက်ရောက်ကြောင်း ဖြစ်သော ပဋိပတ်လမ်းမှန်ကို သိသောဉာဏ်တစ်ပါး။

အဲဒီလေးပါးကို စတုသစ္စ သမ္မာဒိဋ္ဌိလို့ ခေါ်ပါတယ်၊ ယောဂီဘို့ တရားအားထုတ်ဘာ အဲဒီသစ္စာလေးပါးကို သိဖို့ရာ အားထုတ်တာပါ။

## ၁။ ဒုက္ခသစ္စာသမ္မာဒိဋ္ဌိ ဒုက္ခအမှန်

လူ့မျက်စိ၊ နတ်မျက်စိ၊ ဗြဟ္မာမျက်စိ စသည်တို့ဟာ မိမိဌ် တွယ်တာတဲ့ လူနတ်ဗြဟ္မာ၊ သတ္တဝါတို့ကို လွန်စွာနှိပ်စက် ညှဉ်းပန်းတတ်သည်ဖြစ်၍ ကြောက်မက်ဖွယ် ကောင်းလှတဲ့ အနက်ကြောင့် ဒုက္ခသာ အမှန်ဖြစ်ပါတယ်။

အဲဒီအတူပါပဲ၊ လူ နတ် ဗြဟ္မာတို့ရဲ့ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ်တွေဟာ မိမိဌ် တွယ်တာတဲ့ လူနတ် ဗြဟ္မာ သတ္တဝါကို လွန်စွာ နှိပ်စက် ညှဉ်းပန်းတတ်သည် ဖြစ်၍ ကြောက်မက်ဖွယ် ကောင်းလှတဲ့အနက်ကြောင့် ဒုက္ခမျိုးသာ အမှန်ဖြစ်ပါတယ်။

**နှိပ်စက်ပုံ။** ။ယောဂီတို့ အဲဒီ မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ်-ခြောက်ပါးတို့တွင် မျက်စိဟာ အဘယ်မျှလောက် ဒုက္ခဒဏ်ချက်တို့ဖြင့် သတ္တဝါကို ညှဉ်းဆဲသလဲဆိုရင် သင်္ခါရဒဏ်ချက် ဝိပရိဏာမ ဒဏ်ချက်၊ ဒုက္ခ၊ ဒုက္ခဒဏ်ချက်ဖြင့် နှိပ်စက်ပါတယ်။

**တစ်နည်းပြောရရင် သင်္ခါရ ဒဏ်ချက်၊ သန္တာပ ဒဏ်ချက် ဝိပရိဏာမ ဒဏ်ချက်ဖြင့် နှိပ်စက်ပါတယ်။**

တစ်နည်းပြောရရင် ဇာတိဒုက္ခချက်၊ ဇရာဒုက္ခချက်၊ မရဏဒုက္ခချက်ဖြင့် နှိပ်စက်ပါတယ်။

တစ်နည်းပြောရရင် ရာဂမီး၊ ဒေါသမီး၊ လောဘမီး၊ မောဟမီးကို ပွားစီးစေ၍ နှိပ်စက်ပါတယ်။ မာနမီးကို ပွားစေ၍ နှိပ်စက်ပါတယ်။ သူ့အသက်သတ်ခြင်း အစရှိသော ဒုစရိုက်တရားတို့ကို ပွားစီးစေ၍ နှိပ်စက်ပါတယ်။ ဇာတိမီး၊ ဇရာမီး၊ မရဏမီး၊ သောက မီး၊ ဒုက္ခ မီး၊ ဒေါသ မီး၊ ဥပါယာသ မီးတို့ကို ပွားစီးစေ၍ နှိပ်စက်ပါတယ်။

**သင်္ခါရဖြင့်နှိပ်စက်ပုံ။** ။အေး-အဲဒီမှာ သင်္ခါရဒုက္ခချက်ဆိုတာ ရှေးဘဝ၌ ကုသိုလ်ကံကို အားထုတ်နိုင်မှ နောက်ဘဝ၌ လူမျက်စိ၊ နတ်မျက်စိ၊ ဗြဟ္မာမျက်စိ ဖြစ်ပေါ်ပါတယ်။ အားမထုတ်နိုင်ခဲ့ပါရင် ငရဲမျက်စိ၊ တိရစ္ဆာန်မျက်စိ၊ ပြိတ္တာမျက်စိ၊ အသူရကာယ်မျက်စိဖြစ်၍ သွားပါတယ်။

အဲဒါကြောင့်မို့ သုဂတိမျက်စိဟာ ကုသိုလ် ဟူသော သင်္ခါရ ဒုက္ခဒုက္ခချက်ဖြင့် သတ္တဝါတို့ကို အမြဲနှိပ်စက်ပါတယ်။ နောက်ဘဝ၌လဲ မပျက်စီးရအောင် စောင့်ရှောက်ထောက်ပံ့မှု ဟူသော သင်္ခါရ ဒုက္ခဒုက္ခချက်ဖြင့် အမြဲနှိပ်စက်ပါတယ်။

အဲဒီကဲ့သို့လျှင် သုဂတိမျက်စိသည် သတ္တဝါတို့ကို သင်္ခါရ ဒုက္ခဒုက္ခချက်ဖြင့် အမြဲနှိပ်စက်ပါတယ်။ အမြဲနှိပ်စက်ရတာက အနမတဂ္ဂသံသရာ၌ သင်္ခါရမှုနှင့် ကင်း၍ ဖြစ်ပေါ်သော သုဂတိမျက်စိဟူ၍ တစ်စုံတစ်ခုမျှ မရှိသောကြောင့် ဖြစ်ပါတယ်။

အေး-မျက်စိကိုသိရင် နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်တို့ကိုလည်း သိလောက်ပါပြီ။ အခုဆက်လက်ပြီး ဝိပရိဏာမဖြင့် နှိပ်စက်ပုံကို ပြောပြပါမယ်။

ဝိပရိဏာမဖြင့် နှိပ်စက်ပုံ။ ။ဝိပရိဏာမ ဒုက္ခချက်ဆိုတာ ပျက်စီးခြင်း ဆိုက်ခဲ့ရင် ခေါင်းပျက်စီးဘတ်တဲ့ အလေ့ကို ဆိုပါတယ်။ သတ္တဝါတွေမှာ စဖြစ်တဲ့ ပဋိသန္ဓေမှစ၍ ပျက်စီးနိုင်သော အခါဟူ၍ မျက်တောင်ခတ်ခဲ၊ လျှပ်တစ်ပြက်မျှ မရှိပါ။ ပျက်စီးမည်ကို ကြောက်ကြရန်အခွင့်အလမ်း အမြဲပါရှိနေပါတယ်။ ပျက်စီး၍သွားပြန်ရင်လည်း ကြီးစွာသော ဒုက္ခဖြစ်ကြပါတယ်။ အဲဒီကဲ့သို့လျှင် သင်္ခတမျက်စိသည် သတ္တဝါတို့ကို ဝိပရိဏာမ ဒုက္ခဒဏ်ချက်ဖြင့် အမြဲနှိပ်စက်ပါတယ်။

အေး-မျက်စိသိရင် နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်တို့ကိုလည်း သိလောက်ပါပြီ။ အခုဆက်လက်ပြီး ဒုက္ခ ဒုက္ခဖြင့် နှိပ်စက်ပုံကို ပြောပြပါမယ်။

ဒုက္ခ ဒုက္ခဖြင့်နှိပ်စက်ပုံ။ ။ယောဂီတို့ ဒုက္ခ ဒုက္ခဒဏ်ချက်ဆိုတာ ကာယိက ဒုက္ခ-ကိုယ်ဆင်းရဲ၊ စေတသိက ဒုက္ခ-စိတ်ဆင်းရဲကို ဆိုပါတယ်။ ရေမျက်စိ၊ ပြိတ္တာမျက်စိ၊ အသူရကာယ်မျက်စိဖြင့် မြင်ခိုက်ကြုံတဲ့အခါ အဲဒီ ဒုက္ခ ဒုက္ခဒဏ်ချက်ဖြင့် နှိပ်စက်မှု ထင်ရှားပါတယ်။

နှလုံးမသာဖွယ်သော **အာရုံ**ကို တွေ့မြင်၍ နှလုံးမသာခြင်း ဖြစ်သောအခါ၌လည်းကောင်း၊ နှလုံးမသာ၍ ထိုသို့ ကာယိက

ဒုက္ခမှုကိုပြုသော အခါ၌လည်းကောင်း ဒုက္ခဒုက္ခဒဏ်ချက်ဖြင့် နှိပ်စက်ပါတယ်။

မျက်စိ၌ ရောဂါဥပဒ် ဖြစ်လာသော အခါ၌လည်းကောင်း၊ မျက်စိကို စောင့်ရှောက်တောက်ပံ့မှုမျိုးနှင့် စပ်လျဉ်း၍ ကာယိက ဒုက္ခ၊ စေတသိက ဒုက္ခကို ခံရသောအခါ၌လည်းကောင်း မျက်စိသည် ဒုက္ခ ဒုက္ခဒဏ်ချက်ဖြင့် နှိပ်စက်ပါတယ်။

အဲဒီကဲ့သို့လျှင် မျက်စိသည် သတ္တဝါတို့ကို ဒုက္ခ ဒုက္ခဒဏ်ချက်ဖြင့် နှိပ်စက်ပါတယ်။

အေး-နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်တို့၌ အဲဒီအတူ သိပါတော့။ ယခုဆက်လက်ပြီး သန္တာပ ဒဏ်ချက်ဖြင့် နှိပ်စက်ပုံကို ပြောပြပါမယ်။

သန္တာပဖြင့် နှိပ်စက်ပုံ။ ။ယောဂီတို့ သန္တာပဒဏ်ချက်ဆိုတာ မျက်စိ၌ဖြစ်တဲ့ ကိလေသာစသည်အတွက် ပူပန်မှုကိုဆိုပါတယ်။ အဲဒီသန္တာပဒဏ်ချက်ဟာ နောက်၌ ရာဂမီးကို ပွားစည်းစေခြင်း၊ ဒေါသမီးကို ပွားစည်းစေခြင်း စသည်ပင်ဖြစ်ပါတယ်။

မျက်စိဟာ အဲဒီမျှလောက်သော ဒုက္ခ ဒဏ်ချက် တို့ဖြင့် သတ္တဝါတို့ကို လွန်စွာနှိပ်စက် ညှဉ်းပန်း တတ် သည် ဖြစ်၍ အနမတဂ္ဂ သံသရာ၌ အတွင်း အင်္ဂါကြီး တစ်ခု ပြု လုပ်၍ ကျင်လည်သည့်အတွက် ကြောက်မက်ဖွယ် ကောင်းလှသော ကြောင့် ဒုက္ခမျိုးသာ အမှန်ဖြစ်ပါတယ်။

နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်တို့၌လည်း အဲဒီနည်းတူ သိပါတော့။ အဲဒီကဲ့သို့လျှင် မျက်စိအစရှိကုန်သော ဓာတ်ဘူမက တရားတို့တွင် တစ်ခုခုသော တရားများ၌ များစွာသော ဒုက္ခဒဏ်ချက်၊ ဒုက္ခလက္ခဏာတို့ကို ကောင်းစွာ ထင်မြင်နိုင်သော ဉာဏ်သည် ဒုက္ခအမှန်ကို သိမြင်သော သမ္မာဒိဋ္ဌိဉာဏ် မည်ပါတယ်။

## ၂။ သမုဒ္ဒယသစ္စာ သမ္မာဒိဋ္ဌိ ဒုက္ခပွားကြောင်းအမှန်

ယောဂီတို့၊ ဒုက္ခသစ္စာ သမ္မာဒိဋ္ဌိအကြောင်းကို ပြောဟောပြီးသွားပါပြီ။ ယခုဆက်လက်ပြီး သမုဒယသစ္စာ သမ္မာဒိဋ္ဌိအကြောင်းကို ဟောပြောပြပါမယ်။ ယောဂီတို့ဟာ မျက်စိကို 'ငါ၏ဥစ္စာဟူ၍၊ ငါဟူ၍၊ ငါ့အတ္တာဟူ၍' တွယ်တာစွဲလမ်းနေသမျှသော သံသရာ ကာလပတ်လုံး ယောဂီတို့ရဲ့ မျက်စိသည် ဘဝအစဉ်ပွားစည်း၍သာ နေပါမယ်။ အဲဒီမျက်စိတို့ရဲ့ ဒဏ်ချက်တို့သည် ဘဝအစဉ်ပွားစည်း၍ နေကြပါမယ်။

အဲဒါကြောင့် မျက်စိ၌ တွယ်တာစွဲ လမ်းသော တဏှာလောဘသည် ဒုက္ခရဲ့ ပွားစည်းကြောင်းအမှန် ဖြစ်ပါတယ်။ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်တို့မှာလည်း မျက်စိအတူ ဖြစ်ပါတယ်။

အဲဒီကဲ့သို့ မြင်သော ဉာဏ်သည် ဒုက္ခရဲ့ ပွားစည်းကြောင်းအမှန်ကို မြင်သော သမ္မာဒိဋ္ဌိဉာဏ် ဖြစ်ပါတယ်။

## ၃။ နိရောဓသစ္စာ သမ္မာဒိဋ္ဌိ ဒုက္ခငြိမ်းမှုအမှန်

ယောဂီတို့၊ သမုဒယသစ္စာ သမ္မာဒိဋ္ဌိအကြောင်းကို ပြောပြီးသွားပါပြီ။ ယခု ဆက်လက်ပြီး နိရောဓသစ္စာ သမ္မာဒိဋ္ဌိအကြောင်းကို ရှင်းပြပြောပြပါမယ်။ ယောဂီတို့ဟာ ဘဝတစ်ခုခု၌ မျက်စိကို တွယ်တာသော တဏှာ၊ လောဘ၊ အပြီးချုပ်ငြိမ်းသည်မှ နောက်၌ မျက်စိသည် တစ်ဖန်ဖြစ်ပေါ်ခြင်းမရှိ၊ ချုပ်ငြိမ်းပါတယ်။ မျက်စိရဲ့ ဒဏ်ချက်တို့သည် တစ်ဖန် ဖြစ်ပေါ်ခြင်းမရှိ၊ ချုပ်ငြိမ်းကြပါတယ်။

နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်တို့လည်း အဲဒီအတူ သိပါ။ ယောဂီတို့ အဲဒီကဲ့သို့ သိမြင်သော ဉာဏ်သည် ဒုက္ခငြိမ်းမှုအမှန်ကိုမြင်သော သမ္မာဒိဋ္ဌိဉာဏ် ဖြစ်ပါတယ်။

## ၄။ မဂ္ဂသစ္စာ သမ္မာဒိဋ္ဌိ ဒုက္ခငြိမ်းကြောင်းအမှန်

ယောဂီတို့၊ နိရောဓသစ္စာ သမ္မာဒိဋ္ဌိအကြောင်းကို ပြောပြီးသွားပြီ။ ယခု ဆက်လက်ပြီး မဂ္ဂသစ္စာ သမ္မာဒိဋ္ဌိအကြောင်းကို ပြောပြောပါမယ်။ ယောဂီတို့ ယောဂီတို့ဟာ ကောင်းစွာ ပွားများအားထုတ်သဖြင့် မျက်စိရဲ့ သဘောသဘာဝကို ကောင်းစွာ မြင်လာတဲ့အခါ မျက်စိရဲ့ ဒဏ်ချက်တို့ကို ကောင်းစွာ မြင်လာတဲ့အခါ ယောဂီတို့မှာ မျက်စိ၌ တွယ်တာတဲ့ တဏှာလောဘ ချုပ်ငြိမ်းခြင်းသို့ ရောက်ပါမယ်။ သေသည်မှ နောက်၌ မျက်စိသည် ချုပ်ငြိမ်းခြင်းသို့ ရောက်ပါမယ်။ မျက်စိရဲ့ဒဏ်ချက်တို့သည် ချုပ်ငြိမ်းခြင်းသို့ ရောက်ကြပါမယ်။

ယောဂီတို့ နှား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်တို့မှာလည်း အဲဒီအတူ သိကြပါ။ အဲဒီကဲ့သို့ ဒုက္ခရဲ့ငြိမ်းကြောင်း ကောင်းစွာ ပွားများအားထုတ်ရန် လမ်းမှန်ကို သိမြင်တဲ့ဉာဏ်ဟာ ဒုက္ခရဲ့ ငြိမ်းခြင်းသို့ ပေါက်ရောက်ကြောင်းဖြစ်သော အကျင့်လမ်းမှန်ကိုမြင်သော သမ္မာဒိဋ္ဌိဉာဏ် မည်ပါတယ်။

**လိုရင်းပဓာန**

ယောဂီတို့၊ မဂ္ဂသစ္စာ သမ္မာဒိဋ္ဌိအကြောင်းကို ပြောဟောပြီးသွားပါပြီ။ ယခုဆိုရင် စတုသစ္စသမ္မာဒိဋ္ဌိအကြောင်း ပြီးသွားပါပြီ။ ဒီသမ္မာဒိဋ္ဌိမဂ္ဂင်မှာ ကမ္မဿကတာ သမ္မာဒိဋ္ဌိ၊ ဒသဝတ္ထုကသမ္မာဒိဋ္ဌိ၊ စတုသစ္စသမ္မာဒိဋ္ဌိရယ်လို့ သုံးပါးရှိရာ ဒီမဂ္ဂင်ရှစ်ပါးအရာ၌ ဒီစတုသစ္စသမ္မာဒိဋ္ဌိသည် လိုရင်းပဓာနဖြစ်ပါတယ်။

**သစ္စာလေးသင်း ဉာဏ်ရောင်လင်း**

ယောဂီတို့ဟာ သက်စွန့်ကြိုးပမ်းနဲ့ ဒီသပိတ်အိုင် တောရကြီးထဲသို့ လာရောက်ပြီး အားထုတ်နေကြတာဟာ အဓိကအားဖြင့် သစ္စာလေးပါး တရားကို ထိုးသွင်းသိဖို့ ဖြစ်ပါတယ်။ ဒါကြောင့် သမ္မာဒိဋ္ဌိမဂ္ဂင် လင်္ကာလေးကို ပြန်ပြီး ဆိုကြည့်စမ်းပါဦး။

သစ္စာလေးသင်း ဉာဏ်ရောင်လင်း
ဖောက်ထွင်း သမ္မာဒိဋ္ဌိမဂ်

မဂ္ဂင်ရှစ်ပါးထဲမှာ သစ္စာလေးပါးကို ဖောက်ထွင်းသိမြင်အောင် စွမ်းဆောင်နိုင်တဲ့ မဂ္ဂင်ဟာ ဘယ်မဂ္ဂင်လဲဆိုရင် ဒီသမ္မာ

ဒိဋ္ဌိမဂ္ဂင်ပါ။ သမ္မာဒိဋ္ဌိသုံးမျိုးမှာ စတုသစ္စသမ္မာဒိဋ္ဌိမဂ္ဂင်ပါ။ သစ္စာလေးပါးကို သိတယ်ဆိုတာ ပုဂ္ဂိုလ်၊ သတ္တဝါက သိတာ မဟုတ်ပါ။ ဒီသမ္မာဒိဋ္ဌိမဂ္ဂင်က သိတာပါ။

ယောဂီတို့၊ ခန္ဓာကိုယ်မှာ အခေါ်အားဖြင့် မျက်စိ၊ နား နှာ၊ လျှာ၊ ကိုယ်၊ စိတ်လို့ ခြောက်မျိုးရှိပါတယ်။ အဟုတ်ရှိ တာဖြင့် ရုပ်-နာမ်နှစ်ပါးပဲ ရှိပါတယ်။ အဲဒီ ရုပ်နာမ်နှစ်ပါး ဟာ ယောဂီတို့ကို လွန်စွာ နှိပ်စက် ညှဉ်းပန်းတတ်သည်ဖြစ်၍ ကြောက်မက်ဖွယ်ကောင်းတဲ့ အနက်ကြောင့် ဒုက္ခသာ အမှန်ဖြစ်တယ်လို့သိတာ ဒီသမ္မာဒိဋ္ဌိမဂ္ဂင်ရဲ့ အစွမ်းပါ။

အခု ယောဂီတို့ကို ရုပ်နာမ်နှစ်ပါးမှာ ရုပ်ကိုထင်ရှားလို့၊ ထင်ရှားတဲ့ ရုပ်ထဲမှာလည်း ဝါယောရုပ်က ပိုထင်ရှားလို့ အသက်ရှူသွင်း ရှူထုတ်တဲ့အခါမှာ နှာခေါင်းမှာ တိုးတိုး သွားတဲ့ တိုးသဘောရုပ်ကို တိုးတဲ့အခိုက်မှာ 'ရုပ်-ရုပ်'လို့ ရှုခိုင်းထားတယ်။

အဲဒီလို ရှုပွားအားထုတ်ရင်း ယောဂီတို့ရဲ့ဉာဏ်မှာ အဲဒီ တိုးသဘောရုပ်ရဲ့ သဘာဝဒုက္ခချက်ဖြင့် နှိပ်စက်ခံနေရပုံ၊ ဝိပရိဏာမဒုက္ခချက်ဖြင့် နှိပ်စက်ခံနေရပုံ၊ ဒုက္ခ ဒုက္ခဒုက္ခချက် ဖြင့် နှိပ်စက်ခံနေရပုံတို့ကို သိမြင်လာပါလိမ့်မယ်။

အဲဒီလိုရှုပွားတော့ တိုးသဘော ရုပ်ရဲ့ မမြဲပုံ၊ ဆင်းရဲပုံ၊ အစိုးမရပုံ စသည်တို့ကို သိမြင်လာရင် ဒုက္ခသစ္စာ ပိုင်းခြား သိတယ်ပေါ့။

အေး....ယောဂီတို့ တရားအားထုတ်တဲ့အခါမှာ ရည်ရွယ်

ချက် မမှားပါစေနဲ့။ တရားအားထုတ်တဲ့ ရည်ရွယ်ချက်က ဒုက္ခသစ္စာ ပိုင်းခြား သိဖို့ပါ၊ အနာရောဂါတွေ ပျောက်ဖို့ မဟုတ်ပါ။ ဝေဒနာကုန်အောင် အားထုတ်တာ မဟုတ်ပါ။

တချို့ တရားအားထုတ်ဘာ အထူးအဆန်းတွေ မြင်ချင်လို့ အားထုတ်ကြတာပါ။ အဲဒီလို အားထုတ်တော့ အထူးအဆန်း တွေကို မြင်ချင် တွေ့ချင်စိတ်နဲ့လည်း ရှုနေကြတယ်။

အေး....တိုးသဘောအချက်ကို 'ရုပ်'လို့ ရှုလိုက်၊ ဘယ်က များ ဘာပေါ်လာမလဲ၊ ဘာတွေ့မလဲ၊ ဘာတွေဖြစ်မလဲစသည် ဖြင့် စဉ်းစားမြော်မြင်ပြီး ရှုပွားနေတတ်ကြတယ်။ အဲဒီလိုရှုရင် အရှုအပွား မမှန်ပါ။

ဝိပဿနာရဲ့ အာရုံဟာ ရုပ်နာမ်ဖြစ်လို့ ရှုပွားစဉ် ရုပ်ကို အာရုံပြုရှုရင် ရှု၊ သို့မဟုတ်က နာမ်ကို အာရုံပြုရှုရပါမယ်။ အဲဒီလို ရှုတဲ့အခါ ရုပ်နာမ်ဒုက္ခကို ပိုင်းခြားသိလာပါလိမ့်မယ်။ အဲဒီလို ရုပ်နာမ်ဆင်းရဲအမှန်ဖြစ်တဲ့ ဒုက္ခသစ္စာကို သေသေ ချာချာ ဉာဏ်နဲ့ပိုင်းခြားသိရင် ဒုက္ခဖြစ်ကြောင်းအမှန် သမုဒယ သစ္စာကို မလုပ်တော့ပါ။ ကဲ ယောဂီတို့ ဆိုကြည့်စမ်းပါဦး။

**သိ–ပယ်–ဆိုက်–ပွား၊ လေးပါးမုချ၊ အပိုင်ရ၊ မုချ ပရမတ်**

အေး....ယောဂီတို့၊ သစ္စာလေးပါးရဲ့ သဘောကို အကျဉ်း ချုပ်အားဖြင့် ပြောခဲ့ပြီးပါပြီ။ ယခု ယောဂီတို့တရားအားထုတ် တာဟာ အဲဒီသစ္စာလေးပါးအနက်က ရုပ်နာမ် ဒုက္ခ သစ္စာကို ပိုင်းခြားသိဖို့ရာ အားထုတ်တာပါ။

အေး....အဲဒီ သစ္စာကို လယ်တီ ဆရာတော်ဘုရားကြီးက အကျဉ်းချုပ်'သိ'လို့ လက်ာစီပါတယ်။ အဲဒီ ဒုက္ခသစ္စာကို ပိုင်းခြားသိရင် ဒုက္ခရဲ့ပွားစည်းကြောင်း ဒုက္ခဖြစ်ကြောင်းအမှန်ဖြစ်တဲ့ သမုဒယသစ္စာကို ပယ်နိုင်ပါတယ်။

လယ်တီဆရာတော်ဘုရားကြီးက သမုဒယသစ္စာကို 'ပယ်' လို့ လက်ာစီခဲ့ပါတယ်။ ယောဂီတို့ အထူးသတိရှိပါနော်။ ဝေဒနာဟာ နာမ်တရား၊ ဒုက္ခသစ္စာတရား။ နာကျင် ကိုက်ခဲစတဲ့ ကိုယ်မှာဖြစ်တဲ့ ရောဂါတွေဟာ ရုပ်တရား၊ ဒုက္ခသစ္စာတရားတွေပါ။

အဲဒီရုပ်နာမ်တရား၊ ဒုက္ခသစ္စာတရားတွေဟာ ကုန်အောင်လုပ်ရမယ့် တရားတွေ မဟုတ်ပါ၊ ပယ်ရမယ့်တရားတွေ မဟုတ်ပါ။ ပိုင်းခြားသိရမယ့် တရားတွေပါ။ အဲဒီကို ပိုင်းခြားသိတော့ ဒုက္ခဖြစ်ကြောင်းတွေကို ပယ်နိုင်ပါတယ်။ ဒုက္ခကို ပယ်ရမှာလား၊ ဒုက္ခဖြစ်ကြောင်းကို ပယ်ရမှာလား။

'ဒုက္ခဖြစ်ကြောင်းကို ပယ်ရမှာပါဘုရား'

အဲဒီလိုဖြစ်ကြောင်းကိုလည်း 'သင်ဟာ ငါ့ကိုဒုက္ခဖြစ်အောင်လုပ်နေတယ်၊ သင့်ကို ငါမလိုချင်ဘူး၊ သင် သွားတော့၊ သင့်ကို ငါပယ်လိုက်ပြီ' အဲဒီလိုပြောပြီး ပယ်လို့မနေပါ။

အေး....ရုပ်နာမ်တွေကို အမှန်မသိခင်က အဲဒီရုပ်နာမ် ဒုက္ခတွေကို 'ငါ့ရဲ့ဥစ္စာ၊ ငါ၊ ငါ့ရဲ့အတ္တ'လို့ တွယ်တာ စွဲလမ်းတဲ့ သမုဒယသစ္စာဖြစ်ပါတယ်။

အဲဒီလိုတွယ်တာစွဲလမ်းတဲ့ သမုဒယသစ္စာဖြစ်တော့ နေ့စဉ်

နေ့စဉ် ဒုက္ခဖြစ်ကြောင်းတွေပဲ ကြိုးကြိုးစားစားပြုလုပ် အား ထုတ်နေကြပါတယ်။ ဒုက္ခကိုသိသွားတော့ ဒုက္ခဖြစ်ကြောင်း သမုဒယတွေကို မပြုလုပ်တော့ပါ၊ ပယ်လိုက်ပါပြီ၊ စွန့်လိုက် ပါပြီ။

ဘာဖြစ်လို့စွန့်လိုက်တာလဲဆိုရင် ဒုက္ခကို ဒုက္ခမှန်း ပိုင်းခြား သိသွားလို့ပါ။ အေး-ဒုက္ခကိုကြောက်တယ်ဆိုတာ သိတဲ့သူသာ ကြောက်တာပါ၊ မသိတဲ့သူက မကြောက်ပါဘူး။

မသိတဲ့သူဟာ မကြောက်ပါ၊ မကြောက်တဲ့သူဟာ ဒုက္ခ ဖြစ်ကြောင်းတွေချည်း လုပ်နေကြတယ်။ လုပ်နေကြတော့ ဒုက္ခ တွေချည်းပဲ ရနေကြတယ်။ ဒုက္ခမှ မလွတ်ကြတော့ပါ။

ဒုက္ခကို ဒုက္ခမှန်းသိဖို့ရာကလည်း အလိုလိုနေလို့ မသိပါ။ ရှုပွားအားထုတ်မှ သိမှာပါ၊ သိမှ ကြောက်မှ မလုပ်သော အားဖြင့် ပယ်နိုင်မယ်။

ဘာအကျိုးငှာ အားထုတ်သလဲ။ ။ယောဂီတို့ကို ထပ်ပြီး တော့ မေးဦးမယ်၊ ဘာအကျိုးငှာ တရားအားထုတ်သလဲ ဆိုရင် ဒုက္ခကိုပိုင်းခြားသိခြင်းအကျိုးငှာ အားထုတ်ပါသည်၊ ဒီလိုဖြေရပါမယ်။ ချမ်းသာသုခ ရှာတာလား၊ မဟုတ်ပါ။ နတ်တွေ၊ ဗြဟ္မာတွေ၊ တစ္ဆေသရဲတွေ၊ သိကြားတွေ၊ ဘုရား တွေ၊ ရဟန္တာရော၊ အထူးအဆန်းတွေမြင်ချင်လို့ အားထုတ် တာလဲ မဟုတ်ဘူးနော်။

မိမိတို့တရားအားထုတ်တဲ့ရည်ရွယ်ချက်ကိုမသိကြတဲ့ တချို့

ယောဂီတွေ ရှိပါတယ်။ ညနေ တရားစစ်ပြီဆိုရင် ကပည်တော်တို့ ဘာမှလဲ မမြင်ပါဘုရားတဲ့။

အေး-ယောဂီတို့ ယခု တရားအားထုတ်တာ အတူးအဆန်းတွေ မြင်ချင်လို့ အားထုတ်တာလား၊ ရုပ်နာမ်ဒုက္ခကို ပိုင်းခြား သိချင်လို့ အားထုတ်တာလား။

'ရုပ်နာမ် ဒုက္ခကို ပိုင်းခြားသိချင်လို့ အားထုတ်တာပါဘုရား'

အေး-ရှုပွားအားထုတ်လို့ ရုပ်နာမ်ဒုက္ခတွေ ထင်ကယ်မြင်သွားတဲ့ ယောဂီဟာ ရုပ်နာမ်ဖြစ်ကြောင်း သမုဒယသစ္စာတွေ လုပ်ဦးမလား။

'မလုပ်တော့ပါ ဘုရား'

**သိ-ပယ်-ဆိုက်-ပွား။** ။ယောဂီတို့၊ လယ်တီဆရာတော်ဘုရားကြီးရဲ့'သိ-ပယ်-ဆိုက်-ပွား'ဆိုတဲ့သစ္စာလေးပါးလင်္ကာကလေးဟာ အင်မတန် အဖိုးတန်ပါတယ်၊ အရာရောက်ပါတယ်။ ယောဂီတို့သိရမှာက ဒုက္ခနော်။

'မှန်ပါ ဘုရား'

ယောဂီတို့ ဒုက္ခကိုသိလို့ ပယ်နိုင်ရမှာက သမုဒယ မဟုတ်လား။

'ဟုတ်ပါတယ် ဘုရား'

ရောက်ရ ဆိုက်ရမှာက နိရောဓသစ္စာ နိဗ္ဗာန်ပါ၊ **အေး....** အဲဒီ နိဗ္ဗာန်ကိုရောက်တော့ ဆိုက်တော့ အေးငြိမ်းတယ်။ ဘာဖြစ်လို့ အေးငြိမ်းလဲ၊ ဒုက္ခကို ပိုင်းခြားသိပြီး ဒုက္ခရဲ့ ပွားစည်းကြောင်းတွေ ပယ်နိုင်လို့။

အေး….ဒုက္ခကို ပိုင်းခြားသိဘာ အလိုလိုထိုင်နေရင်း သိတာမဟုတ်ပါ၊ ရှုပွားလို့သိတာပါ။ ရှုပွားတာက မဂ္ဂသစ္စာပါ၊ အေး. ..သစ္စာလေးပါးမှာ အလုပ်သစ္စာက မဂ္ဂသစ္စာပါ။

ရှုပွားအားထုတ်တဲ့ မဂ္ဂသစ္စာအလုပ်ကို လုပ်ပါမှ ရုပ်နာမ်ဒုက္ခကို သိမြင်ပါမယ်၊ ရုပ်နာမ်ဒုက္ခ မြင်ပါမှ ရုပ်နာမ်ဒုက္ခဖြစ်ကြောင်း သမုဒယကို ပယ်နိုင်မယ်။ သမုဒယ ပယ်နိုင်ပါမှ အငြိမ်းခတ် နိရောဓ သစ္စာ နိဗ္ဗာန်ကို ရောက်ပါမယ်။

ဒုက္ခဖြစ်ကြောင်း သမုဒယကို ပယ်လိုက်တော့ ဒုက္ခငြိမ်းတဲ့ နိဗ္ဗာန်ရောက်သွားတော့ အေးငြိမ်း ချမ်းသာပါတယ်၊ အေးငြိမ်း ချမ်းသာရင် ဒုက္ခနိရောဓပေါ့။

**အားထုတ်ရင်ချမ်းသာမယ်။** ။တချို့ပြောကြပါတယ်။ တပည့်တော်တို့ အားထုတ်ပါတယ်ဘုရား၊ ချမ်းသာ မတွေ့ဘဲ ဆင်းရဲတွေပဲ တွေ့နေပါတယ်ဘုရားတဲ့၊ အမှန်က အားမထုတ်လို့ ဆင်းရဲတွေ့တာပါ။

'ဟုတ်ပါတယ်၊ တကယ်အားမထုတ်ဘဲနဲ့ တွေးတော ကြံစည်နေမယ်၊ စိတ်တွေ ဟိုဒီရောက်နေမယ်၊ ငိုက်နေမယ်ဆိုရင် ဒုက္ခရောက်ပါတယ်။ အဲဒါ အားမထုတ်လို့ ဆင်းရဲတာပါ။ အဲဒီလိုဖြစ်နေတာဟာ အကုသိုလ်စိတ်၊ အကုသိုလ်ကံတွေပါ၊ အကုသိုလ်ကံက မကောင်းကျိုးပေးတယ် ဆိုတဲ့အတိုင်း ဆင်းရဲ ဒုက္ခ ရောက်ပါတယ်။

**အေး….စပြီး ထိုင်ကတည်းက ထွက်လေ–ဝင်လေရဲ့ တိုး**

သဘော၊ ထိသဘောကလေးကို 'ရုပ်–ရုပ်'နဲ့ ရှုပွားနေရင် မဂ္ဂသစ္စာ ဖြစ်နေတယ်၊ ဘာဝနာကုသိုလ်ကံ ဖြစ်နေတယ်။

အေး....အဲဒီမှာ 'ရုပ်–ရုပ်'လို့ ရှုပွား အားထုတ်နေတာက မဂ္ဂသစ္စာ ဘာဝနာကုသိုလ်ကံ၊ ရုပ်က ဒုက္ခသစ္စာပါ၊ ဒုက္ခသစ္စာကို မဂ္ဂသစ္စာနဲ့ ပိုင်းခြားသိတော့ သမုဒယသစ္စာကို ပယ်နိုင်ပြီး နိရောဓသစ္စာသို့ ဆိုက်ရောက်လို့ အေးငြိမ်းပါတယ်။

ယောဂီတို့-ရုပ်လို့ တစ်ချက်ရှုရင် ဒုက္ခသစ္စာ တစ်ချက်သိတယ်၊ မဂ္ဂသစ္စာ တစ်ချက် ပွားတယ်ပေါ့။ တစ်ချက် ပွား၊ တစ်ချက် သိ၊ သမုဒယ သစ္စာ တစ်ချက်ပယ်ပေါ့။ တစ်ချက်ပယ်၊ တစ်ချက်ငြိမ်းပေါ့။

ဒါကြောင့် ယောဂီတို့မှာ တိုးသဘော၊ ထိသဘောကလေးကို ရုပ်-ရုပ်လို့ တစ်ချက်ရှုရင် သစ္စာလေးချက် သိတယ်လို့ ဆိုရပါမယ်၊ တစ်ချက်ခုတ် လေးချက်ပြတ်တယ်ပေါ့။

မဂ္ဂင်ရှစ်ပါး ပါဝင်ပုံ။ ။ယောဂီတို့- အဲဒါ ရုပ်နာမ်ခန္ဓာကို တစ်ချက်ရှုတိုင်း သစ္စာလေးပါး ပါဝင်နေပုံကို ပြောပြတာပါ။ အခု တစ်ချက်ရှုရင် မဂ္ဂင်ရှစ်ပါး ပါဝင်ပုံကို ပြောပြပါဦးမယ်၊ သေသေချာချာ နာကြားပါ။

ယောဂီတို့ဟာ ဝင်လေထွက်လေရဲ့ ဝင်ထွက်ခိုက်မှာ တိုးထိသွားတဲ့ သဘောကို တိုးတိုင်းထိတိုင်း 'ရုပ်–ရုပ်'လို့ ရှုပွားအားထုတ်နေကြပြီ။ အဲဒီလို အားမထုတ်မီ အစနေ့ကတည်းက သရဏဂုံသုံးပါးနှင့် ရှစ်ပါးသီလ ယူထားပြီးပြီ။ နေ့စဉ်လည်း

သစ်နေ့သုံးကြိမ် သီလယူကြတယ်။ ရှင်တွေ ရဟန်းတွေမှာ ရှင် သီလ၊ ရဟန်း သီလတွေ ရှိနေကြပြီ။

ဒါကြောင့် ယောဂီတို့မှာ သီလမဂ္ဂင်ဖြစ်တဲ့ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ သုံးပါး ရှိနေပါပြီ။

သိမှု၊ ခံစားမှု၊ မှတ်သားမှု၊ နှိုးဆော်မှုတွေကို နာမ်–နာမ်လို့ ရှုတဲ့အခိုက် ဝင်လေထွက်လေရဲ့ ဝင်ထွက်ခိုက်၊ တိုးထိသဘောကို ဖိုးထိတိုင်း ရုပ်–ရုပ်လို့ ရှုတဲ့အခိုက်မှာ သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိ ဆိုတဲ့ သမာဓိမဂ္ဂင် သုံးပါးနှင့် သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ ဆိုတဲ့ ပညာမဂ္ဂင်နှစ်ပါး ပါဝင်ပါတယ်။

ဒါကြောင့် ယောဂီတို့ဟာ ရုပ်လို့ တစ်ချက်ရှုရင် နာမ်လို့ တစ်ချက်ရှုရင် သီလမဂ္ဂင် သုံးပါး၊ သမာဓိ မဂ္ဂင်သုံးပါး၊ ပညာမဂ္ဂင် နှစ်ပါးအားဖြင့် မဂ္ဂင် ရှစ်ပါး မပါဝင်ဘူးလား။

'ပါဝင်ပါတယ် ဘုရား'

အေး.... ရုပ်လို့ တစ်ချက်ရှုတိုင်း၊ နာမ်လို့ တစ်ချက်ရှုတိုင်း သီလ၊ သမာဓိ၊ ပညာဆိုတဲ့ သိက္ခာသုံးပါး အကျင့်တရားတွေ ဖြစ်သွားပါတယ်၊ ပြည့်သွားပါတယ်။

အေး.... ရုပ်လို့ရှုတိုင်း၊ နာမ်လို့ရှုတိုင်း လောကီကစ္စာ လေးချက် ဖြစ်ဖြစ်သွားတယ်၊ ပြည့်ပြည့်သွားတယ်၊ အကျိုး ထူးပါတယ်။

ပြီးတော့ ဝိဇ္ဇာနှင့် စရဏလဲ ပြည့်ပါတယ်၊ သီလနှင့် သမာဓိက စရဏမျိုး၊ ပညာက ဝိဇ္ဇာမျိုးဆိုတော့ ရုပ်–ရုပ်လို့

ရှုတိုင်း၊ နာမ်-နာမ်လို့ရှုတိုင်း ဝိဇ္ဇာနှင့် စရဏ တစ်ပြိုင်နက် ပြည့်သွားပါတယ်၊ အကျိုး အင်မတန် ထူးပါတယ်။

အဲဒီလို ဝိဇ္ဇာနှင့် စရဏ တစ်ပြိုင်နက် ဖြည့်လို့ရတယ်ဆိုတာဟာ အခုလို သာသနာတွင်း ကြုံမှ ရပါတယ်။ သာသနာပမှာ စရဏပဲ ရှိပါတယ်၊ ဝိဇ္ဇာ မရှိပါ။

အေး....ယောဂီတို့၊ မဂ္ဂင်ရှစ်ပါးမှာ ဒီသမ္မာဒိဋ္ဌိမဂ္ဂင်ဟာ ရထားမှာ ခေါင်းတွဲသဖွယ် အရေးကြီးပါတယ်။ သစ္စာလေးသင်း ထိုးထွင်းသိတော့ သမ္မာဒိဋ္ဌိမဂ္ဂင်ပါ။

၂။ **သမ္မာသင်္ကပ္ပ**။ ။အေး....သမ္မာဒိဋ္ဌိ မဂ္ဂင်အကြောင်းကို ဒီလောက် ပြောတော့ပြီးချင် သဘောပေါက်ကြပါပြီ။ ရှေ့ဆက်လက်ပြီး သမ္မာသင်္ကပ္ပ မဂ္ဂင်အကြောင်း ပြောတော့ကြရအောင်၊ ဒီလင်္ကာလေးကို ဆိုကြည့်စမ်းပါ။

**'မှားကြံပယ်ရှင်း၊ မှန်ကြံသွင်း၊ ဖြောင့်စင်းသင်္ကပ်မဂ်'**

မှားတဲ့အကြံအစည်တွေကို ပယ်ရှင်းပြီး မှန်ကန်တဲ့ အကြံအစည်တွေကို ကြံစည်ခြင်းဟာ ဖြူစင်ဖြောင့်မတ်တဲ့ သမ္မာသင်္ကပ္ပ မဂ္ဂင်ပါ၊ အဲဒီ သမ္မာသင်္ကပ္ပ မဂ္ဂင်ဟာ....

၁။ လောဘအာရုံ၊ ကာမဂုဏ်ခန္ဓာ၊ သံသရာညွန့်ဝွက်မှ ထွက်မြောက်ရေး ထွက်မြောက်ကြောင်း ကောင်းမြတ်တဲ့ အကြံအစည်၊ နေက္ခမ္မသင်္ကပ္ပ။

၂။ အသက်ရှိသူ၊ လူ၊ တိရစ္ဆာန်၊ သတ္တဝါ မှန်သမျှတို့အား အသက်ခန္ဓာ နှစ်ဖြာ ချမ်းသာစေလိုကြောင်း ကောင်းမြတ်သော အကြံအစည်၊ အဗျာပါဒ သင်္ကပ္ပ။

၃။ အသက်ရှိသူ၊ လူ၊ တိရစ္ဆာန်၊ သတ္တဝါ မှန်သမျှတို့အား ကိုယ်စိတ်နှစ်ဖြာ ချမ်းသာစေလိုကြောင်း ကောင်းမြတ်တဲ့ အကြံအစည်၊ အဝိဟိံသာ သက်ပွရယ်လို့ သုံးပါးရှိပါတယ်။ ယောဂီတို့ဟာ သမ္မာသက်ပွကိုသိရင် မိစ္ဆာသက်ပွကိုသိပါတယ်။ လူများဟာ ကြံရင်းနဲ့သေတယ်၊ ငှက်များဟာ ပျံရင်းနဲ့ သေတယ်ဆိုတဲ့ စကားပုံကို ယောဂီတို့ ကြားဖူးတယ် မဟုတ်လား။

'ကြားဖူးပါတယ် ဘုရား'

အေး.... ယောဂီတို့၊ ဒီသပိတ်အိုင်တောရကြီးထဲ လာပြီး အခု တရားအားထုတ်နေတဲ့ အခါမှာလဲ မကြံဘူးလား။

'ကြံပါတယ် ဘုရား'

အမှားကြံလား၊ အမှန်ကြံလား။

'အမှန်ကြံပါတယ် ဘုရား'

မှားတဲ့အကြံအစည်ဆိုတာက လောဘနဲ့ အဆင်းကောင်းကောင်းလေးတွေ ကြည့်ချင်လိုက်တာ၊ အသံကောင်းကောင်းလေးတွေ နားထောင်ချင်လိုက်တာ၊ အနံ့ ကောင်းကောင်းလေးတွေ နမ်းရှူချင်လိုက်တာ၊ အရသာ ကောင်းကောင်းလေးတွေ စားချင်လိုက်တာ၊ အတွေ့အထိ ကောင်းကောင်းလေးတွေ တွေ့ထိချင်လိုက်တာလို့ ကြံစည်နေခြင်းဟာ မှားတဲ့ အကြံအစည်ပါ။

အားထုတ်နေရင်းနဲ့ အထူးအဆန်းတွေ မြင်ချင်လိုက်တာ ဆိုရင် အမှားကြံပါ။ အိုးအိမ်အကြောင်း၊ စီးပွားရေးကြီးပွား

ရေး အကြောင်း တွေးကြံရင် အမှားကြံပဲ၊ ကာမဂုဏ်ငါးပါး အာရုံတရားတွေနဲ့ စပ်သွယ်ပြီးကြံရင် အမှားကြံလို့ပဲ အတိုချုပ် မှတ်ထားပါ။ အဲဒီအာရုံငါးပါး ကာမဂုဏ်တရားတွေမှ လွတ်မြောက်အောင် ကြံစည်မှ အမှန်ကြံပါ။ အေး....ခုနက သမ္မာ သင်္ကပ္ပ သုံးမျိုးကို အကျဉ်းပြောခဲ့တယ်၊ အခု နည်းနည်း ချဲ့ပြောမယ်။

ကောင်းသောအဆင်း၊ ကောင်းသောအသံ၊ ကောင်း သောအနံ့၊ ကောင်းသောအရသာ၊ ကောင်းသောအတွေ့အထိ ဆိုတဲ့ အာရုံငါးပါး ကာမဂုဏ်တရားတို့၌ လည်းကောင်း၊ ခန္ဓာငါးပါး ရုပ်နာမ်တရားတို့၌ လည်းကောင်း တပ်ခြင်း၊ တွယ်တာခြင်း၊စွဲလမ်းခြင်းကို ပယ်စွန့်နိုင်တဲ့ အလောဘ တရား နှင့်ယှဉ်တဲ့ အကြံအစည်မျိုးသည် 'နေက္ခမ္မသင်္ကပ္ပ'မည်ပါတယ်။ ရဟန်းဝတ်ချင်တယ်၊ သီလရှင် ဝတ်ချင်တယ်လို့ ကြံစည်တာလဲ နေက္ခမ္မသင်္ကပ္ပပါပဲ။ ငါတို့ဟာ ဘဝများစွာ ကမ္ဘာများစွာ ကာမကျွန်၊ တဏှာကျွန် ခံလာခဲ့ရတယ်၊ ဒီဘဝမှာတော့ ကာမ ကျွန်၊ တဏှာကျွန် မခံတော့ဘူးလို့ကြံရင်လဲ နေက္ခမ္မသင်္ကပ္ပပါ။

ယခု ယောဂီတို့ဟာ ထွက်လေဝင်လေရဲ့ ထွက်ဝင်ခိုက်မှာ တိုးထိသွားတဲ့သဘောကို တိုးထိတိုင်း 'ရုပ်-ရုပ်'လို့ ရှုနေကြ တယ်၊ အဲဒီလို ရှုနေရင်းနဲ့....

ဘယ်လိုနည်းနဲ့များ ဒီတိုးသဘောရုပ်၊ ထိသဘောရုပ်ကို သိရပါ့မလဲ၊ ဒီ တိုးသဘော၊ ထိသဘောဟာ တိုးပြီးထိပြီး ဘယ်ရောက်သွားလဲ၊ မတိုး၊မထိမီ ဘယ်မှာနေလဲ၊ဘာကြောင့် တိုးလဲ၊ ဘာကြောင့် ထိလဲ။

စသည်ဖြင့်ကြံနေရင် နေက္ခမ္မသက်ပ္ပပါပဲ၊ ကောင်းသော အကြံအစည်ပါပဲ။ ဒီနေက္ခမ္မသက်ပ္ပဟာ အရာကျယ်ပါတယ်။ ခြုံပြီးတော့ ပြောရရင်....

ငါသည် ဘယ်လို ကုသိုလ်ကောင်းမှုတွေများပြုပြီးကောင်းသော နိဗ္ဗာန်သို့ မြန်မြန်ရောက်ချင်ပါတယ်။ နိဗ္ဗာန်သာရမယ်ဆိုရင် ဘယ်လိုကုသိုလ်ပဲဖြစ်ဖြစ် ကြိုးစားပြီး ပြုလုပ်အားထုတ်မှာပဲလို့ နိဗ္ဗာန်ရရေး၊ ကုသိုလ်ရရေးတွေနဲ့ပတ်သက်ပြီး ကြံစည်နေခြင်းဟာ ကောင်းသောအကြံအစည် နေက္ခမ္မသက်ပ္ပပါ။ ယခု ကောင်းသောအကြံအစည် အဗျာပါဒသက်ပ္ပကို ပြောပြပါမယ်။

လူ၊ တိရစ္ဆာန်အစရှိတဲ့ အားလုံးသော သက်ရှိသတ္တဝါတို့အပေါ်၌ ကောင်းကျိုးချမ်းသာကို လိုလားတဲ့ မေတ္တာတရား၊ အဲဒီမေတ္တာတရားနှင့် အကြံအစည်မျိုးကို 'အဗျာပါဒသက်ပ္ပ' လို့ ခေါ်ပါတယ်။ ရှင်းရှင်းပြောရရင် အဗျာပါဒ သက်ပ္ပဆိုတာ မေတ္တာပါပဲ။ သက်ရှိသတ္တဝါအားလုံးအပေါ်မှာ ဘယ်လိုများ ကောင်းကျိုးချမ်းသာ ရအောင် ဆောင်ရွက်ပေးရပါ့မလဲ စသည်ဖြင့် သတ္တဝါအများရဲ့ကောင်းကျိုးချမ်းသာ ရရေးနှင့် ပတ်သက်တဲ့ အကြံအစည်ဟာ သမ္မာသက်ပ္ပပါပဲ။ အဗျာပါဒ သက်ပ္ပပါပဲ။

ဆင်းရဲတဲ့သတ္တဝါ၊ ချမ်းသာတဲ့သတ္တဝါ အားလုံးအပေါ်မှာ အသက်ခန္ဓာ စည်းစိမ်ဥစ္စာ၊ ရာထူးဂုဏ်ထူး အခြေအရံစသည်တို့ဖြင့် ပြည့်စုံစေရန်လိုလားတဲ့ မေတ္တာနှင့်ယှဉ်တဲ့ အကြံ

အစည်မျိုးကို အဗျာပါဒသက်ပ္ပခေါ်ပါတယ်။ ယခုဆက်လက်ပြီး အဝိဟိံသာ သက်ပ္ပကို ပြောပြပါမယ်။

ခပ်သိမ်းသော ဒုက္ခိတ သတ္တဝါ၊ ဆင်းရဲသော သတ္တဝါတို့ကို သနား ညှာတာတတ်သော ကရုဏာတရား အဲဒီကရုဏာတရားနှင့် ယှဉ်တဲ့ အကြံအစည် အမျိုးသည် 'အဝိဟိံသာ သက်ပ္ပ' မည်ပါတယ်၊ မညှဉ်းဆဲခြင်းနှင့် စပ်တဲ့ အကြံအစည် မည်ပါတယ်။ သတ္တဝါတွေဟာ အများအားဖြင့် ကြီးနိုင်ငယ်ညှဉ်းဆဲ ဖြစ်တတ်ပါတယ်။ ကြီးနိုင် ငယ်ညှဉ်းဆဲဆိုတာ ဒီကရုဏာတရားကင်းလို့ ဖြစ်တာပါ။

ယောဂီတို့၊ ဒီအဗျာပါဒသက်ပ္ပနှင့် အဝိဟိံသာသက်ပ္ပ နှစ်ပါးဟာ မေတ္တာနှင့် ကရုဏာပါပဲ။ ဒါ့ကြောင့် ယောဂီတို့အစ်တွေဟာ ဆင်းရဲတဲ့သတ္တဝါ၊ ချမ်းသာတဲ့ သတ္တဝါ အားလုံးတို့အပေါ်မှာ ကောင်းကျိုးကိုလိုလားတဲ့ အကြံအစည် မကောင်းကျိုးကို ပယ်ရှားလိုတဲ့ အကြံအစည်ရှိရင် အဗျာပါဒသက်ပ္ပ ဖြစ်ပါတယ်။

ဆင်းရဲနေကြတဲ့ ဒုက္ခိတ သတ္တဝါတွေအားလုံးအပေါ်မှာ ဆင်းရဲဒုက္ခမှ လွှတ်မြောက်စေလိုတဲ့ ကရုဏာ အကြံအစည်ရှိရင် အဝိဟိံသာသက်ပ္ပ ဖြစ်ပါတယ်။

**သမ္မာသက်ပ္ပ အရေးကြီးသည်။** ။ယောဂီတို့၊ ဒီသမ္မာသက်ပ္ပဟာ အင်မတန် အရေးကြီးပါတယ်။ ယောဂီတို့ စကားမှုံတစ်ခုကို ကြားဖူးကြပါလိမ့်မယ်။ အကြံကောင်းရင်တစ်ချက် ကံကောင်းရင် တစ်သက်တဲ့။ ယောဂီတို့ ဒီသပိတ်အိုင်တောရ

ကြီးထဲကို ရောက်လာပြီး မကြောက်မရွံ့ နောက်မတွန့်ဘဲ ယခု လို တောထဲသစ်ပင်အောက်တွေမှာ အိပ်စားပြီး အားထုတ် နေကြတာ မကြံမစည်ဘဲ အမှတ်တမဲ့ ရောက်လာတာလား။

'မဟုတ်ပါ ဘုရား'

အေး....သံသရာ ဝဋ်ဆင်းရဲမှ လွတ်မြောက်ချင်တဲ့ အကြံ အစည်၊ လွတ်မြောက်အောင် အားထုတ်ချင်တဲ့ အကြံအစည် ကြောင့် ရောက်လာတာ မဟုတ်လား။

'ဟုတ်ပါတယ် ဘုရား'

**ဟိတွာ ကာမေ ပဗ္ဗဇိံသု၊ သန္တော ဂမ္ဘိရ စိန္တကာ။**

**တေတုမှေပျ နုသိက္ခာဟော၊ ပဗ္ဗဇိတာ သုပေသလာ။**

**သန္တော**–ဘုရား အလျာ၊ ပစ္စေကဘုရား၊ အရိယာ နှယ် လောင်း၊ ရှေးက သူတော်ကောင်းတို့သည်။ **ဂမ္ဘီရစိန္တကာ**– နက်နဲသည့်ဓာတ်သဘောကို နက်နဲစွာ ဆင်ခြင်အကြံကောင်း ဝင်တော်မူကြကုန်သည်ဖြစ်၍။ **ကာမေ**–ရှေးက ပြုဖန်ကုသိုလ် ကံတို့ စီမံထောက်မ၊ လက်ရောက်ရသား၊ များလှဇနီးသည် ကြီးကြီးငယ်နှင့် နှီးနွယ်ရောရှ၊ ကိုယ်တော်တို့ ပိုင်သသည့် ကာမဝတ္ထု အစုစုတို့ကို။ **ဟိတွာ**–ငါတို့ပိုင်ပြား၊ ဤကာမ တရားတော့ကား အများနှင့်ဆက်ဆံ၊ ဘေးတွေကဝန်းခြံ၊ ရန် တွေက မြောက်မြား၊ ကြောက်လန့်ဖွယ် တော့ပါတကားဟု ကြောက်အားတော် ညာကြွယ်၊ လွယ်လွယ်ကြီးစွန့်ပယ်တော် မူပြီး၍။ **ပဗ္ဗဇိံသု**–ဃရာဝါသ၊ သမ္ဗာဓဟု၊ ကိစ္စများမြောင်၊ လူတို့ဘောင်ကို လွတ်အောင်ကြိုးလျက် ရှန်းကန်ထွက်၍ နှစ်

သက်ရှင်လန်း၊ ရှင်ရဟန်း ပြုတော်မူကြလေကုန်ပြီ။ တုမှေ့ပိ-မြတ်နေကွမ္မ၊ အာသယဟု၊ ဆန္ဒကိန်းအောင်၊ သင်သူတော်စင်အပေါင်းတို့လဲပဲ။ သုပေသလော-စာမရိသား၊ မြီးဖျားခုံမင်၊ ပုံအသွင်သို့ချစ်ခင်လေးမြတ်၊ နှစ်သက်အပ်သောသီလ၊ ကိုယ်စီကိုယ်င၊ ရှိကြကုန်သည်ဖြစ်၍။ ပဗ္ဗဇိတာ-ဝတ္ထုကာမ၊ အဝဝမှ မရရအောင် လွတ်မြောက်အောင်ကြိုးကုတ်၊ ယခုလို အားထုတ်ကြကုန်သည်ဖြစ်၍။ တော-ထိုဘုရားအလျာ၊ ပစ္စေကာနှင့် အရိယာနွယ်လောင်း၊ ရှေးကသူတော်ကောင်းတို့ကို။ အနုသိက္ခာဟော-အတုလိုက်နာ ကျင့်ကြံကြိုးကုတ် အားထုတ်နိုင်ကြပါစေကုန်သတည်း။

'သာဓု၊ သာဓု၊ သာဓု'

ဒီဂါထာဟာ သမ္မာသင်္ကပ္ပအကြောင်း ပြောဟာချင်း ပေါ်လာလို့ ရွတ်လိုက်တဲ့ဂါထာပါ။ ဘုရားအလျာ၊ ပစ္စေကာနှင့် အရိယာနွယ်လောင်း ရှေးက သူတော်ကောင်းတွေဟာ နက်နဲသည့် ဓာတ်သဘောကို နက်နဲစွာ ဆင်ခြင်အကြံကောင်း ဝင်ကြကုန်သည်ဖြစ်၍ ကာမဝတ္ထု အစုစုတွေကို ပယ်စွန့်ပြီး၊ ရဟန်းပြုပြီး တရားအားထုတ်ကြတယ်။

အကြံကောင်း ဝင်တယ်ဆိုတာ သမ္မာသင်္ကပ္ပပါ။ ကာမဝတ္ထုအစုစုတွေ ပယ်စွန့်တဲ့နေရာမှာလဲ ငါတို့ပိုင်တဲ့ ဒီကာမတရားတွေဟာ အများနှင့်ဆက်ဆံ ဘေးတွေက ဝန်းရံ၊ ရန်တွေက မြောက်မြား၊ ကြောက်လန့်ဖွယ် တွေပါတကားဟု အကြံကောင်း အကြံမှန်ဖြစ်ကာ စွန့်လွှတ်နိုင်ကြပါတယ်။

ယောဂီတို့လဲ အဲဒီ ဘုရားအလောင်း သူတော်ကောင်း၊ ပစ္စေက ဗုဒ္ဓအလောင်း သူတော်ကောင်း၊ အရိယာနွယ်လောင်း ရှေးသူတော်ကောင်းတို့ အကြံကောင်းဝင်ကာ တောထွက်ကြ၊ ရသေ့ရဟန်းပြုကြ၊ တရားအားထုတ်ကြသလို အကြံကောင်းကြောင့် ဒီသပိတ်အိုင်တောရကြီးထဲ ရောက်လာကြတာ မဟုတ်လား။

'ဟုတ်ပါတယ် ဘုရား'

ဒါကြောင့် ဘုန်းကြီးကလဲ ယောဂီတို့အဝ်တွေဟာ ရှေးသူတော်ကောင်းတွေ အတုလိုက်တာ ကောင်းသောအကြံတွေ ကြံစည်ပြီး ကောင်းစွာ အားထုတ်နိုင်ကြပါစေလို့ ပတ္ထနာပြုလိုက်ခြင်း တိုက်တွန်းလိုက်ခြင်း ဖြစ်ပါတယ်။

ပညာမဂ္ဂင်။ ။ယောဂီတို့-ယခုပြောဟောခဲ့ပြီးတဲ့ သမ္မာဒိဋ္ဌိမဂ္ဂင်နှင့် သမ္မာသင်္ကပ္ပမဂ္ဂင်နှစ်ပါးဟာ ပညာမဂ္ဂင်ဖြစ်ပါတယ်၊ ပညာက္ခန္ဓမဂ္ဂင်လို့လဲ ခေါ်ပါတယ်။

ယောဂီတို့၊ ယခုရှုပွားအားထုတ်နေတာ ဒီပညာက္ခန္ဓမဂ္ဂင်နဲ့ ရှုပွားနေတာပါ၊ ထွက်လေဝင်လေရဲ့ တွက်ဝင်ခိုက်မှာ တိုးထိတဲ့သဘောကို တိုးတိုင်းထိတိုင်း 'ရှုပ်-ရှုပ်' လို့ ဒီမဂ္ဂင်နှစ်ပါးနဲ့ ရှုနေတာပါ။

အဲဒီမှာ တိုးသဘော၊ ထိသဘော၊ တိုးထိလာမှု ဖြစ်ပေါ်လာမှုဟာ 'ဥဒယ' ဖြစ်ပါတယ်။ တိုးသဘော၊ ထိသဘော၊ ချုပ်ပျောက်သွားမှုဟာ 'ဝယ' ဖြစ်ပါတယ်။ ရှုပ်-ရှုပ်လို့ ရှုပွားနေတာက 'ဉာဏ' ဖြစ်ပါတယ်၊ ဆိုကြည့်ပါ။

တိုး-ဉဒယ၊ ချုပ်-ဝယ၊ ရှုက-ဉာဏ်ဟုမြင်။

နှစ်ပါးတွဲအလုပ်လုပ်။ ။ဒီသမ္မာသင်္ကပ္ပဟာ သမ္မာဒိဋ္ဌိမဂ္ဂင်ကို အများကြီး အထောက်အပံ့ ပေးပါတယ်။ လယ်သမားစကားနှင့်ပြောရရင် သမ္မာဒိဋ္ဌိမဂ္ဂင်ဟာ တံစဉ်နှင့် တူပါတယ်။ သမ္မာသင်္ကပ္ပမဂ္ဂင်က ကောက်ပင်တွေကို ရှုံးစုပေးတဲ့ လက်တစ်ဖက်နှင့် တူပါတယ်။

ကောက်ပင်တွေကို လက်တစ်ဖက်က ရုံးစုပေးလိုက်တော့ တံစဉ်က ရိတ်ဖြတ်နိုင်တယ်။ မရုံးစုဘဲနှင့် ရိတ်ဖြတ်ရင် အကုန်လုံး ဖရိုဖရဲ ကြဲကုန်မှာပေါ့။ ရုံးစုပေးလို့ ရိတ်ဖြတ်လိုက်တော့ ဖရိုဖရဲ မကြဲဘဲ လုံးစုတယ်ပေါ့။

အေး.... အဲဒီ ဥပမာ အတူ သမ္မာသင်္ကပ္ပက အာရုံတွေကို ရုံးစုပေးတယ်၊ သမ္မာဒိဋ္ဌိက ပိုင်းဖြတ်တယ်။ ပိုင်းဖြတ်တယ်ဆိုတာ အမှန်ကို ပိုင်းခြားသိတာကို ခေါ်ပါတယ်။

'ဥပမာ တစ်နည်း' ပြောရရင် 'မမီတဲ့ပန်း တုံးခုလှမ်း' ဆိုတဲ့ စကားပုံကို ယောဂီတို့ ကြားဖူးကြပါလိမ့်မယ်။ အဲဒီစကားပုံဟာ သိပ်ကောင်းပါတယ်။

ဒီနေရာမှာ ပြောရရင် မမီတဲ့ပန်းသည် ရုပ်နာမ်ပေါ့၊ လှမ်းဆွတ်တာက သမ္မာဒိဋ္ဌိမဂ္ဂင်ပေါ့၊ ခုတုံးက သမ္မာသင်္ကပ္ပပေါ့။

သမ္မာသင်္ကပ္ပဆိုတဲ့ ခုတုံးပေါ်မှာ နင်းပြီး သမ္မာဒိဋ္ဌိ ဆိုတဲ့ လှမ်းဆွတ်ခူးသူဟာ ရုပ်နာမ်ဆိုတဲ့ ပန်းကို လှမ်းဆွတ်ခူးသော

အားဖြင့် 'ရုပ်-ရုပ်'လို့ ရှုနေတာပါ။ အသိတရားကိုတော့ 'နာမ်-နာမ်'လို့ ရှုနေတာပါ။

အေး.... သမ္မာသင်္ကပ္ပက အာရုံပေါ်သို့ ယှဉ်ဘက် တရားတွေကို တက်ရောက်စေသောအားဖြင့် ရှုံးစုတင်ပေးလိုက်တယ်၊ ပညာခေါ်တဲ့ သမ္မာဒိဋ္ဌိက ရုပ်ဆိုတာက ဒီလို၊ နာမ်ဆိုတာက ဒီနည်း၊ အဖြစ်ဆိုတာက ဒီပုံ၊ အပျက်ဆိုတာ ဒါပဲ၊ ဖြစ်ကြောင်းက ဘယ်ဟာ၊ ပျက်ကြောင်းက ဘယ်သင်း စသည်ဖြင့် ရုပ်နာမ်ဓမ္မသဘာဝကို ပိုင်းခြားကုန်စင် သိမြင်တာက သမ္မာဒိဋ္ဌိပါ။

အေး.... အဲဒီလို သမ္မာဒိဋ္ဌိနှင့် သမ္မာသင်္ကပ္ပ နှစ်ပါးတွဲပေါင်းပြီး ပိုင်းခြားသိမြင်တဲ့ အလုပ်ကိုလုပ်လို့ သူတို့နှစ်ပါးကို ပညာမဂ္ဂင်လို့ ခေါ်တယ်။

၃။ သမ္မာဝါယာမ မဂ္ဂင်။ ။ယောဂီတို့ ပညာက္ခန္ဓမဂ္ဂင် နှစ်ပါးဖြစ်တဲ့ သမ္မာဒိဋ္ဌိနှင့် သမ္မာသင်္ကပ္ပ နှစ်ပါးအကြောင်း ပြောဟောပြီးတော့ ယခုဆက်လက်ပြီး သမ္မာဝါယာမ မဂ္ဂင် အကြောင်းကိုပြောပြပါမယ်။ သမာဝါယာမ မဂ္ဂင်က....

၁။ မိမိသန္တာန်မှာ ယခုဘဝ၌ ဖြစ်ပြီး ဖြစ်ဆဲ ဖြစ်ကုန်သော မကောင်းသော တရားတို့ကို ဤဘဝမှစ၍ အနုပါဒိသေသ နိဗ္ဗာန်ရသည့် ဘဝတိုင်အောင် နောင်တစ်ဖန် မိမိသန္တာန်၌ တစ်ရံတစ်ဆစ်မျှ မဖြစ်ရအောင် ပယ်သတ်ခြင်းငှာ မဂ္ဂင်ရှစ်ပါး အကျင့်တရားကို အားထုတ်ခြင်း။

၂။ မိမိ သန္တာန်မှာ ယခုဘဝ၌ မဖြစ်ကုန်သေးသော

မကောင်းသော တရားတို့ကို ဤဘဝမှစ၍ အနုပါဒိသေသ နိဗ္ဗာန်ရသည့် ဘဝတိုင်အောင် နောင်တစ်ရံတစ်ဆစ်မျှ မိမိ သန္တာန်၌ မဖြစ်လာစေခြင်း အကျိုးငှာ မဂ္ဂင်ရှစ်ပါး အကျင့် တရားကို အားထုတ်ခြင်း။

၃။ မိမိသန္တာန်မှာ ယခုဘဝ၌ မဖြစ်ဖူးကုန်သော ဗောဓိ ပက္ခိယ တရား ၃၇ ပါးတို့ကို ယခုဘဝမှာပင် မိမိသန္တာန်၌ ဖြစ်ပေါ်လာစေခြင်းငှာ မဂ္ဂင်ရှစ်ပါး အကျင့်တရားကို အား ထုတ်ခြင်း။

၄။ မိမိသန္တာန်မှာ ယခုဘဝ၌ ဖြစ်ပြီး ဖြစ်ဆဲ ဖြစ်ကုန် သော သီလ အစရှိကုန်သော ကုသိုလ်တရားတို့ကို အဆင့်ဆင့် တိုးတက်၍ နိဗ္ဗာန်ရသည့် ဘဝတိုင်အောင် မပျက်မကွက်ဘဲ အစဉ်မြဲ၍ သွားအောင် ပွားများစေခြင်းငှာ မဂ္ဂင်ရှစ်ပါး အကျင့်တရားကို အားထုတ်ခြင်း....

ရယ်လို့ လေးပါး ရှိပါတယ်။ အဲဒီလေးပါးကို ချုပ်ပြီး မှတ်မိအောင် လက်ာရေးထားပါတယ်။ ကဲ-ဆိုကြည့်စမ်း ပါဦး။

အကုပယ်ရှား ကုသိုလ်ပွား၊ ကြိုးစားဝါယာမင်္ဂ

ယောဂီတို့ ယခု အကုသိုလ်တရားတွေကို ပယ်ရှားနိုင်ခြင်း အကျိုးငှာ၊ ကုသိုလ်တရားတွေကို တိုးပွားလာစေခြင်းအကျိုး ငှာ အားထုတ်ရမှာပါ။ အဲဒီ သမ္မာဝါယာမ မဂ္ဂင်က အကု သိုလ် တရားတွေကို ကြိုးစားပြီး ပယ်နိုင်တယ်။ ကုသိုလ်တရား တွေ ကြိုးစားပြီး ရအောင် လုပ်တယ်။

အကုသိုလ် နှစ်မျိုး။ ။သမ္မာဝါယာမကို အကုသိုလ်ပယ် နှစ်ပါး၊ ကုသိုလ်ပွား နှစ်ပါးလို့ လေးပါး ခွဲထားပါတယ်။ အဲဒီ သမ္မာဝါယာမ လေးပါးတို့မှာ အမြဲလျှင် ပူပန်စေတတ်၊ ညစ်ညူးစေတတ်၊ ယုတ်ညံ့သိမ်ဖျင်းခြင်းသို့ ရောက်စေတတ်သော အကုသိုလ်တရားသည်

(၁) ဥပ္ပန္နအကုသိုလ်
(၂) အနုပ္ပန္နအကုသိုလ်

ဟူ၍ နှစ်မျိုးရှိပါတယ်။ ယောဂီတို့.... သေသေချာချာ သတိထားပြီး ထောင်နားစိုက်ကာ နာကြားကြပါ။ အဲဒီ အကုသိုလ်နှစ်မျိုးကို ရှင်းပြပါမယ်။

(၁) ဒုစရိုက် ၁၀ ပါးရှိရာ တစ်ပါး နှစ်ပါးသော်လည်းကောင်း၊ သုံး လေးပါးသော်လည်းကောင်း၊ ယခု မျက်မှောက် ဒီဘဝ၌ မိမိသန္တာန်မှာ ဖြစ်ဖူးတယ်လို့ သိတယ်၊ ဖြစ်ဆဲလို့ သိတယ်၊ အဲဒီဒုစရိုက်တရားများဖြစ်ပြီး အကုသိုလ်များနှင့် တူသော၊ မဖြစ်သေးသော အကုသိုလ်များသည် မိမိမှာ 'ဥပ္ပန္နအကုသိုလ်' မည်ပါတယ်။

(၂) အေး.... ဒုစရိုက် ၁၀ ပါးရှိရာ တစ်ပါး နှစ်ပါးသော်လည်းကောင်း၊ သုံး လေးပါးသော်လည်းကောင်း မျက်မှောက် ဒီဘဝ၌ မိမိသန္တာန်မှာ ဖြစ်ဖူးသည်လည်း မဟုတ်၊ ဖြစ်ဆဲလည်း မဟုတ်၊ ရှေးသို့ဖြစ်တဲ့ သဘောအဖို့၌ တည်နေတယ်။ အဲဒီဒုစရိုက်တရားသည် မိမိမှာ 'အနုပ္ပန္နအကုသိုလ်' မည်ပါတယ်။

**ကုသိုလ်နှစ်မျိုး။** ။ယောဂီတို့- အကုသိုလ်နှစ်မျိုးရှိသလို ကုသိုလ်လဲ နှစ်မျိုး ရှိပါတယ်။ ရှင်းပြပါ့မယ်၊ သတ္တဝါတို့ကို အေးငြိမ်းစေတတ်၊ ဖြူစင်စေတတ်၊ မြင့်မြတ်ကြီးပွားခြင်းသို့ ရောက်စေတတ်သော ကုသိုလ်တရားသည်

(၁) ဥပပန္နကုသိုလ်
(၂) အနုပ္ပန္နကုသိုလ်

ဟူ၍ နှစ်မျိုးရှိပါတယ်၊ အဲဒီ နှစ်မျိုးအကြောင်းကို ဆက်လက်ပြီး ဟောပြောပြပါ့မယ်၊ သေသေချာချာ နားထောင်ကြပါ။

(၁) ယောဂီတို့၊ ဝိသုဒ္ဓိခုနစ်ပါး ရှိပါတယ်၊ အဲဒီ ခုနစ်ပါး အနက် ယခုဘဝ၌ မိမိတို့သန္တာန်မှာ ဖြစ်ဖူးတယ်၊ ဖြစ်၍ တည်ဘယ်လို့ ဆိုတဲ့ ဝိသုဒ္ဓိ တရားသည် မိမိမှာ ဥပပန္နကုသိုလ် မည်ပါတယ်။

(၂) အဲဒီ အတူတူပဲ၊ ဝိသုဒ္ဓိခုနစ်ပါးရှိရာ ယခုဘဝ၌ မိမိသန္တာန်မှာ မဖြစ်ဖူးသေးသော ဝိသုဒ္ဓိတရားသည် မိမိမှာ အနုပ္ပန္နမည်ပါတယ်။

**မဂ္ဂင်၏ အာနုဘော်။** ။ယောဂီတို့၊ ယခု ဒီသပိတ်အိုင်ပေါ်ကြီးထဲမှာ လာရောက်ပြီးတော့ ရှုပွား အားထုတ်နေတဲ့ မဂ္ဂင်ရှစ်ပါး အကျင့်တရားရဲ့ အာနုဘော်ဟာ အင်မတန်ကြီး ပါတယ်။

ယောဂီတို့ဟာ ယခု ဖွင့်ပြန်တာမှာ မဂ္ဂင်ရှစ်ပါးကို ယခုလို

ရှုပွားအားထုတ်သည်ရှိသော် ပစ္စုပ္ပန်ဘဝမှာ မိမိတို့သန္တာန်မှာ ဖြစ်ဖူးခဲ့တဲ့ ဥပ္ပန္နဒုစရိုက်တို့သည်လဲ မဂ္ဂင်ရှစ်ပါးရဲ့ အာနုဘော်တော်ကြောင့် ယခုဘဝမှစ၍ အနုပါဒိသေသနိဗ္ဗာန်သို့ရောက်သည့်တိုင်အောင် နောင် မိမိသန္တာန်မှာ တစ်ဖန်မဖြစ်ပေါ်လာတော့ပါ။

ယခုဘဝ၌ မိမိသန္တာန်မှာ မဖြစ်ဖူးသေးကုန်မူ၍ နောင်ဖြစ်သတ္တံ့သောအဖို့၌ တည်နေကုန်သော အနုပ္ပန္နဒုစရိုက်တရားတို့သည်လည်း မဂ္ဂင်ရှစ်ပါးရဲ့ အာနုဘော်ကြောင့် ယခုဘဝမှစ၍ အနုပါဒိသေသနိဗ္ဗာန်သို့ ရောက်သည့်တိုင်အောင် နောင်မိမိသန္တာန်မှာ တစ်ရံဘစ်ဆစ်မျှ မဖြစ်ပေါ်နိုင်တော့ပါ။

ဥပ္ပန္န အနုပ္ပန္န ဒုစရိုက်တွေဟာ မဂ္ဂင်ရှစ်ပါးရဲ့ အာနုဘော်တော်ကြောင့် ယခုမျက်မှောက် ဒီဘဝတွင်ပင် အမြစ်အရင်းနှင့်တကွ ကုန်ဆုံးခြင်းသို့ ရောက်ကြပါပြီ။

ဝိသုဒ္ဓိခုနစ်ပါးဖြစ်ပုံ။ ။ယောဂီတို့၊ အဲဒီ အဘူပါပဲ၊ ယခုဘဝ၌ မဂ္ဂင်ရှစ်ပါးကို ပွားများ အားထုတ်ကြကုန်သည်ရှိသော် ဝိသုဒ္ဓိခုနစ်ပါးတို့တွင် ယခုဘဝ၌ မိမိသန္တာန်မှာ ရရှိနေသော ဝိသုဒ္ဓိတရားသည်လည်း မဂ္ဂင်ရှစ်ပါးရဲ့ အာနုဘော်ကြောင့်အနုပါဒိသေသနိဗ္ဗာန်သို့ရောက်သည့်တိုင်အောင် မိမိသန္တာန်၌ တစ်ဖန် ပျက်စီးခြင်းမရှိသော နိယာမသဘောသို့ ဆိုက်ရောက်၍တည်ပါတယ်။

ယခုဘဝ၌ မိမိသန္တာန်မှာ မဖြစ်ဖူးကုန်သေး၊ မရဖူးကုန်

သေး၊ မရောက်ဖူးကုန်သေးသော ဝိသုဒ္ဓိတရားတို့သည်လည်း မဂ္ဂင်ရှစ်ပါး၏ အာနုဘော်ကြောင့် ယခုဘဝ၌ပင်လျှင် မိမိ သန္တာန်၌ ဖြစ်ပေါ်လာကြပါတယ်။

**ကိုယ်ကျိုးအမှန်။** ။ယောဂီတို့၊ မဂ္ဂင်ရှစ်ပါးကို ကြိုးစား ပွားများမှုဟာ အဲဒီလောက် အကျိုးကြီးပါတယ်။ အဲဒါ ကြောင့် ယခု ဒီဘုရားရှင်ရဲ့ သာသနာအတွင်း၌ ကုံကြိုက်ကုန် သော လူရှင်အပေါင်းသူတော်ကောင်းတို့မှာ မဂ္ဂင်ရှစ်ပါးကို ပွားများ အားထုတ်ခြင်းဟူသော သမ္မာဝါယာမကိစ္စ တစ်ခု သည်သာလျှင် ကိုယ်ကျိုးကိုယ်စီးပွား အမှန်ဖြစ်ချေတယ်လို့ သိမြင်ကြရပါမယ်။

တစ်ပါးသောလူ့ကိစ္စ၊ ရှင်ရဟန်းကိစ္စများဟာ မနေသာ လို့၍၊ မလွဲသာလို့၍၊ မရှောင်သာလို့၍ ပြုကြရသော အပ ကိစ္စများသာ ဖြစ်တယ်လို့ သိမြင်ကြရပါမယ်။

ယောဂီတို့ အဲဒါဟာ ဘုန်းကြီးတို့ ဗုဒ္ဓသာသနာတော်၌ လိုရင်းပဓာနဖြစ်သော သတ္တဝါနိယာမကိစ္စကြီးကို ပြဆိုခြင်း ဖြစ်ပါတယ်။ သာသနာတော် အနေနဲ့ ဒီထက် လိုရင်းကျတဲ့ ကိစ္စဟာ မရှိတော့ပါ။

**သမ္မာဝါယမ လေးပါး။** ။အေး ယောဂီတို့ သိလွယ် မြင်လွယ်အောင် အဲဒီလို အရေးကြီးလှတဲ့ သမ္မာဝါယမ လေးပါးကို ထပ်ပြီးတော့ ရှင်းပြပါဦးမယ်။

၁။ ယခုဘ၀တွင် မိမိသန္တာန်မှာ ဖြစ်ဖူးကုန်သော ဒုစရိုက်တရားတို့ကို နောင် ဤဘ၀မှစ၍ ဘ၀ ဆက်ဆက်တို့၌ မိမိသန္တာန်မှာ တစ်ရံတစ်ဆစ်မျှ တစ်ဖန် ဖြစ်ပေါ်ခြင်း မရှိလေအောင် မဂ္ဂင် ရှစ်ပါးအကျင့်တရားကို အားထုတ်ခြင်း သမ္မာ ၀ါယမ တစ်ပါး၊

၂။ ယခုဘ၀တွင် မိမိသန္တာန်၌ မဖြစ်ဖူးကုန်ဟူ၍ နောင် မိမိသန္တာန်မှာ ဖြစ်လတ္တံ့သော အဖို့၌ တည်နေကုန်သော ဒုစရိုက်တရားတို့ကို အနုပါဒိသေသ နိဗ္ဗာန်သို့ ရောက်သည့်တိုင်အောင် နောင် မိမိသန္တာန်မှာ တစ်ရံတစ်ဆစ်မျှ ဖြစ်လာခြင်း မရှိလေအောင် မဂ္ဂင်ရှစ်ပါးအကျင့်တရားကို အားထုတ်ခြင်း..... သမ္မာ ၀ါယမ တစ်ပါး၊

၃။ ယခုဘ၀တွင် မိမိသန္တာန်မှာ မဖြစ်ဖူးကုန်သေးသော အထက်အထက်သော ဝိသုဒ္ဓိတို့ကို ယခုဘ၀၌ပင် မရလျှင် မနေရ၊ မရောက်ရလျှင် မနေရအောင် မဂ္ဂင် ရှစ်ပါး အကျင့်တရားကို အားထုတ်ခြင်း သမ္မာဝါယာမ တစ်ပါး၊

၄။ ယခုဘ၀တွင် မိမိသန္တာန်မှာ ကျင့်သုံးဆောက်တည်၍ နေသော ငါးပါးသီလ၊ ရှစ်ပါးသီလ ဟူသော သီလ ဝိသုဒ္ဓိတရားကို နိယာမအဖြစ်

> သို့ ရောက်၍ နေ့ာင် နိဗ္ဗာန် ရသည့် အထိ တိုင်အောင် အစဉ်အမြဲ တည်စေခြင်းငှာ၊ မဂ္ဂင်ရှစ်ပါးကို အားထုတ်ခြင်း သမ္မာဝါယာမ တစ်ပါး၊

ရယ်လို့ ယောဂီတို့သိသွယ်ရန် ဝေဖန်၍ဖော်ပြတဲ့ သမ္မာဝါယာမ လေးပါးဖြစ်ပါတယ်။ လေးပါးလို့ ဆိုသော်လည်း ကိစ္စအားဖြင့်သာ လေးပါး ရှိတာပါ၊ အရေးကိုယ်အားဖြင့်တော့ ဝီရိယတစ်ပါးသာ ရှိပါတယ်။

နေအး၊ ဝိသုဒ္ဓိတစ်ပါးကို ရရှိအောင် အားထုတ်တဲ့အခါ၌ အဲဒီ တစ်ခုသော ဝီရိယမှာ အဲဒီ ကိစ္စ လေးပါး တစ်ပေါင်းတည်း ပါဝင်ပါတယ်။

ဝီရိယ နားလည်ဖို့ဆိုပါသည်၊ ။ယောဂီတို့၊ မဂ္ဂင်ရှစ်ပါးအကျင့်တရားကို မိမိတို့သန္တာန်၌ ဖြစ်အောင် တည်အောင် ကျင့်ကြံကြိုးကုတ် အားထုတ်တဲ့အခါမှာ သမ္မာဝါယာမလို့ ခေါ်တဲ့ ဒီဝီရိယကို နားလည်ဖို့ လိုပါတယ်၊ အဲဒီကိစ္စကို နားမလည်လျှင် အားထုတ်တဲ့အခါမှာ ပင်ပန်းကြပါတယ်၊ အကျိုးမရဘဲ အကျိုးပျက်ကြပါတယ်။

ဝီရိယကို နားလည်ရင် အကျိုးရှိပြီး မပင်မပန်း ချမ်းသာကြပါတယ်။ ယောဂီတို့ စဉ်းစားကြည့်ပါ၊ ဘုရားရှင်ရဲ့ တရားဂုဏ်တော် ခြောက်ပါးမှာ....

ဘဂဝတာ၊ ရွှေဘုန်းတော်သခင် ရှင်တော်မြတ်ဘုရားသည် မဂ္ဂ၊ ဖိုလ် နိဗ္ဗာန် ဓမ္မက္ခန်ဟု ၁၀-တန်သော တရား

တော်မြတ်ကို၊ သွာက္ခာတော၊ ကြွားနာရုံပင် အပူစင်၍ ကျင့်လျှင် ချမ်းသာ၊ ကျင့်ပြီး ကာလည်း၊ လွန်စွာငြိမ်းချမ်း၊ နိဗ္ဗာန်နန်းနှင့် စခန်းသင့်အောင် မှန်းလင့် ရည်ရော်၊ ကောင်းစွာ ဟောကြားတော် မူအပ်ပါပေ၏ ဆိုတဲ့ သွာက္ခာတော ဂုဏ်တော်ကို သတိပြုပါ။ တရားတော်က ကောင်းစွာ ဟောထားတဲ့ တရားတော်ပါ၊ ကောင်းစွာ ကျင့်က ကျင့်စဉ်မှာ လည်း ချမ်းသာပါတယ်။

ကျင့်စဉ်မှာလည်း ချမ်းသာတာဆိုရင်ကျင့်ပြီးရင် ဆိုဖွယ် ရာမရှိ ချမ်းသာပါတယ်။ ကျင့်စဉ်ချမ်းသာဖို့ရာက ဝီရိယရဲ့ သဘောပေါက်မှ ချမ်းသာမှာပါ။

ဝီရိယဆိုတာ အကုသိုလ်ဖယ်ရှား၊ ကုသိုလ်တရား တိုးပွား အောင် ကြိုးစားနိုင်တာကို ဝီရိယ ခေါ်ပါတယ်။ တစ်နာရီ မထတမ်း၊ နှစ်နာရီမထတမ်း၊ မလှုပ်၊ မကုတ်ရတမ်း အား ထုတ်တာမျိုးကို ခေါ်တာ မဟုတ်ပါဘူး။

အေး ထိုင်တာကတော့ တစ်နာရီ နှစ်နာရီ၊ မလှုပ်မယှက်ဘဲ ထိုင်ပါတယ်။ စိတ်မှာ ကိလေသာတွေ ဖြစ်နေရင်၊ အကုသိုလ် တွေ ဖြစ်နေရင် သူ့ကို ဝီရိယရှိသူလို့ မခေါ်နိုင်ပါ၊ ပျင်းတဲ့ သူပဲလို့ ခေါ်ရပါမယ်။

ဝီရိယလို့ဆိုရင် ကိုယ်ဝီရိယ စိတ်ဝီရိယရယ်လို့ ဝီရိယနှစ်မျိုး ကို သဘောပေါက်သင့်ပါတယ်။ ကိုယ်ဝီရိယဆိုတာ ဣရိယာ ပုတ်တစ်ပါးညောင်း တစ်ပါးပြောင်းပြီး တစ်နေကုန် အား ထုတ်တာကို ကိုယ်ဝီရိယလို့ ခေါ်ပါတယ်။ ကိုယ်ဝီရိယအရ

ပြောရရင် ဣရိယာပုတ်ပြောင်းပြီး အားထုတ်နိုင်တယ်၊ အားထုတ်ရတယ်၊ အားထုတ်လို့ မပျက်ဘူးလို့ အတိအကျ မှတ်သားထားပါ။

စိတ်ဝီရိယအရ ပြောရရင် အဲဒီလိုပြောင်းတဲ့ ဣရိယာပုတ်တိုင်းမှာ စိတ်မှာ ကိလေသာ မဝင်စေရပါ၊ စိတ်၌ ကိလေသာကို လက်မခံပါ၊ ပယ်လှန်နိုင်ရပါမယ်။

အေး ထိုင်အားထုတ်တဲ့ ယောဂီအတွက် ကိုယ်နေ ကိုယ်ထား ထိုင်ပုံထိုင်နည်း မှန်မှန်ကန်ကန် စနစ်တကျ မယိမ်းမယိုင် မတုန်မလှုပ် ဖြောင့်ဖြောင့်မတ်မတ် တည်တည်ငြိမ်ငြိမ် မလျော့လွန်း မတင်းလွန်းဆိုရင် ကိုယ်ဝီရိယရှိပြီ၊ မှန်ပြီပေါ့။ ပြောင်းတာ မပြောင်းတာဟာ ပဓာနမဟုတ်ပါ၊ 'ချမ်းသာတဲ့ ဣရိယာပုတ်ကို မှီဝဲရမယ်' လို့ဆိုတာကို သတိပြုပါ။

အေး အဲဒီလို ကိုယ်ဝီရိယ ရှိပေမယ့် စိတ်ဝီရိယ ရှိဖို့ကလဲ လိုပါသေးတယ်၊ စိတ်ဝီရိယဆိုတာ အကုသိုလ်ကို လက်မခံဘဲ ရှုမှတ်ပွားများမှု စိတ်ဝီရိယပါ။

ကိုယ် ဝီရိယက ထိုင်ချာမသဖြစ်ပေမယ့် စိတ်ကတော့ တောရောက် မြို့ရောက်၊ တောင်ရောက် မြောက်ရောက်၊ အိုးရောက် အိမ်ရောက်၊ ရောက်တတ်ရာရာ လျှောက်ရောက်နေရင် စိတ်ဝီရိယ မရှိပါ။ ဣရိယာပုတ် မပြောင်းဘဲ ထိုင်နေရကျိုး မရှိပါ။

ကိုယ်ဝီရိယကလဲ ချမ်းသာတယ်၊ တည်ငြိမ်တယ်၊ စိတ်ဝီရိယကလဲ အရှုခံ ရုပ်အာရုံ၊ နာမ်အာရုံ တစ်ခုခုပေါ်မှာ

အမြဲမပြတ် ဟာရစပ် ရှုမှတ် ပွားများနေမယ်ဆိုရင် ဝီရိယ ရှိတယ်၊ သမ္မာဝါယာမ မဂ္ဂင် ခေါ်တယ်။

ယောဂီတို့-အဲဒီ ကိုယ်ဝီရိယ၊ စိတ်ဝီရိယမျိုးမှာ စိတ်ဝီရိယက ကိုယ်ဝီရိယထက် အရေးကြီးပါတယ်။ ကိလေသာလဲ စိတ်မှာ ဖြစ်တယ်၊ စိတ်မှာဖြစ်တဲ့ ကိလေသာကို စိတ်နှင့် ပယ်မှ ရမှာပေါ့၊ ကိုယ်ကို ချုပ်ထားရုံ မလှုပ်ရုံနဲ့ ဘယ်ရမလဲ။

ကိုယ်ကိုမလှုပ် မကုတ်ဘဲ ချုပ်ထားပေမယ့် စိတ်က ကိလေသာကို လက်ခံပြီး ကိလေသာနဲ့ရှုနေရင် ရှုပွားအားထုတ်တာမှ မဟုတ်ဘာ၊ ပင်ပန်းရုံပဲ ရှိမှာပေါ့။

ယောဂီတို့သိဖို့ရာက ဝိပဿနာရှုပွားတဲ့ အလုပ်ဟာ မနောကံအလုပ်၊ စိတ်အလုပ်ပါ။ စိတ်မှာ ကုသိုလ်စိတ် ဖြစ်ရင်ဖြစ်၊ မဖြစ်ရင် အကုသိုလ်စိတ်ဖြစ်ဖို့ရာ သေချာတယ်။ အကုသိုလ်စိတ် ဖြစ်နေရင် သမ္မာဝါယာမ မဂ္ဂင် မဟုတ်တော့ပါ။

ဒါကြောင့် ဘုန်းကြီးက သူ့သဘော သူဆောင်မယ်ဆိုပြီး အရမ်း အကြမ်း မရှုပါနဲ့၊ မလှုပ် မကုတ် မပြောင်း မရွှေ့ အောင့်ပြီး မှဲ့ရှုံ့ပြီး မရှုပါနဲ့၊ စိတ်ကိုပြန်ကြည့်ပါ၊ စိတ်ဝီရိယ အရေးကြီးပါတယ်လို့ ခဏခဏ သတိပေးတာပါ။

သမ္မာဝါယာမ မဂ္ဂင်ဟာ အဓိကအားဖြင့် စိတ်ဝီရိယကို ဖော်ညွှန်းနေပါတယ်၊ ဒီသမ္မာဝါယာမ မဂ္ဂင်ကို သဘော မပေါက်ရင် ရှုပွားအားထုတ်ရတာ ပင်ပန်းပြီး ရလဲမရဘူး။

ယောဂီတို့ စဉ်းစားကြည့်ပါ၊ ဒီတရားတော်ဟာ ခုနှစ်

သွား ခုနစ်နှစ်သမီးအရွယ် နုနယ်သူကလေးလေးတောင် အားထုတ်နိုင်တဲ့တရား၊ သိနိုင်တဲ့တရား ဖြစ်ပါတယ်။ အဲဒီလို နုနယ်တဲ့ အရွယ် ကလေးငယ်တို့ဟာ အကြမ်းအရမ်း အားမထုတ်နိုင်ကြပါ။

တရားအားထုတ်တဲ့ ပုဂ္ဂိုလ်တွေအတွက် သပ္ပာယခုနစ်ပါး မျှတဖို့ ပြောကြားတဲ့ နေရာမှာ ဣရိယာပထ သပ္ပာယ မျှတဖို့ အရေးကြီးလှပါတယ်။

ပြီးတော့ ဗောဇ္ဈင်ပွားကြောင်းတွေပြတဲ့အခါမှာလဲ....

ဣရိယာပထ သုခသာနေတာ-ချမ်းသာတဲ့ဣရိယာပုတ်ကို မှီဝဲရမယ် လို့ ပြထားပါတယ်။ ဣရိယာပုတ် မချမ်းသာက စိတ်မချမ်းသာပါ၊ ကိုယ်စိတ်မချမ်းသာက သမာဓိ မဖြစ်ပါ၊ သမာဓိမဖြစ်ပါက ဘယ်လိုမှ ယထာဘူတဉာဏ်၊ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် နိဗ္ဗာန်ကို မရနိုင်ပါ။

၃။ သမ္မာသတိမဂ္ဂင်။ ။ယောဂီတို့ တရားရှုပွား အားထုတ်နေတာ မဂ်ဖိုလ်ရဖို့အတွက်ပါ၊ အားထုတ်တယ်ဆိုတာလဲ ဝီရိယနဲ့အားထုတ်တာပါ၊ ဝီရိယအကြောင်း သဘောပေါက်ကြပါ။ ယခုဆက်လက်ပြီး ယောဂီတို့ကို သမ္မာသတိမဂ္ဂင် အကြောင်းကို ပြောပြပါမယ်၊ ဆိုကြည့်စမ်းပါ။

**ကိုယ်-စိတ်-ဝေ-ဓမ္မာ-မှားမ တာ-သမ္မာသတိမဂ်**

ယောဂီတို့ ယခု ရှုပွားနေတာ သတိတရားနဲ့ပါ။ အဲဒီ သတိတရားက သာမန်သတိတရားမဟုတ်ဘဲ သမ္မာသတိဖြစ်ရမှာပါ။

အဲဒီ သမ္မာသတိကို သမ္မာသတိမဂ္ဂင်လို့ ခေါ်ပါတယ်။ အဲဒီ သမ္မာသတိက....

၁။ ထွက်သက်ဝင်သက်အစရှိသော ကိုယ်အင်္ဂါအစု၌ အရှုအမြင် အထင် အစွဲ မြဲသောသတိတရား၊

၂။ သုခ-ဒုက္ခစသော ဝေဒနာအစု၌ အရှု အမြင် အထင် အစွဲ မြဲသော သတိတရား၊

၃။ သရာဂ-သဒေါသ စသော စိတ်အစု၌ အရှု အမြင် အထင် အစွဲ အမြဲ သတိတရား၊

၄။ ကာမစ္ဆန္ဒစသော ရုပ်နာမ် ဒုက္ခအစု၌ အရှု အမြင် အထင် အစွဲ မြဲသော သတိတရား

ရယ်လို့ သမ္မာသတိတရား လေးပါး ရှိပါတယ်။ အဲဒီ လေးပါးလဲ ယောဂီတို့ သဘောပေါက်ဖို့ သင့်ပါတယ်။

**သူရူး ဥပမာ။** ။ယောဂီတို့ အဲဒီ သမ္မာသတိ လေးပါး၌ သတ္တဝါတို့ရဲ့ ပကတိစိတ်သည် ရပ်တည်မရ လွင့်ပါးပြေး သွား၍ နေကြပါတယ်။ ဝိပဿနာကမ္မဋ္ဌာန်းအာရုံ၌ မိမိတို့ စိတ်ကို တည်ငြိမ်တွေးထားခြင်းငှာ အစိုးမရကြပါ၊ မိမိတို့ စိတ်ကို အစိုးမရကြသည်ရှိသော် သူရူး သူနှမ်းတို့နှင့် တူကြပါ တယ်။

အေး....သူရူး သူနှမ်းတို့ဟာ မိမိစိတ်ကို မိမိ အစိုးမရကြ ကုန်တဲ့အတွက် တစ်စုံတစ်ခုသော လူ့အရေး၊ လူ့အရာတို့၌ လူရာမဝင်ကြပါ။

အဲဒီအတူပါပဲ၊ ဝိပဿနာဘာဝနာ ကိစ္စတို့၌ မိမိတို့စိတ်ကို တည်ငြိမ်စွာထားခြင်းငှာ အစိုးမရကြတဲ့ ရှင်အပေါင်း၊ ရဟန်းအပေါင်း၊ လူအပေါင်းတို့ဟာ တစ်စုံတစ်ခုသော ကမ္မဋ္ဌာန်းကို နှလုံးသွင်း၍ စမ်းကြည့်ရင် သူရူး သူနှမ်းနှင့် အလားတူ ဖြစ်၍နေကြပါတယ်။

ကမ္မဋ္ဌာန်းအာရုံနှင့် တွေ့ကြုံပါလျှင် မိမိတို့စိတ်ကို မိမိတို့ အစိုးမရ ရှိနေကြသည်ကို သိကြပါတယ်။

အဲဒါကြောင့် ရပ်တည်ရာမဲ့၊ လှုပ်ရှား၊ လွင့်ပါး၊ ပြေးသွားနေတဲ့ စိတ်ရှေးစိတ်နောက်တို့ကို ပယ်ဖျောက်၍ အလိုရှိရာ ကမ္မဋ္ဌာန်းအာရုံ၌ စိတ်ကို တည်ငြိမ်စွာ ထားနိုင်ခြင်းငှာ သတိပဋ္ဌာန်တရား လေးပါးတို့ကို အားထုတ်ကြရပါတယ်။

**သတိပဋ္ဌာန်တရား လေးပါး။**　။ယောဂီတို့ကို ဒီနေရာမှာ သတိပဋ္ဌာန်တရားလေးပါးကို အချုပ်မျှပြောပြပါမယ်။ အကျယ် သိချင်ရင်တော့ ဘုန်းကြီးတို့ ဟောကြားရေးသားတဲ့ 'ဘာဝနာဝတ္ထု' မှာ ရှုပါ။ အကျဉ်းချုပ်မျှ ပြောပြရလျှင်....

၁။ ယောဂီတို့ဟာ မိမိ ရူပကာယ၊ ရုပ်အပေါင်း ခန္ဓာကိုယ်၌ မိမိစိတ်ကို သမ္မာသတိတည်းဟူသော ကြိုးလွန်းဖြင့် အကျပ်အတည်း ဖွဲ့ချည်၍ထားက ကာယ နုပဿနာ သတိပဋ္ဌာန် ဖြစ်ပါတယ်။

ယောဂီတို့....ကာယ နုပဿနာ သတိပဋ္ဌာန်ဆိုတာ ထွက်သက်ဝင်သက်၊ သို့မဟုတ် ထွက်လေ ဝင်လေစတဲ့ တစ်ခုတစ်ခု

ဖော်သော ရူပကာယကို ရုပ်တရားကို ဝင်တိုင်းထွက်တိုင်း သတိစွဲမြဲ စွာထားပြီး ရှုပွားခြင်းကို ဆိုလိုပါတယ်။

အဲဒီလို ထွက်လေ၊ ဝင်လေ စတဲ့ ရူပကာယမှာ ရုပ်တရား အပေါ်မှာ သတိကရုဏ်ထားဖန်များ၍ ကြာသော်သည်ရှိသော် စိတ်ရှုးစိတ်နောက်တွေဟာ ပျောက်ငြိမ်းနိုင်ပါတယ်။

အေး....ထွက်သက်၊ ဝင်သက်၊ ထွက်လေ၊ ဝင်လေ စတဲ့ မိမိရဲ့ ရူပကာယ ရုပ်ခန္ဓာကိုယ်၌ မိမိစိတ်ကို တည်ငြိမ်စွာထား နိုင်တဲ့အခါ မိမိအသိရှိရာ ကမ္မဋ္ဌာန်းအာရုံ၌ တည်ငြိမ်စွာထား ခြင်းငှာ မိမိစိတ်ကို မိမိ အစိုးရပါတယ်။ အဲဒီအခါကျမှ ယောဂီဟာ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာပါလိမ့်မယ်။

၂။ ယောဂီတို့ဟာ မိမိတို့ သန္တာန်မှာ အလှည့်အလည် အားဖြင့် မပြတ်မစဲဖြစ်၍နေတဲ့ ချမ်းသာခံစားမှုသုခဝေဒနာ၊ ဆင်းရဲခံစားမှု ဒုက္ခဝေဒနာ၊ ချမ်းသာမဟုတ်၊ ဆင်းရဲမဟုတ် ခံစားမှု ဥပေက္ခာဝေဒနာ ဆိုတဲ့ ဝေဒနာကာယ ခန္ဓာကိုယ်၌ မိမိစိတ်ကို သမ္မာသတိ တည်းဟူသော ကြိုးလွန်းဖြင့် အချုပ် အနှောင်း ဖွဲ့ချည်၍ထားခြင်းကို ဝေဒနာနုပဿနာ သတိပဋ္ဌာန် ဆိုပါတယ်။

ယောဂီတို့ဟာ ဝေဒနာရှုပွားချင်ပါကယ်ဆိုပါက ယောဂီ တို့ သန္တာန်မှာ အလှည့်အလည်အားဖြင့် မပြတ်မစဲ ဖြစ်၍နေ တဲ့ ဝေဒနာ ကိုယ်၌ မိမိစိတ်ကို ထားဖန်များလတ်သော် ဝေဒနာအပေါ်မှာ အရှုအပွား များလတ်သော် စိတ်ရှုး စိတ် နောက် ပျောက်ငြိမ်းပါတယ်။

အဲဒီအခါ ယောဂီတို့အလိုရှိရာ ကမ္မဋ္ဌာန်းအာရုံ၌ တည်ငြိမ်စွာထားခြင်းငှာ မိမိစိတ်ကိုမိမိ အစိုးရပါမယ်။ အဲဒီအခါကျမှ ယောဂီဟာ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာပါမယ်။

သတိပဋ္ဌာန်တရား လေးပါးမှာ ဝေဒနာနုပဿနာ သတိပဋ္ဌာန်ဟာ ရှုပွားရတာ အခက်ဆုံးမို့ ဘုန်းကြီးတို့ 'ဝေဒနာရှုပွားနည်း' ဆိုပြီး ဟောကြားပြီး စာအုပ်ရေးသား ထားပါတယ်၊ အဲဒီမှာပဲ ရှုကြည့်ပါ။

၃။ ယောဂီတို့ဟာ မိမိတို့ရဲ့သန္တာန်မှာ အလှည့်အလည်အားဖြင့် မပြတ်ဖြစ်ပေါ်နေတဲ့ လောဘနဲ့ယှဉ်တဲ့စိတ်၊ ဒေါသနှင့် ယှဉ်တဲ့စိတ် စတဲ့ စိတ်အမျိုးမျိုးတို့၌ မိမိတို့ရဲ့စိတ်ကို သမ္မာသတိဆည်းဟူသော ကြိုးလွန်းဖြင့် အကျပ်အသည်း ဖွဲ့ချည်၍ထားခြင်းကို စိတ္တာနုပဿနာ သတိပဋ္ဌာန်လို့ ဆိုပါတယ်။

ယောဂီတို့....ဒီစိတ္တာနုပဿနာလဲ အပြော လွယ်သလောက် ဘာကယ်တော့ အရှုအပွားခက်တဲ့ သတိပဋ္ဌာန် တစ်ပါးပါ၊ စိတ်ဟာ နှင်စိတ်ပြိုင်ပြီး မဖြစ်ပါ။ တစ်စိတ်ချုပ်၊ တစ်စိတ်ဖြစ် အနေနဲ့ အလျဉ်မပြတ် ဖြစ်ပျက်နေကြပါတယ်။

စိတ္တာနုပဿနာ သတိပဋ္ဌာန် ရှုပွားအားထုတ်လိုတဲ့ ယောဂီဟာ ရှေ့စိတ်ကို နောက်စိတ်နဲ့ အမြဲမပြတ် သတိကပ်ပြီး ရှုကြည့်နေရပါမယ်။

အဲဒီလို ရှေ့စိတ်ကို နောက်စိတ်နဲ့ရှုဖန်များသော် ရှေ့စိတ်ပေါ်မှာ နောက်စိတ်ကို တားဖန်များသော် စိတ်ရှုး စိတ်နောက်တွေဟာ ပျောက်ငြိမ်းပါတယ်။

အဲဒီလို ပျောက်ငြိမ်းတဲ့အခါမှာ ယောဂီတို့ဟာ အလိုရှိရာ ကမ္မဋ္ဌာန်းအာရုံ၌ တည်ငြိမ်စွာထားခြင်းငှာ မိမိစိတ်ကို မိမိ အစိုးရပါတယ်။ အဲဒီအခါမှာပဲ ယောဂီတို့ဟာ ကိုယ်စိတ် နှစ်ဖြာ ချမ်းသာသုခ ရပါမယ်။

၄။ ရုပ်တရား၊ နာမ်တရားတွေကို ဓမ္မလို့ ခေါ်ပါတယ်။ ယောဂီတို့ဟာ မိမိတို့သန္တာန်၌ ရှိနေတဲ့ ရုပ်နာမ်တရား နှစ်ပါးတို့တွင် ရံခါ ရုပ်တရားအပေါ်၌ ရံခါ နာမ်တရားအပေါ် ၌မိမိတို့စိတ်ကို သမ္မာသတိတည်းဟူသော ကြိုးလွန်းဖြင့်အကျပ် အတည်း ဖွဲ့ချည်ထားခြင်းကို ဓမ္မာနုပဿနာ သတိပဋ္ဌာန်လို့ ဆိုပါတယ်။

ယောဂီတို့၊ ယခုရှုပွားနေတဲ့ သတိပဋ္ဌာန်ဟာ ဓမ္မာနုပ- ဿနာ သတိပဋ္ဌာန်ပါ။ ရုပ်နာမ်နှစ်ပါးတွင် ရုပ်တရားက နာမ်တရားထက် ထင်ရှားလို့ ထွက်လေဝင်လေရဲ့ ထွက်ဝင်တဲ့ အခိုက် တိုးတဲ့သဘော၊ ထိတဲ့သဘော၊ အေးတဲ့သဘော၊နွေး တဲ့သဘော စသည်တို့တွင် ထင်ရှားတဲ့ သဘောတရားကို သတိ ကပ်ကာ ရုပ်-ရုပ်လို့ ရှုခိုင်းထားပါတယ်။

အဲဒီလို ရှုနေရင်းနဲ့ စိတ်လွင့်သွားရင် ပျံ့သွားရင် ဟိုရောက် ဒီရောက်ရောက်ရင် အဲဒီစိတ်ကို နာမ်လို့ရှုပါ စသည်ဖြင့် ယောဂီ တို့ကို ရှုပွားခိုင်းထားပါတယ်။

ယောဂီတို့စိတ်ကို ရံခါ ရုပ်တရား၊ ရံခါ နာမ်တရားတို့၌ သမ္မာသတိတည်းဟူသော ကြိုးလွန်းဖြင့် အကျပ်အတည်းဖွဲ့

ချည်ထားဖန်မျှားလတ်သော် စိတ်ရှူးစိတ်နှောက်တွေ ပျောက်ငြိမ်းပါတယ်။

အဲဒီလို စိတ်ရှူး စိတ်နှောက်တွေ ပျောက်ငြိမ်းတဲ့အခါ ယောဂီတို့ဟာ အလိုရှိရာ ကမ္မဋ္ဌာန်းအာရုံ၌ တည်ငြိမ်စွာထားခြင်းငှာ မိမိစိတ်ကို မိမိ အစိုးရပါတယ်။

**ဖွဲ့ချည်မှုအဓိက**။ ။ယောဂီတို့၊ ယောဂီတို့ရဲ့ကိုယ်မှာ ရူပကာယခေါ်တဲ့ ရုပ်အပေါင်းကတစ်မျိုး၊ ဝေဒနာကာယခေါ်တဲ့ ဝေဒနာအပေါင်းက တစ်မျိုး၊ စိတ္တကာယခေါ်တဲ့ စိတ်ကိုယ်က တစ်မျိုး၊ ဓမ္မကာယခေါ်တဲ့ ရုပ်နာမ်အပေါင်းက တစ်မျိုးရယ်လို့ ကာယ လေးမျိုး ရှိပါတယ်။

အဲဒီလေးမျိုးမှာ အဓိကအားဖြင့် ယောဂီတို့ကို ရုပ်နာမ်ကာယခေါ်တဲ့ ဓမ္မကာယအပေါ်မှာ သတိထားခိုင်းထားပါတယ်။ အဲဒီလို သတိထားရင်းနဲ့ ရူပကာယခေါ်တဲ့ ရုပ်ကာယအပေါင်းမှ ရုပ်တရားအမျိုးမျိုး ထင်ရှားလာရင်လဲ အဲဒီရုပ်တရားကို 'ရုပ်'လို့ ရှုပါ။

ဝေဒနာကာယ ခေါ်တဲ့ ဝေဒနာအပေါင်းမှ ခံစားမှုဝေဒနာတစ်မျိုးမျိုး ထင်ရှားလာရင်လဲ အဲဒီ ခံစားမှုဝေဒနာတရားကို 'နာမ်'လို့ ရှုပါ။ စိတ္တကာယခေါ်တဲ့ စိတ်တစ်မျိုးမျိုး ထင်ရှားလာရင်လဲ အဲဒီစိတ်ကို 'နာမ်'လို့ ရှုပါ။

အကျဉ်းချုပ်အားဖြင့်ပြောရရင် ယောဂီတို့ကိုယ်မှာ ရုပ်ခန္ဓာမှ ဘယ်ရုပ်ပဲ ထင်ရှားထင်ရှား အဲဒီထင်ရှားတဲ့ရုပ်ကို 'ရုပ်' လို့ မလွှတ်တမ်း ရှုပါ။

ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာ ဆိုတဲ့ နာမ်ခန္ဓာလေးပါးကိုဘဲ ဘယ်ခန္ဓာပဲ ထင်ရှား ထင်ရှား အဲဒီထင်ရှားတဲ့ နာမ်ခန္ဓာကို 'နာမ်-နာမ်' လို့ မလွတ်တမ်း ရှုပါ။

အဲဒီလို မလွတ်တမ်းရှုပွားနေရင် ယောဂီတို့ ကိုယ်ခန္ဓာမှ အပ အာရုံသို့ မိမိတို့စိတ် မထွက်နိုင်သွားဘဲ အဲဒီလေးပါးသော ကာယတို့၌သာလျှင် သတိအညီးဟူသော ကြိုးလွန်ဖြင့် ဖွဲ့ချည်ထားနိုင်တဲ့အတွက် ယောဂီတို့မှာ ဘာဘာဝ အဆက်ဆက်တို့က အစဉ်ပါလာသော စိတ်ရူး၊ စိတ်နှောက်၊ စိတ်ပူ၊ စိတ်ရှုပ်တွေကို ပျောက်ငြိမ်းအောင်ပြုမှုကို သတိပဋ္ဌာန်အလုပ် လို့ ခေါ်ပါတယ်။

ကိုယ်-စိတ်-ဝေ-ဓမ္မာ။ ။ယောဂီတို့ကို ချပေးခဲ့တဲ့ လက်ထဲမှာ 'ကိုယ်-စိတ်-ဝေ-ဓမ္မာ' ဆိုတာ ဘာလဲ။ ကိုယ်-ဆိုတာက ရူပကာယကို ခေါ်ပါတယ်။ ကာယ နုပဿနာ သတိပဋ္ဌာန်ကို ရည်ညွှန်းပါတယ်။ ရုပ်တရား အပေါင်းက ဘယ်ရုပ်ပဲ ထင်ရှားထင်ရှား 'ရုပ်' လို့ ရှုမှတ်ပါ။

စိတ်-ဆိုတာ စိတ္တကာယကို ညွှန်းပါတယ်။ ယောဂီတို့ ကိုယ်မှာ သိမှုဆိုတာ ရှိပါတယ်။ ဘာကိုပဲသိသိ သိသိသမျှနာမ် လို့ ရှုပါ။ ရှေးအသိကို နောက်အသိနဲ့ နာမ်လို့ရှုပါ။ အသိ တရားဟာ နာမ်တရားပါ။

ဝေ-ဆိုတာက ဝေဒနာကာယကို ညွှန်းပါတယ်။ ယောဂီ တို့ကိုယ်မှာ ခံစားမှုဆိုတာ ရှိပါတယ်။ ဒီခံစားမှုဟာ ဝေဒနာ

ပါ။ နာမ်တရားပါ။ ယောဂီတို့ဟာ အကောင်းပဲ ခံစား ခံစား၊ မကောင်းဘဲ ခံစာ ခံစား ကောင်းမကောင်း အလယ် အလတ်ပဲ ခံစားခံစား အဲဒီခံစားသမျှကို ခံစားတဲ့အခိုက်မှာ နာပ် နာမ်လို့ ရှုပါ။

ရုပ်နာမ်အပေါင်းကို ခန္ဓာကာယလို့ ဆိုပါတယ်။ ယောဂီတို့ဟာ မုံခါ ရုပ်၊ ရံခါ နာမ် ရုပ်နာမ်နှစ်ပါးတွင် ထင်ရှား တဲ့တရား ကာယ်ခန္ဓာပေါ်မှာ အမြဲသတိထားနေမှုင် သမ္မာသတိ ဖြစ်နေပါပြီ။

အေး...ယောဂီတို့ဟာ ပုဂ္ဂိုလ်၊ သတ္တဝါ၊ ငါ၊ သူတစ်ပါး၊ ယောကျ်ား၊ မိန်းမ၊ ခေါင်း၊ ကိုယ်၊ ခြေ၊ လက်၊ ဝမ်းဗိုက် ပေါ်မှာ စိတ်ရောက်နေရင် သတိထားနေရင် သမ္မာသတိ မဟုတ်ပါ၊ မိစ္ဆာသတိပါ။

ရှုရမှာက ရုပ်သဘောတရား၊ နာမ်သဘောတရားကို ရှုရ မှာပါ။ ကိုယ်နဲ့စပ်ပြီး ကိုယ်ပေါ်မှာဖြစ်နေတဲ့ သဘောတရား အားလုံးကို ရုပ်လို့ရှုပါ။ စိတ်နှင့်စပ်ပြီး စိတ်ထဲမှာ ဖြစ်နေ သမျှကို နာမ်လို့ရှုပါ။

အဲဒီလိုသာ ရှုပွားနေရင် ယောဂီတို့ သတိဟာ ရုပ်နာမ် ပေါ်မှာ အမြဲရှိနေပြီး သမ္မာသတိ ဖြစ်နေပါပြီ။ အဲ....အရှု လွတ်သွားရင် ခေါင်း၊ ကိုယ်၊ ခြေ၊ လက်၊ ဝမ်း ဗိုက် ပေါ် ရောက်သွားရင် မိစ္ဆာသတိ ဖြစ်သွားပြီ။

အေး–ပုဂ္ဂိုလ်၊ သတ္တဝါ၊ ယောကျ်ား၊ မိန်းမ၊ ခေါင်း၊ ကိုယ်၊ ခြေ၊ လက်၊ ဝမ်းဗိုက် မြင်နေရင် မေတ္တာရှင်လဲပွားပါ၊

အသုဘ ဘာဝနာရင်လဲ ပွားပါ။ ပညတ်အာရုံ မြင်နေလို့ ဝိပဿနာ မပွားရပါ၊ သမထ ဘာဝနာပဲ ရှုပွားရပါတယ်။ ဆိုကြည့်စမ်းပါ။

**ပညတ်မြင်လျှင်၊ မေတ္တာဝင်၊ ညာဏ်ဖြင့်ဆတ်ဆတ် ပရမတ်၊**
**ဝိပဿနာ ဘာဝနာ ပွားကြရာ၏။**
**ပညတ်မြင်လျှင်၊ အသုဘဝင်၊ ညာဏ်ဖြင့်ဆတ်ဆတ် ပရမတ်၊**
**ဝိပဿနာ ဘာဝနာ ပွားကြရာ၏။**

ယောဂီတို့မှာ ပုဂ္ဂိုလ်သတ္တဝါ၊ ခေါင်း၊ ကိုယ်၊ ခြေ၊ လက်၊ ဝမ်းဗိုက်ပေါ်မှာ သိတဲ့ အသိနဲ့ နေလာခဲ့တာ ပညတ်သိနဲ့ နေလာခဲ့တာ များပါပြီ။ ယခု ဝိပဿနာ ရှုပွားတယ်ဆိုတာ အဲဒီ ပညတ်သိကို ပရမတ်ရုပ်နာမ်သို့ ပြောင်းပြီး သိခိုင်းတာပါ၊ အဆန်းမဟုတ်ပါ။

ရုပ်နာမ် ပရမတ်ကို ရုပ်ရုပ် နာမ်နာမ်နဲ့ ရှုပွား နေရင်း ခေါင်း၊ ကိုယ်၊ ခြေ၊ လက်၊ ဝမ်းဗိုက်၊ ပုဂ္ဂိုလ်၊ သတ္တဝါ စသည် ပေါ်လာလျှင် မေတ္တာရင်လဲ ပို့ပါ။ အသုဘ ဘာဝနာ ရင်လဲ ရှုပွားပါ၊ အမျှရင်လဲ ပေးဝေပေးပါ။

သုခိတ သတ္တဝါဖြစ်လျှင် အသုဘ ဘာဝနာပွားပါ။ ဒုက္ခိတ သတ္တဝါမြင်လျှင် အမျှဝေပါ။ ရုပ်ပရမတ် နာမ်ပရမတ် မြင်လျှင် ဝိပဿနာ ဘာဝနာ ရှုပွားရပါတယ်။ အဲဒီလိုဆိုရင် ယောဂီတို့ သတိဟာ သမ္မာသတိ ဖြစ်နေပြီပေါ့။

သမ္မာသတိဖြစ်နေရင်လဲ ယောဂီ တို့မှာ မပင်ပန်းပါ။ ဒါကြောင့် တရားအားထုတ်တဲ့အခါမှာ ကိုယ် အားထုတ်

ရမယ့်တရားမှာ အသိဉာဏ် ရှင်းဖို့ အရေးကြီးပါတယ်။ အသိဉာဏ်ရှင်းရင် တရားအားထုတ်ရတာ ပင်ပင်ပန်းပန်း ခက်ခက်ခဲခဲကြီး မဟုတ်ပါ။ အသိဉာဏ် မရှင်းရင် အားထုတ်ရတာလဲ ပင်ပန်းပါတယ်၊ ရလဲ မရပါ။

၅။ သမာဓိ။ ။ယောဂီတို့၊ ယခုဆိုရင် သမ္မာသတိမဂ္ဂင်အကြောင်းကို ရှင်းလင်းဟောကြားပြီးပါပြီ၊ ဆက်လက်ပြီး သမ္မာ သမာဓိမဂ္ဂင်အကြောင်းကို ရှင်းပြပါမယ်။သမ္မာသမာဓိကို ဖြူစင်ဖြောင့်မတ် ကောင်းမြတ်စင်ကြယ်သော စိတ်တည်ကြည်မှုလို့ နောက်က ပြောခဲ့ပါတယ်။ ရှုပွားနည်းသိရအောင် ဆိုကြည့်စမ်းပါ။

အရှုခံတွင်၊ စိတ်တည်လျှင်၊ ခေါ်တွင် သမာဓိမဂ်

အဲဒီ လင်္ကာလေးက ယောဂီတို့ ရှုပွား အားထုတ် အလုပ်လုပ်တဲ့နေရာမှာ အသိဉာဏ်ရှင်းအောင် ရေးထားတာပါ။ အဲဒီ အရှုခံသဘောကို မပြောကြားမီ သမ္မာသမာဓိ လေးပါး ရှိပုံကို ပြောကြားရအောင်ပါ။

၁။ ရှေးဦးစွာသော ကသိုဏ်း စသောတစ်ခုသော သမထအာရုံ၌ တုန်လှုပ်ခြင်းမရှိဘဲ ရှုမြင်ထင်စွဲ ခိုင်မြဲတည်ငြိမ်သော ပထမစျာန်သမာဓိ။

၂။ နှစ်ကြိမ်မြောက် ကသိုဏ်းစသော တစ်ခုသော သမထအာရုံ၌ တုန်လှုပ်ခြင်းမရှိဘဲ ရှုမြင်ထင်စွဲ ခိုင်မြဲတည်ငြိမ်သော ဒုတိယစျာန်သမာဓိ။

၃။ သုံးကြိမ်မြောက် ကသိုဏ်းစသော တစ်ခုသော သမထအာရုံ၌ တုန်လှုပ်ခြင်းမရှိတဲ့ ရှုမြင်ထင်စွဲ ခိုင်မြဲတည်ငြိမ်သော တတိယစျာန် သမာဓိ။

၄။ လေးကြိမ်မြောက် ကသိုဏ်း စသော တစ်ခုသော သမထအာရုံ၌ တုန်လှုပ်ခြင်းမရှိဘဲ ရှုမြင်ထင်စွဲခိုင်မြဲတည်ငြိမ်သောစတုတ္ထစျာန်သမာဓိ။

ရယ်လို့ သမာဓိက လေးမျိုးရှိပါတယ်။ လေးမျိုးရှိပမယ့် အရှုခံအာရုံနှင့်ပြောရရင် ကသိုဏ်း အစရှိသောအာရုံ- အနိစ္စ အစရှိသော လက္ခဏာပေါ်မှာ တုန်လှုပ်ခြင်းမရှိဘဲ ရှုမြင်ထင်စွဲ ခိုင်မြဲတည်ငြိမ်သော သမာဓိလို့ ခေါ်ပါတယ်။

ယောဂီတို့ကို အလုပ်သဘောနှင့် ပြောရရင်၊ ယောဂီတို့ ရှုနေတဲ့ အရှုခံအာရုံမှာ တည်နေလျှင် သမ္မာသမာဓိပါ။

အဲဒီမှာယောဂီတို့- သမထသမာဓိနှင့် ဝိပဿနာသမာဓိကို ကွဲပြားကြပါစေ။ သမထ သမာဓိဆိုတာ ကသိုဏ်းအစရှိသော သမထ ၄၀ ကမ္မဋ္ဌာန်းအာရုံတို့တွင် တစ်ခုတစ်ခုသော ကမ္မဋ္ဌာန်း အာရုံ၌ မတုန်မလှုပ် ရှုမြင်ထင်စွဲ ခိုင်မြဲတည်ငြိမ်တဲ့ သမာဓိကို ခေါ်ပါတယ်။

အတိုချုပ်ပြောရရင် သမထ သမာဓိဆိုတာ အာရုံက ပညတ်၊ အဲဒီအာရုံမှာ မတုန်မလှုပ်ရှုမြင်ထင်စွဲ ခိုင်မြဲတည်ငြိမ်တဲ့ သမာဓိပါ၊ ဝိပဿနာ သမာဓိဆိုတာ အာရုံက ရုပ်နာမ် ပရမတ်။ အဲဒီ ရုပ်နာမ် ပရမတ်ဆိုတာ ခဏဖြစ် ခဏပျက်ပါ။

အဲဒီ ခဏဖြစ် ခဏပျက် အသစ်ဖြစ် အဟောင်းပျက်နေတဲ့ ရုပ်နာမ်ပရမတ်တို့ရဲ့မတည်မမြဲ ပြောင်းလဲဖြစ်ပျက်နေတဲ့ အမြဲဖြစ်ပျက်နေတဲ့ ရုပ်နာမ်ပရမတ်တို့ရဲ့ ခဏတိုင်းခဏတိုင်းမှာ တည်နေတဲ့ ခဏိက သမာဓိပါ။

နားလည်အောင် တစ်နည်းပြောရရင် သမထ သမာဓိက ပညတ်အာရုံ တစ်ခုခုပေါ်မှာ အမြဲတည်တဲ့ သမာဓိပါ၊ ဝိပဿနာသမာဓိက အာရုံအသစ် အသစ်ဖြစ်ခိုက်- တည်ခိုက်- ပျက်ခိုက်ပေါ်မှာတည်တဲ့ သမာဓိပါ။ နားလည်အောင်ပြောရရင် ခဏဖြစ် ခဏတည်၊ ခဏပျက်ခပေါ်မှာ ခဏတည်တဲ့သမာဓိမို့ ခဏိက သမာဓိပါ။

အခု ယောဂီတို့ အရှုခံအာရုံအဖြစ် ဘာကို အဓိကအားဖြင့် ပေးထားသလဲဆိုရင် ထွက်လေဝင်လေရဲ့ ထွက်ဝင်ခိုက်မှာ တိုးတဲ့သဘောကို ပေးထားတယ်၊ ထိတဲ့သဘောကိုပေးထားတယ်၊ အေးတဲ့သဘောကိုပေးထားတယ်၊ နွေးတဲ့သဘောကို ပေးထားတယ်။

အဲဒီမှာ အရှုခံအာရုံ၊ တိုးသဘောဟာ ခဏတိုးပြီး ခဏတည်ကာ ခဏပျက်သွားပါတယ်။ အဲဒီ တိုးသဘောကလေး တိုးခိုက် ရုပ်လို့ရှုတဲ့ အသိကလေးနဲ့ ကည့်သွားရင် တည်တယ်လို့ပဲ ခေါ်ရပါတယ်။

အေး- ယောဂီတို့ သတိထားနော်၊ အာရုံဟာ အသစ်အသစ်ပါ၊ တစ်ခုတည်းမဟုတ်ပါ။ သမထအာရုံဟာ ပညတ်ဖြစ်တယ်၊ တစ်ခုတည်းဖြစ်တယ်၊ အသစ်အသစ် မဟုတ်ပါ။ အဲဒီအပေါ်မှာ သမာဓိကလည်း မလှုပ်မရှား တည်ရပါတယ်။

ယခု ဝိပဿနာ အာရုံဟာ ရုပ်၊ နာမ် ပရမတ်ဖြစ်တယ်၊ အများကြီးဖြစ်တယ်၊ အသစ်အသစ်ပါ။ အဲဒီအပေါ်မှာ အာရုံတစ်ခုကို စိတ်တစ်ခုအနေနဲ့ တည်ရတဲ့ သမာဓိပါ။

ယောဂီတို့ တိုးသဘော သိမှုတစ်ချက် တစ်တိုး တစ်သိ တစ်တိုးတစ်သိ အချက်ကျကျ ရှုနေနိုင်ရင် တည်တယ်လို့ပဲ ခေါ်ပါတယ်။ အဲဒီလို တစ်တိုးတစ်သိ 'တည်' နေရင် ယောဂီတို့ရဲ့ မျက်နှာဟာ ကြည်နေပါတယ်။

အေး၊ သမာဓိရဲ့သဘောဟာ 'ကျောက်သားတိုင်နဲ့၊ ယှိုင်မလဲသို့ ခိုင်မြဲတည့်မတ် သမာဓိစိတ်ဓာတ်' လို့ ဆိုတဲ့အတိုင်း သမာဓိရှိနေရင် ယောဂီရဲ့ ကိုယ်နေကိုယ်ထားဟာ တည်နေရပါတယ်၊ ကိုယ်နေကိုယ်ထား တည်ငြိမ်နေရင်လဲ မျက်နှာနေမျက်နှာထားဟာ ကြည်နေပါတယ်။

သမာဓိမရရင် ကိုယ်ကလဲ မတည်ငြိမ်ပါ၊ လှုပ်နေပါတယ်၊ မျက်နှာကလဲ မကြည်ပါ၊ မှုံနေတတ်ပါတယ်။

မတည်ရင် မကြည်ပါ၊ မတည်၊ မကြည်ရင် သမာဓိမဖြစ်သေးပါ။ သမာဓိသဘောက တည်ကြည်ပါတယ်၊ ဒါကြောင့် တည်ကြည်မှု သမာဓိလို့ သုံးစွဲလေ့ရှိပါတယ်။

တည်တဲ့အရာဝတ္ထုဟာ မလှုပ်မယှက် ငြိမ်ငြိမ်သက်သက်ပဲ။ ကိုယ်လှုပ်တယ်ဆိုတာ စိတ်လှုပ်လို့ လှုပ်တာပါ၊ စိတ်က လှုပ်ချင်တဲ့စိတ်နဲ့ လှုပ်နေရင် စိတ်ကြောင့်ဖြစ်တဲ့ ကိုယ်လဲ လှုပ်ပါတယ်။

လှုပ်ချင်တဲ့စိတ်မရှိရင် ကိုယ်မလှုပ်ပါ၊ ကိုယ်လှုပ်တာဟာ

စိတ်လှုပ်လို့ လှုပ်တာဆိုတော့ ကိုယ်လှုပ်အောင်လုပ်လိုက် ရှုပ်သွားလိုက်နှင့်ဆိုတော့ စိတ်ဟာ ဗျာများနေပါတယ်၊ မငြိမ်သက်ပါ။ ဟိုပြေးလိုက် ဒီပြေးလိုက်နဲ့ မငြိမ်မသက် မတည်မကြည်၊ သမာဓိ မဖြစ်ပါ။

သမာဓိရဲ့သဘောက အရှုခံအာရုံတစ်ခုအပေါ်မှာ တည်နေရမယ်၊ အရှုခံအာရုံပေါ်မှာ တည်နေရင် ယောဂီရဲ့ မျက်နှာဟာလဲ ကြည်နေတယ်။

ကျောက်သားတိုင်ဟာ အရှေ့အနောက် တောင်မြောက် အရပ်လေးမျက်နှာက လာချင်တဲ့ဆီက လေလာပါ၊ မလှုပ်၊ မတုန်၊ ပယိမ်းမယိုင်သလို ယောဂီလဲ အရှုခံအာရုံပေါ်မှာ စိတ်တည်နေရင် မလှုပ်မယိုင် တည်ငြိမ်နေပါတယ်။

**ပဉ္စင်္ဂိကမဂ်။** ။ယောဂီတို့ဟာ ယခု တိုးသဘော၊ ထိသဘော၊ ရုပ်ကို တိုးတိုင်းထိတိုင်း 'ရုပ်-ရုပ်'လို့ ရှုတဲ့အခါ မဂ္ဂင်ငါးပါး ဖြစ်နေတယ်၊ ပါဝင်နေပါတယ်။

သမ္မာဒိဋ္ဌိသမ္မာသင်္ကပ္ပ မဂ္ဂင် နှစ်ပါးဟာ ပညာမဂ္ဂင်ပါ၊ ခန္ဓာအနေနဲ့ပြောရင် ပညာက္ခန္ဓမဂ္ဂင်လို့ ခေါ်ပါတယ်။

သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိ-မဂ္ဂင်သုံးပါးဟာ သမာဓိမဂ္ဂင်ပါ။ ခန္ဓာအနေနဲ့ ပြောရင် သမ္မာဓိက္ခန္ဓမဂ္ဂင်လို့ ခေါ်ပါတယ်။

သမ္မာဓိက္ခန္ဓ မဂ္ဂင်သုံးပါးနှင့် ပညာက္ခန္ဓမဂ္ဂင် နှစ်ပါးကို ပေါင်းလိုက်တဲ့အခါ ငါးပါး ဖြစ်ပါတယ်။ အစိတ်အပိုင်း ငါးပါးရှိလို့ အဲဒီ ငါးပါးကို ပဉ္စင်္ဂိကမဂ်လို့ ခေါ်ပါတယ်။

အဲဒီ ပဋ္ဌဂိက မဂ်ကို အရိယမဂ်ရဲ့ ရှေ့သွားဖြစ်လို့ ပုဗ္ဗဘာဂ မဂ်လို့လည်း ခေါ်ပါတယ်။ အရိယမဂ်ရဲ့ ရှေ့အဖို့ဖြစ်တဲ့ မဂ်လို့ အဓိပ္ပာယ်ရှိပါတယ်။

ရုပ်နာမ်ဓမ္မသင်္ခါရတွေကို အနိစ္စ အစရှိသော အခြင်းအရာ အားဖြင့် မြင်အောင် ရှုပွားတတ်လို့ ဝိပဿနာ မဂ်လို့လည်း ခေါ်ပါတယ်။

မိုးရိုးဖလာ အမြင်အသိမှ ထူးထူးခြားခြား အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ အသုဘ အမြင်အသိကို မြင်သိစေတတ်လို့ ဝိပဿနာ မဂ်လည်း ခေါ်ပါတယ်။

ယခု တရားအလုပ် ကြိုးစားပြီး လုပ်နေတာဟာ ယောဂီ တို့က လုပ်နေတာ မဟုတ်ပါ။ အဲဒီ မဂ္ဂင်ငါးပါးက လုပ်နေ တာပါ။ အဲဒါကြောင့် အဲဒီ မဂ္ဂင်ငါးပါးကို အလုပ်လုပ်တဲ့ မဂ္ဂင်၊ ကာရက မဂ္ဂင်လို့လည်း ခေါ်ပါတယ်။

**စိတ်ကို မဂ္ဂင်ငါးပါးနဲ့ တန်ဆာဆင်ပါ။**

ယောဂီတို့၊ ကိုယ်မှာ ရုပ်ရယ် နာမ်ရယ်၊ သို့မဟုတ် ကိုယ်ရယ် စိတ်ရယ်လို့ နှစ်မျိုး ရှိပါတယ်။ အဲဒီ နှစ်မျိုးမှာ ယောဂီတို့ စိတ်ကို မဂ္ဂင်ငါးပါးနှင့် တန်ဆာဆင်ပါ။ လျောင်း၊ ထိုင်၊ ရပ်၊ သွား၊ ဣရိယာရှိရာ နေချင်တဲ့ ဣရိယာပုတ်နှင့် နေပါ။ စိတ်ကို ဒီမဂ္ဂင်ငါးပါးနှင့် တန်ဆာဆင်ပြီး နေပါ။

ဣရိယာပုတ်လေးပါးတို့တွင် ကြိုက်တဲ့ ဣရိယာပုတ် တစ်ခု နှင့် ရှုပါ။ အဲဒီလို ရှုပွားတာဟာ စိတ်အလုပ်ပါ။ အဲဒီစိတ်ကို

အသုံးပြုရင် သမာဓိမဂ္ဂင် သုံးပါး၊ ပညာမဂ္ဂင် နှစ်ပါးအားဖြင့် မဂ္ဂင်ငါးပါးနှင့် တန်ဆာဆင်ပြီး အသုံးချပါ။

လောကမှာ လှချင် ပချင်ရင် ပြင်ဆင်ရမယ်၊ တန်ဆာဆင်ရမယ်။ ယခုလည်း ယောဂီတို့ စိတ်လှချင်ရင် မဂ္ဂင် ငါးပါးနှင့် တန်ဆာဆင်ပါ။

ယခု ယောဂီတို့၊ သပိတ်အိုင်တောရကြီးထဲမှာ လာရောက်အားထုတ်တယ်ဆိုတာ စိတ်ကို မဂ္ဂင်ငါးပါးနှင့် တန်ဆာဆင်ပြီး ပြင်ဆင်နေတာပါ။

ယောဂီတို့၊ အနုပ်ထဲက လူတွေကို သတိထားကြည့်ပါ။ အပြင်အဆင်တတ်တဲ့ လူတွေဟာ လှတယ်၊ အပြင်အဆင်ကောင်းတဲ့ လူတွေဟာ လှတယ်။ အပြင်အဆင် မကောင်းတဲ့ လူတွေဟာ မလှပါ၊ အပြင်အဆင် မတတ်တဲ့ လူတွေဟာ မလှပါ။

အဲဒီ အတူတူပါပဲ။ ယခု မိမိတို့စိတ်ကို မဂ္ဂင်ငါးပါးနှင့် တန်ဆာဆင်ပြီး ပြင်ဆင်နေကြတဲ့ ယောဂီတို့ တစ်တွေထဲမှာလည်း အပြင်အဆင်တတ်သူ မတတ်သူ၊ အပြင်အဆင်ကောင်းသူ မကောင်းသူရယ်လို့ ရှိပါတယ်။

အေး.... ဒီသပိတ်အိုင်တောရ ၁၀-ရက်စခန်းက ပြန်သွားကြတဲ့အခါ အပြင်အဆင်တတ်သူ၊ အပြင်အဆင် ကောင်းသူယောဂီတွေဟာ စိတ်လှလှနဲ့ ပြန်ရပါလိမ့်မယ်။

အပြင်အဆင် မတတ်သူ၊ အပြင်အဆင် မကောင်းသူ၊ ယောဂီတွေကတော့ နဂိုစိတ်အတိုင်း မလှတဲ့စိတ်နဲ့ဘဲ ပြန်သွားကြရပါလိမ့်မယ်။

ဒါကြောင့် ယောဂီတို့ဟာ အပြန် ထူးသွားအောင် ကြိုးစားပြီး စိတ်ကို ပြုပြင်တန်ဆာဆင်ကြပါ။

၆။ **သမ္မာဝါစာ မဂ္ဂင်။** ။ယောဂီတို့၊ ဘုန်းကြီးဟောခဲ့တာ ပညာမဂ္ဂင်နှစ်ပါး၊ သမာဓိမဂ္ဂင် သုံးပါး အားဖြင့် ငါးပါး ပြီးသွားပါပြီ။ အဲဒီငါးပါးနှင့် စိတ်ကို တန်ဆာဆင်လျှင် စိတ်ယဉ်ကျေးမယ်။ ယခု ကိုယ်ကို တန်ဆာဆင်ဖို့ရာ သီလမဂ္ဂင် သုံးပါးအကြောင်းကို ပြောပြပါ့မယ်။ ကိုယ်နှင့် နှုတ်ကို အသုံးပြုလျှင် သီလမဂ္ဂင် သုံးပါးနှင့် အသုံးပြုပါ။

**ဆိုကြည့်စမ်းပါ။**

**လိမ်-ကုန်း-ကြမ်း ပြော၊ အဖျင်းပြော၊ ရှောင်သော ဝါစာမဂ်။**

သမ္မာဝါစာ မဂ္ဂင်လို့ ဆိုလိုပါတယ်။ ယောဂီတို့၊ သမ္မာဝါစာ မဂ္ဂင်လေးပါး ရှိပါတယ်။ တရားအားထုတ်တဲ့ ယောဂီတွေဟာ အဲဒီ သမ္မာဝါစာ လေးပါးကို မှတ်ထားပါ။

၁။ မဟုတ် မမှန်သော စကားကို ပြောဆိုခြင်းမှ ကြဉ်ရှောင်ခြင်း၊

၂။ နှစ်ဦးသောသူတို့ အကြား၌ ကုန်းတိုက်စကားကို ပြောဆိုခြင်းမှ ကြဉ်ရှောင်ခြင်း၊

၃။ သူတစ်ပါးတို့၏ စိတ်နှလုံး၌ ခိုက်တိုက်ကျင်နာမခံသာအောင် ကြမ်းကြုတ်စွာ ထိပါးလှုပ်ကျ '၁၀'ပါးသော ဆဲရေးခြင်းတို့ဖြင့် ဆဲရေးသော အမှုမှ ကြဉ်ရှောင်ခြင်း၊

၄။ ပစ္စုပ္ပန်၊ သံသရာ နှစ်ဖြာသော ကောင်းကျိုးနှင့် မစပ်လျဉ်းဘဲ ပြိန်ဖျင်းလျက် ဆန်းကြွယ်စွာသော ဒဏ္ဍာရီစကားမျိုး၊ ၃၂ ပါးသော တိရစ္ဆာန်စကားမျိုးတို့မှ ကြဉ်ရှောင်ခြင်း။

ရယ်လို့ သမ္မာဝါစာ လေးပါးရှိပါတယ်။ အဲဒီလေးပါးနှင့် အညီ ပြောပါမှ သမ္မာဝါစာ ဖြစ်ပါတယ်။ အဲဒီ သမ္မာဝါစာ လေးပါးကို အနည်းငယ် ခွဲပြီးတော့ ပြောပြပါဦးမယ်။

က။ မဟုတ်သည်ကို အဟုတ်ဟူ၍ ယူမှတ်အောင် ပြောဆိုခြင်း၊ ဟုတ်သည်ကို မဟုတ်ဟူ၍ ယူမှတ်အောင် ပြောဆိုခြင်းသည် 'မုသာဝါဒ' မည်ပါတယ်။ အဲဒီ မုသာဝါဒမှ လွတ်ကင်းအောင် ကြဉ်ရှောင်ခြင်းသည် မုသာဝါဒ ဝိရတိ မည်ပါတယ်။

ယောဂီတို့၊ အဲဒီမုသာဝါဒနှင့် ပတ်သက်၍ သိသင့်သိထိုက်တဲ့ မုသာဝါဒ အင်္ဂါလေးပါးကို ပြောပြဦးမယ်၊ သေသေချာချာ မှတ်ထားပါ။

၁။ မဟုတ်မမှန်သော ဝတ္ထုလည်း ဖြစ်စေ၊
၂။ ချွတ်ယွင်းစေလိုသော စိတ်ရှိသည်လည်း ဖြစ်စေ၊
၃။ အဲဒီ စိတ်အားလျော်သော လုံ့လ ပယောဂကို ပြုသည်လည်း ဖြစ်စေ၊
၄။ သူတစ်ပါးက အဲဒီ စကားရဲ့ အနက်အဓိပ္ပာယ်ကို သိသည်လည်း ဖြစ်စေ၊

အဲဒီ အင်္ဂါလေးပါးနှင့် ပြည့်စုံလျှင် ယောဂီတို့ဟာ မုသာ

ဝါဒ သိက္ခာပုဒ် ပျက်စီးပြီ၊ မုသာဝါဒ သိက္ခာပုဒ်ကို ကျူးလွန်မိပြီလို့ မှတ်ပါ။

၁။ အချင်းချင်းယုံကြည်လေးမြတ်၍ နေကြကုန်သော နှစ်ဦးသော သူတို့ကို အယုံအကြည် အလေးအမြတ် ပျက်အောင် ပြောဆိုခြင်း၊ စိတ်ဝမ်း ကွဲပြားအောင် ပြောဆိုခြင်း၊ နှစ်ဦးသော သူတို့၏ အကြား၌ ကုန်းတိုက်ခြင်းသည် ပိသုဏာဝါစာ မည်ပါတယ်။ အဲဒီ ပိသုဏာဝါစာမှ ကြဉ်ရှောင်ခြင်းသည် ပိသုဏာဝါစာ ဝိရတိ မည်ပါတယ်။

ယောဂီတို့၊ အဲဒီ ပိသုဏာဝါစာနှင့် ပတ်သက်၍ သိသင့်သိထိုက်တဲ့ ပိသုဏာဝါစာရဲ့ အင်္ဂါလေးပါးကို ပြောဆိုပါဦးမယ်၊ ယောဂီတို့ဟာ မှတ်မှတ်သားသား နာကြားပါ။

၁။ ကွဲပြားစေအပ်သော သူတစ်ပါးလည်းရှိစေ၊
၂။ သူနှစ်ဦး ကွဲပြားခြင်းကို ရှေးရှုသည်လည်း ရှိစေ၊
၃။ အဲဒီ စိတ်အားလျော်တဲ့ လုံ့လပယောဂကို ပြုသည်လည်း ဖြစ်စေ၊
၄။ အဲဒီ သူတစ်ပါးက အဲဒီ ကုန်းတိုက်တဲ့ စကားရဲ့ အနက် အဓိပ္ပာယ်ကို သိသည်လည်း ဖြစ်စေ။

အဲဒီ အင်္ဂါလေးပါးနှင့် ပြည့်စုံအောင် ကျူးလွန်မိလျှင် ယောဂီတို့မှာ ပိသုဏာဝါစာ သိက္ခာပုဒ် ပျက်ပါတယ်။

ဂ။ ဆဲရေးလိုသော ဒေါသစိတ်ဖြင့် သူတစ်ပါးအား အမျိုးကို ထိခိုက်အောင်ဆိုခြင်း၊ အနွယ်ကို ထိခိုက်

အောင်ဆိုခြင်း၊ သဏ္ဌာန်ကို ထိခိုက်အောင်ဆိုခြင်း၊ အလုပ်အကိုင်ကို ထိခိုက်အောင်ဆိုခြင်း အစရှိသည် တို့ဟာ ဖရုသဝါစာမည်ပါတယ်၊ အဲဒီဖရုသဝါ စာမှ ကြဉ်ရှောင်ခြင်းဟာ ဖရုသဝါစာ ဝိရတီ မည်ပါတယ်။

ယောဂီတို့၊ အဲဒီ ဖရုသဝါစာနှင့် ပတ်သက်၍ သိသင့် သိထိုက်တဲ့ ဖရုသဝါစာရဲ့ အင်္ဂါ သုံးပါးကို ပြောပြပါဦး မယ်၊ ယောဂီတို့ သေသေချာချာ နားကြားမှတ်သားထားပါ။

၁။ ဆဲရေးအပ်သော သူတစ်ပါးလည်းရှိစေ၊

၂။ အမျက်ထွက်သော စိတ်လည်းရှိစေ၊

၃။ ဆဲရေးသည်လည်း ဖြစ်စေ၊

အဲဒီ အင်္ဂါသုံးပါးနှင့် ပြည့်စုံအောင် ကျူးလွန်မိလျှင် ဖရုသဝါစာ သိက္ခာပုဒ် ပျက်ပါတယ်။

ဃ၊ လောက၌ ဆန်းကြယ်စွာလုပ်ကိုင်၍ ထားကြကုန် သော ဒဏ္ဍာရီဇာတ်ဝတ္ထုတို့ရှိကြပါတယ်။ အဲဒီ ဇာတ်ဝတ္ထုတို့၌ကြားနာသောသူတို့အား အလိမ္မာ တိုးပွားရန် အတ္တနှင့်စပ်လျဉ်းသော စကား၊ ဓမ္မ နှင့် စပ်လျဉ်းသောစကား၊ ဝိနယနှင့်စပ်ယှဉ်သော စကားဟူ၍ မပါရှိ။ သက်သက်အားဖြင့် စိတ်ပျော် ငမ့်ဖွယ်တို့ကို လုပ်ကြံ၍ထားတဲ့ စကားမျိုးသာ ရှိပါတယ်။

အတ္တ၊ ဓမ္မ၊ ဝိနယ။ ။ယောဂီတို့ အဲဒီမှာ အတ္တ၊ ဓမ္မ၊ ဝိနယနှင့် စပ်လျဉ်းသော အကြောင်းကို ရှင်းကြရအောင်။

ဒီလောက၌ အသက်ရှည်ခြင်း၊ အနာကင်းခြင်း၊ တရားသော နည်းလမ်းဖြင့် စည်းစိမ်ချမ်းသာတို့ကို ရနိုင်ခြင်း အစရှိသော ပစ္စုပ္ပန်အကျိုး၊ နောက်ဘဝတို့၌ လူ့ချမ်းသာကိုရခြင်း အစရှိသော ကောင်းကျိုးချမ်းသာမျိုးကို ပြသော စကားမျိုးကို 'အတ္တနှင့် စပ်လျဉ်းသော စကားမျိုး' လို့ ဆိုပါတယ်။

ယခု မျက်မှောက် ပစ္စုပ္ပန်အကျိုး၊ နောင် တမလွန်ဘဝ ကောင်းကျိုးချမ်းသာတို့ကို ရရာရကြောင်း ဖြစ်သော နည်းလမ်း ဥပဒေသ စကားကို 'ဓမ္မနှင့်စပ်လျဉ်းတဲ့ စကားမျိုး' လို့ ဆိုပါတယ်။

ယောဂီတို့၊ လူ ကျင့် ဝတ် တ ရား၊ ရှင်ကျင့်ဝတ် တရား၊ ရဟန်းကျင့်ဝတ်တရားတို့နှင့် စပ်လျဉ်းတဲ့ စကားမျိုး၊လောဘကို ဖြေဖျောက်ရန် တရားမျိုး၊ ဒေါသကို ဖြေဖျောက်ရန် တရားမျိုး၊ မောဟကို ဖြေဖျောက်ရန် တရားမျိုး စသည်တို့ဟာ 'ဝိနယနှင့် စပ်လျဉ်းသော စကားမျိုး' ဖြစ်ပါတယ်။

ယောဂီတို့၊ အဲဒီ အတ္တ၊ ဓမ္မ၊ ဝိနယတို့နှင့် စပ်လျဉ်းသော စကားမျိုးတို့ မပါမရှိသော ဒဏ္ဍာရီဇာတ်ဝတ္ထုများကို သူတစ်ပါးတို့အား ပြောဟောခြင်းသည် သမ္ဖပ္ပလာပ မည်ပါတယ်။ အဲဒီ သမ္ဖပ္ပလာပ စကားမျိုးမှ လွတ်ကင်းအောင် ကြဉ်ရှောင်ခြင်းသည် 'သမ္ဖပ္ပလာပ ဝိရတီ' မည်ပါတယ်။

၃၂ ပါး သော တိရစ္ဆာန် စ ကား မျိုး သည် လည်း

သမ္မပ္ပလာပ သာမညမျိုး မည်ပါတယ်။ အဲဒီ ၃၂ ပါးသော တိရစ္ဆာနကထာ စကားမျိုးတွေကို ဗုဒ္ဓ ဓမ္မ ပြဿနာများ(၁) မှာ ရှုပါ။

အေး....အတ္တ-ဓမ္မ-ဝိနယတို့၌ အသိအလိမ္မာ၊ ဉာဏ်ပညာ ပွားစည်းခြင်းကို အလိုရှိကြကုန်တဲ့ ယောဂီသူတော်ကောင်းတို့ သည် အဲဒီ ၃၂ ပါးသော တိရစ္ဆာန ကထာ စကားမျိုးတို့နှင့် အချိန်နာရီ ကုန်ခြင်းကို ဝေးစွာ ကြဉ်ရှောင်ကြရပါမယ်။

ယခုလို သပိတ်အိုင်တောရကြီးထဲမှာ လာရောက်ပြီး သက် စွန့်ကြိုးပမ်း သမထဘာဝနာ၊ ဝိပဿနာဘာဝနာ အလုပ်များ ကို တည်ထောင်ရှုပွား အားထုတ်နေကြတဲ့ ယောဂီသူတော်စင် တို့သည်မှုကား အတ္တ၊ ဓမ္မ၊ ဝိနယနှင့် စပ်လျဉ်းတဲ့စကားမျိုး တို့ကိုသော်မှလည်း အတိုင်းအရှည်ကိုသိပြီး ပြောဆိုကြရပါ မယ်၊ အလွန် မပြောကြရပါ။

**ကမ္မပထမမြောက်ခြင်းနှင့်သိက္ခာပုဒ် ပျက်ခြင်း။** ။ယောဂီ တို့၊ အကျိုးမရှိသော စကားမျိုးဆိုတာ ဆန်းကြယ်စွာ လုပ် ကြံ၍ထားတဲ့ ထိုးဇာတ်မျိုးကိုခေါ်ပါတယ်။ ယခုခေတ် ယခု အခါမှာ သမ္မပ္ပလာပအင်္ဂါဖြစ်တဲ့ ထိုးဇာတ်ဝတ္ထုမျိုးများစွာပဲ ပေါ်ပေါက်လျက် ရှိပါတယ်။ ယောဂီတို့ ပေါ့ပေါ့တန်တန် မယူဆပါနှင့်၊ အကျိုးများစွာ ပျက်စီးစေတာ ဒီသမ္မပ္ပလာပ ဖြစ်ပါတယ်။

မုသာဝါဒ၊ ပိသုဏာဝါစာ၊ သမ္မပ္ပလာပတို့၌ နောက်ကာ ပြဆိုခဲ့တဲ့ အင်္ဂါ အသီးသီးတို့ဟာ သိက္ခာပုဒ် ပျက်ကြောင်း

အင်္ဂါတို့သာ ဖြစ်ပါတယ်။ ကမ္မပထမြောက်ကြောင်း အင်္ဂါတို့ မဟုတ်ကြသေးပါ။

၁။ မုသာဝါဒ၌ သူတစ်ပါးတို့၏ အကျိုးစီးပွားပျက်စီးခြင်း အင်္ဂါ

၁။ ပိသုဏာဝါစာ၌ သူတစ်ပါးတို့၏ စိတ်ဝမ်းကွဲပြားခြင်း အင်္ဂါ

၁။ သမ္ဖပ္ပလာပ၌ ထိုးဇာတ် ဝတ္ထုများကို အဟုတ်အမှန်ယူ၍ သူတစ်ပါးတို့ မှတ်ခြင်း အင်္ဂါ

အဲဒီ အင်္ဂါတို့ကို အသီးသီးထည့်ပါမှ ကမ္မပထမြောက်ကြောင်း အင်္ဂါဖြစ်ပါတယ်။ အဲဒီလို ယောဂီတို့ ခွဲခြားပြီး မှတ်သားထားကြပါ၊ လိုက်နာ ရှောင်ကြဉ်ကြပါ။

ပါဏာတိပါတာ စသော ကြွင်းလေးပါးတို့၌ မှာတော့ ပြဆိုပြီး ပြဆိုပေးတဲ့ အင်္ဂါအသီးသီးတို့သည်ပင်လျှင် သိက္ခာပုဒ်ပျက်ကြောင်း၊ ကမ္မပထမြောက်ကြောင်း နှစ်ချက် ရကြပါတယ်။

**အပြောနှင့်အလုပ်။** ။ယောဂီတို့၊ သမ္မာဝါစာ မဂ္ဂင်ဟာ တော်တော်လေး အရာကျယ်ပါတယ်၊ အရာကျယ်သလောက် လိုက်နာရှောင်ကြဉ်နိုင်ရင် အကျိုးရှိပါတယ်။ 'အပြောထက် အလုပ်သည် အသုံးမြည်၏' ဆိုတဲ့ စကားပုံတစ်ခု ရှိပါတယ်။ အဲဒီစကားပုံဟာ သိပ်ကောင်းပါတယ်။

ယောဂီတို့၊ သမ္မာဝါစာဆိုတာ ကာကယ်တော့ အပြောနှင့် အလုပ်လုပ်ခြင်းပါ။ ဘယ်လို အပြောနှင့် အလုပ်လုပ်တာ

လဲ။ အမှန်ပြောခြင်းဖြင့် အလုပ်လုပ်တယ်၊ ကွဲပြားနေသူတို့အား စေ့စပ်ခြင်း၊ စေ့စပ်နေသူတို့အား အဆင်ပြေခြင်းဖြင့် အလုပ်လုပ်တယ်၊ ချိုသာယဉ်ကျေးစွာ ပြောခြင်းဖြင့် အလုပ်လုပ်တယ်၊ လောကီအကျိုး၊ လောကုတ္တရာအကျိုး၊ မျက်မှောက်အကျိုး၊ တမလွန် အကျိုးရှိသော စကားမျိုးကို ပြောဆိုခြင်းဖြင့် အလုပ်လုပ်တယ်။ ဒီလို အလုပ် လုပ်နေတာဟာ အပြောနှင့် အလုပ်လုပ်တာ ခေါ်ပါတယ်။

ယောဂီတို့ဟာ ဘယ်အခါမဆို မလိမ်မညာဘဲ အမှန်ပဲ ပြောဆိုနေမယ်ဆိုရင် သမ္မာဝါစာ မဂ္ဂင်ပေါ့၊ အပြောနှင့် အလုပ် လုပ်တာပေါ့

အေး.... ဘယ်အခါမဆို ချစ်သူနှစ်ယောက်ကို ကွဲပြားသွားအောင် မပြောဆိုဘဲ ကွဲပြားနေသူ နှစ်ယောက်ကို စေ့စပ်ပေးမယ်၊ ချစ်ခင်နေသူနှစ်ယောက်ကို ချစ်ခင်သည့်ထက် ချစ်ခင်အောင် အားအဆင့်ပေးမယ်ဆိုရင် သမ္မာဝါစာမဂ္ဂင်ပေါ့ အပြောနှင့်အလုပ် လုပ်တာပေါ့။

လွှသွားကဲ့သို့ ကြမ်းတမ်းသော စကားတို့ကို မပြောဘဲ ချိုသာယဉ်ကျေးစွာ ပြောဆိုရင် သမ္မာဝါစာ မဂ္ဂင်ပေါ့။ အပြောနှင့် အလုပ်လုပ်တာပေါ့။ ပစ္စုပ္ပန်၊ တမလွန် အကျိုးစီးပွားများကြောင်းတွေကို ပြောဆိုရင် သမ္မာဝါစာမဂ္ဂင်ပေါ့။ အပြောနှင့် အလုပ်လုပ်တာပေါ့။

ပြောတတ်ရင် ပြောရင်းနဲ့ နိဗ္ဗာန်ရောက်တယ်။ ပါရမီ ၁၀-ပါးမှာ သစ္စာပါရမီဆိုတာ နှုတ်နဲ့အမှန်ပြောပြီး ဖြည့်ရ

တာပါ၊ နှုတ်နှင့် အလုပ်လုပ်ရတာပါ။ အပြောနှင့် အလုပ်လုပ်ရတာပါ။

၇။ **သမ္မာကမ္မန္တ**။ ။ယောဂီတို့၊ သမ္မာဝါစာ မဂ္ဂင်အကြောင်းကို ဒီလောက်ဆိုရင် သိလောက် ပါပြီ။ ယခုဆက်လက်ပြီး သမ္မာကမ္မန္တမဂ္ဂင်အကြောင်းကို ပြောရအောင်ပါ။ အဲဒီ သမ္မာကမ္မန္တဟာ သုံးပါးရှိပါတယ်။ သုံးပါးကဘာတွေလဲဆိုရင်

၁။ အသက်ရှိသူ လူ၊ တိရစ္ဆာန်၊ သတ္တဝါ မှန်သမျှတို့ကို သတ်ဖြတ်ညှဉ်းဆဲခြင်းမှ ကြဉ်ရှောင်ခြင်း၊

၂။ အရှင်မပေးသော သူ့ဥစ္စာကို ခိုးယူခြင်းမှ ကြဉ်ရှောင်ခြင်း၊

၃။ ယပ်ချိုး ငါးပါး သောက်စားမှုနှင့်တကွ အမိစောင့်ခြင်း၊ အဖစောင့်ခြင်း စသော ၂၀ သော မိန်းမတို့၌လည်းကောင်း၊ မိမိလင်မှ တစ်ပါးသော ယောကျ်ားတို့၌လည်းကောင်း ဖောက်ပြန်စွာ ကျင့်ခြင်းမှ ကြဉ်ရှောင်ခြင်း၊

စတဲ့ သုံးပါးတို့ ဖြစ်ပါတယ်။ အဲဒါ အကျဉ်းချုပ်ပြောတာပါ။ အနည်းငယ် အကျယ်ချဲ့ပြီး ပြောပြရင်

၁။ ကိုယ်ဝန်ကို ဖျက်ဆီးခြင်း၊ သန္ဓေ၊ ကြမ်းပိုးဥကို ဖျက်ဆီးခြင်းတို့မှစ၍ အသက်ရှိသော သတ္တဝါကို သေပျောက်ပျက်စီးရန် ကိုယ်ပယောဂ၊ နှုတ်ပယောဂ

ပြုခြင်းသည် ပါဏာတိပါတ မည်ပါတယ်။ အဲဒီ ပါဏာတိပါတမှ ကြဉ်ရှောင်ခြင်းသည် ပါဏာတိ- ပါတ ဝိရတိ မည်ပါတယ်။

ယောဂီတို့၊ အဲဒီ ပါဏာတိပါတ အင်္ဂါဟာ ငါးပါး ရှိပါတယ်။ ဒီငါးပါးကို ပြောပြမယ်။ မှတ်မှတ်သားသား သိထင်ရှားအောင် နာကြားပါ။ ငါးပါးက ဘာတွေလဲ ဆိုရင်....

(၁) အသက်ရှိသော သတ္တဝါလည်းဖြစ်စေ၊
(၂) သတ္တဝါဟု သိရှိသည်သည်းဖြစ်စေ၊
(၃) သတ်လိုသော စိတ်ရှိသည်လည်းဖြစ်စေ၊
(၄) သတ်အံ့သော လုံ့လ ပယောဂကို ပြုသည်လည်း ဖြစ်စေ၊
(၅) အဲဒီ လုံ့လပယောဂကြောင့် သေသည်လည်း ဖြစ်စေ

အဲဒီ အင်္ဂါငါးပါးနှင့် ပြည့်စုံအောင် ကျူးလွန်မိလျှင် ပါဏာတိပါဘ ဝိရတိဆိုတဲ့ သိက္ခာပုဒ် ပျက်သွားပါပြီ။ အကုသိုလ်ကံလည်း မြောက်သွားပါပြီ။ သီလတစ်ပါး ပျက်သွားပြီ၊ အပြစ်ဖြစ်သွားပြီပေါ့။

၂။ ယောဂီတို့၊ မြက်၊ ထင်း၊ ရေတို့မှစ၍ သူတစ်ပါး တို့ရဲ့ ဥစ္စာဟူ၍ သိမ်းပိုက်ဆဲဖြစ်သော သက်ရှိသက်မဲ့ ဝတ္ထုတို့ကို ဥစ္စာရှင် မမြင်မသိအောင် ခိုးယူလိုသော စိတ်ဖြင့် ခိုးယူခြင်း ကိုယ်ပယောဂ၊ နှုတ်ပယောဂကို

ပြုခြင်းသည် 'အဒိန္နာဒါန' မည်ပါတယ်။ အဲဒီ အဒိန္နာဒါနမှ ကြဉ်ရှောင်ခြင်းသည် 'အဒိန္နာဒါနာ ဝိရတိ' မည်ပါတယ်။

ယောဂီတို့၊ အဲဒီ အဒိန္နာဒါနရဲ့ အင်္ဂါဟာ ငါးပါးရှိတယ်။ အဲဒီ ငါးပါးအကြောင်းကို ယခု ပြောပြပါမယ်။ မှတ်မှတ်သားသား သိအောင်ရှားအောင် နာကြားပါ။ ငါးပါးက ဘာတွေလဲဆိုရင်....

(၁) သူတစ်ပါး သိမ်းပိုက်လိုအပ်သော ဝတ္ထုလည်းဖြစ်စေ၊
(၂) သူတစ်ပါး သိမ်းပိုက်သော ဝတ္ထုဟု သိရှိသည်လည်းဖြစ်စေ၊
(၃) ခိုးလိုသောစိတ် ရှိသည်လည်း ဖြစ်စေ၊
(၄) ခိုးအံ့သော ပယောဂကိုပြုသည်လည်း ဖြစ်စေ၊
(၅) အဲဒီ ပယောဂဖြင့် ဆောင်ယူခြင်း မြောက်သည်လည်း ဖြစ်စေ၊

အဲဒီ အင်္ဂါငါးပါးတို့ ဖြစ်ပါတယ်။ အဲဒီ အင်္ဂါငါးပါးနှင့် ပြည့်စုံအောင် ကျူးလွန်မိလျှင် အဒိန္နာဒါန သိက္ခာပုဒ် ပျက်ပါတယ်။ ပျက်လျှင် ထပ်မံ၍ ခံယူ ဆောက်တည်ရပါမည်။

၃။ ယောဂီတို့၊ အမိစောင့်သော မိန်းမ၊ အဖစောင့်သော မိန်းမတို့မှစ၍ မလွန်ကျူးထိုက်သော မိန်းမတို့၌ လွန်ကျူးသော ယောကျ်ားရဲ့ လွန်ကျူးမှု

သည် လည်းကောင်း၊ လင်ရှိ'လျက် မိမိလင်မှ တစ်ပါးသော မလွန်ကျူးထိုက်သော ယောကျ်ား နှင့် လွန်ကျူးသော မိန်းမရဲ့ လွန်ကျူးသော အမှု သည်လည်းကောင်း ကာမေသုမိစ္ဆာစာရ မည်ပါ တယ်။

ယစ်မျိုးငါးပါး သောက်စားမှုကို လည်းကောင်း၊ ဖဲ၊ မဆစ်၊ ကြွေ အန် အစ ရှိသော ကစားမှုကို လည်းကောင်း ကာမေသုမိစ္ဆာစာရ၌ သွင်းပါ တယ်၊ အဲဒီ ကာမေသုမိစ္ဆာစာရမှ ကြဉ်ရှောင်ခြင်း သည် 'ကာမေသု မိစ္ဆာစာရ ဝိရတိ' မည်ပါတယ်။

ယောဂီတို့ အဲဒီ ကာမေသုမိစ္ဆာစာရရဲ့ အင်္ဂါလေးပါးရှိ ပါတယ်။ အဲဒီ အင်္ဂါလေးပါး အကြောင်းကို ယခု ပြောပြ ပါမယ်၊ မှတ်မှတ်သားသား နာကြားထားပါ။

(၁) မသွားအပ်လာထိုက်သော ယောကျ်ား၊ မိန်းမလည်း ဖြစ်စေ။

(၂) အဲဒီ မသွားလာထိုက်သော ယောကျ်ားမိန်းမ၌ ပေါင်းဖော် မှီဝဲလိုသော စိတ်ရှိသည်လည်းဖြစ်စေ။

(၃) ပေါင်းဖော် မှီဝဲအံ့သော ပယောဂကို ပြုသည် လည်း ဖြစ်စေ။

(၄) မဂ်အင်္ဂါချင်း တွေ့ထိမှုကို သာယာခြင်း ရှိသည် လည်း ဖြစ်စေ။

အဲဒီ အင်္ဂါလေးပါးနှင့် ပြည့်စုံအောင် ကျူးလွန်မိလျှင် ကာမေသု မိစ္ဆာစာရ သိက္ခာပုဒ် ပျက်ပါတယ်၊ ပျက်လျှင် ထပ်မံ၍ ခံယူဆောက်တည်ရပါတယ်။

ယောဂီတို့၊ ယခုဆိုရင် သမ္မာကမ္မန္တ မဂ္ဂင်အကြောင်းကို ပြောဖို့ရာ သူ့အင်္ဂါတွေကို ပြောခဲ့ပါတယ်။ ဟိုနေ့ကက ဖြူစင်ဖြောင့်မတ် ကောင်းမြတ် စင်ကြယ်သော ကာယကံမှု' ကို သမ္မာကမ္မန္တလို့ပြောခဲ့ပါတယ်။

'အေး၊ ဖြူစင်ဖြောင့်မတ် ကောင်းမြတ်တဲ့ ကာယကံမှု ဆိုတာ အသက်ရှိတဲ့သတ္တဝါတွေကို မသတ်ဖြတ်၊မညှဉ်းဆဲပါမှ ဖြူစင်ဖြောင့်မတ် ကောင်းမြတ်တဲ့ သမ္မာကမ္မန္တ ဖြစ်မှာပါ။

အသက်ရှိ သတ္တဝါတွေကို သတ်ဖြတ်ခြင်း၊ ညှဉ်းဆဲခြင်းမှ ရှောင်ခြင်း၊ မြင့်မြတ်တဲ့ ပုဂ္ဂိုလ်တွေကို ခရီးဦးကြိုဆိုခြင်း၊ ရှိခိုးခြင်း၊ နေရာပေးခြင်း၊ လမ်းဖယ်ပေးခြင်း၊ အရိုအသေ ပေးခြင်း၊ဒုက္ခိတ သတ္တဝါတွေကိုအကူအညီပေးခြင်း စသည်တို့ ဟာလည်း သမ္မာ ကမ္မန္တပါပဲ။

အေး၊ မဂ္ဂင်ရှစ်ပါး အကျင့်တရားကို ကျင့်နေပါတယ် ဆိုတဲ့ ယောဂီဟာ ဒီသမ္မာကမ္မန္တမဂ္ဂင်ကို အထူး သတိရှိပါ။ ဒီ မဂ္ဂင်ရှိနေရင် ယောဂီရဲ့ ကိုယ် အမူအရာဟာ အင်မတန် သိမ်မွေ့ နူးညံ့ပါတယ်။

ယောဂီတို့၊ မဂ္ဂင်ရှစ်ပါး အကျင့်တရားကို ကျင့်နေတဲ့ ယောဂီဟာ သူ့အသက်သတ်မှုကို ရှောင်ရသလို အမိစောင့်

သော မိန်းမ၊ အဖစောင့်သော မိန်းမ စတဲ့ မလွန်ကျူးထိုက်တဲ့ မိန်းမတို့၌ လွန်ကျူးမှုမှလည်း ရှောင်ရှားရပါတယ်။

ဖဲ၊ ပဆစ်၊ ကြွေအန်ကစားမှု စသည် တို့ မှာ လည်း ရှောင်ရှားရပါတယ်။ ကျင့်နေစဉ်တောင် ရှောင်ရပါတယ် ဆိုရင် ကျင့်ပြီးသွားရင် သာ၍ပင် ရှောင်ကြဉ်ရပါတယ်။

ယခု ပြောခဲ့တဲ့ သူ့အသက် သတ်မှု၊ သူ့ဥစ္စာ ခိုးမှု၊ မပြစ်မှားထိုက်သော ဝတ္ထုကာမတို့၌ မှားယွင်းစွာ ကျင့်မှုတို့ကို ရှောင်ကြဉ်ပါမှ သမ္မာကမ္မန္တမဂ္ဂင် ဖြစ်ပါတယ်။

အေး၊ ဒီ သမ္မာကမ္မန္တ မဂ္ဂင်သာ ယောဂီတို့မှာ ရှိနေရင် ယောဂီတို့ဟာ တကယ့် မောင်ယဉ်ကျေး မယ်ယဉ်ကျေးတွေ ဖြစ်ပါတယ်။ ဒီသမ္မာကမ္မန္တမဂ္ဂင်ရဲ့ လင်္ကာလေးကို မချပေးရ သေးဘူး၊ ကဲ ဆိုကြည့်စမ်းပါ။

သတ် ခိုး ကာမေ၊ ရှောင်ကာနေ၊ မှတ်လေ ကမ္မန်မင်

ဒါက ယောဂီတို့ မှတ်မိလွယ်အောင် လင်္ကာ စီထားတာ ပါ။ သမ္မာကမ္မန္တမဂ္ဂင်ဆိုတာ ဘာလဲဆိုတာ ပြောခဲ့ပြီးပါပြီ၊ ခြုံပြီးပြောရရင် ကိုယ်အမှုအရာကို ပြုလုပ်တဲ့နေရာမှာ အပြစ် အနာအဆာ ကင်းရှင်းပြီး မိမိ- သူတစ်ပါး နှစ်ဦးသား တို့အား မထိခိုက်တဲ့ ကိုယ်အမူအရာကို သမ္မာကမ္မန္တမဂ္ဂင်လို့ ခေါ်ပါတယ်။

အပြစ်မပြစ်အောင် ကိုယ်အမူအရာကို ထိန်းချုပ် နေနိုင် တာ သမ္မာကမ္မန္တမဂ္ဂင်လို့ပဲ ပြောရပါမယ်။

၇။ သမ္မာအာဇီဝ မဂ္ဂင်။ ။ယောဂီတို့၊ သမ္မာ ကမ္မန္တ မဂ္ဂင်အကြောင်း ပြောပြီးတော့ ယခုဆက်လက်ပြီး သမ္မာ အာဇီဝ မဂ္ဂင်အကြောင်းကို ပြောရအောင်ပါ။ ယောဂီတို့ မှတ်မိအောင် ဦးစွာ ဒီလင်္ကာလေးကို ဆိုစမ်းပါ။

သက်မွေးယုတ်မာ၊ ကြဉ်ရှောင်တာ၊ သမ္မာအာဇီဝမဂ်–

သမ္မာအာဇီဝမဂ်ဆိုတာ သမ္မာအာဇီဝ မဂ္ဂင်လို့ ဆိုလိုပါတယ်။ တရားအားထုတ်တဲ့ ယောဂီတို့ဟာ ဒီမဂ်ကို ခံယူဆောက်တည် ကျင့်သုံးရမယ့် မဂ်ရဲ့ အစိတ်အပိုင်းဖြစ်တဲ့ ဒီမဂ္ဂင်ရှစ်ပါး အကျင့်တရားမှာ နားမလည်ရင် မဂ်ရဖို့မလွယ်ပါ။ ဒါကြောင့် ဒီမဂ်ရဲ့ အစိတ်အပိုင်း အင်္ဂါဖြစ်တဲ့ မဂ္ဂင်တရားတွေကို လေ့လာပါ။

ယောဂီတို့၊ ဒီ သမ္မာအာဇီဝမဂ္ဂင်ကို သဘောပေါက်ဖို့ရာ သေသေချာချာ နာကြားမှတ်သားပါ။ မဂ္ဂင်က အသက်မွေးမှုနှင့် ပတ်သက်တဲ့အတွက် ပိုပြီးတော့ သိဖို့ရာအရေးကြီးပါတယ်။ ဒီသမ္မာအာဇီဝကလဲ လေးပါးရှိပါတယ်၊ ဘာတွေလဲ ဆိုရင်

၁။ လူတို့မှာ ကာယဒုစရိုက် သုံးပါး၊ ဝစီ ဒုစရိုက် လေးပါးတို့ဖြင့် ယုတ်မာစွာသော အသက်မွေးမှုမှ ကြဉ်ရှောင်ခြင်း၊ ဒုစ္စရိတ မိစ္ဆာဇီဝ ဝိရတီ၊

၂။ ရသေ့၊ ရဟန်း၊ ရှင်တို့မှာ လူတို့အား သစ်သီး ပေးခြင်း၊ ပန်းပေးခြင်း စသော ၂၁ ပါးသော

အနေသနမှုတို့ဖြင့် ယုတ်မာစွာသော အသက်မွေးခြင်းမှ ကြဉ်ရှောင်ခြင်း၊ အနေသန မိစ္ဆာဇီဝ ဝိရတီ၊

၃။ ရသေ့နှင့်ရှင်ရဟန်းတို့မှာ အံ့ဖွယ်သူရဲကို ဖြစ်စေ၍ စဉ်းလဲ လိမ်လည်ခြင်း အစရှိသော ငါးပါးသော အမှုဖြင့် ယုတ်မာစွာသော အသက်မွေးခြင်းမှ ရှောင်ကြဉ်ခြင်း ကုဟနာဒိ မိစ္ဆာဇီဝ ဝိရတီ၊

၄။ ရသေ့၊ ရှင်၊ ရဟန်းတို့၏ အကျင့်သီလနှင့် ဖီလာ ကန့်လန့် ဆန့်ကျင်ဘက် ဖြစ်ကုန်ကြသော ဗေဒင် ဟောခြင်း၊ ဆေးရေးခြင်း အစရှိကုန်သော အတတ်ပညာ ဝိဇ္ဇာမှုမျိုးတို့ဖြင့် ယုတ်မာစွာသော အသက်မွေးခြင်းမှကြဉ်ရှောင်ခြင်း၊ တိရစ္ဆာနဝိဇ္ဇာ မိစ္ဆာဇီဝ ဝိရတီ၊

ရယ်လို့ သမ္မာအာဇီဝ လေးပါးရှိပါတယ်။ အဲဒါက အကျဉ်းချုပ် ဖြစ်ပါတယ်။ နားလည်အောင် အကျယ်ချဲ့ပြီး ပြောပြပါမယ်၊ သေသေချာချာ မှတ်သားနာကြားပါ။

၁။ သူ့အသက်သတ်ခြင်း အစရှိသော ကာယဒုစရိုက် သုံးပါး၊ မုသားပြောဆိုခြင်း အစရှိသော ဝစီ ဒုစရိုက် လေးပါးတို့တွင် တစ်ပါးပါးသော ဒုစရိုက်မှုနှင့် ပစ္စည်းဥစ္စာ ရှာကြံ၍ အသက်မွေး ခြင်းဟာ 'ဒုစ္စရိတ မိစ္ဆာဇီဝ' မည်ပါတယ်။

၄ယာဂိတို့ မရောင်းအပ်သော ကုန်မျိုး ငါးပါးတို့ကို

ရောင်းချ၍ အသက်မွေးခြင်းကိုလည်း ဒီမိစ္ဆာဇီဝ၌ သကြုံပ်ရေတွက်အပ်ပါတယ်။ အဲဒီ ဒုစ္စရိတမိစ္ဆာမှ ကြဉ်ရှောင်ခြင်းဟာ 'ဒုစ္စရိတ မိစ္ဆာဇီဝ ဝိရတိ' မည်ပါတယ်။

ယောဂီတို့ သေသေချာချာ မှတ်သားနာကြပါ၊ မဂ္ဂင်ရှစ်ဖော်ယာဉ်ပျံတော်ကြီးကို စီးပါမှ ပြည်ကြီးနိဗ္ဗာန်ရောက်မှာပါ၊ မစီးက မရောက်ပါ။ ကာယဒုစရိုက်နှင့် ဝစီဒုစရိုက်ကင်းပါမှ ဒုစ္စရိတ မိစ္ဆာဇီဝ ဝိရတိဖြစ်မှာပါ၊ သမ္မာအာဇီဝဖြစ်မှာပါ။

၂။ လူတို့အား သစ်သီးပေးခြင်း၊ ပန်းပေးခြင်းစသော ၂၁ ပါးသော အနေသနမှုတို့ဖြင့် ပစ္စည်းလာဘ်လာဘတို့ကိုဖြစ်စေသော ရသေ့နှင့် ရှင်ရဟန်းတို့ရဲ့ အသက်မွေးမှုဟာ 'အနေသန မိစ္ဆာဇီဝ' မည်ပါတယ်၊ အဲဒီ မိစ္ဆာဇီဝမှ ကြဉ်ရှောင်မှုဟာ 'အနေသန မိစ္ဆာဇီဝ ဝိရတိ' မည်ပါတယ်။

ဒီအထက်ကတော့ ရှင် ရဟန်း ယောဂီတွေနဲ့ ဆိုင်ပါတယ်၊ သံသရာဝဋ်ဆင်းရဲက ထွက်မြောက်ချင်ကြလို့ ရှင်ရဟန်းပြုကြတဲ့ ရှင် ရဟန်းတွေဟာ သံသရာဝဋ်ဆင်းရဲက မထွက်ဘဲ အပါယ်သံသရာမှာ နစ်မွန်းရမယ်ဆိုရင် ရှုံးလှပါတယ်။

၃။ ယောဂီတို့၊ ကုဟနာဒိမိစ္ဆာဇီဝ ဝိရတိဟာ ကုဟနလပန၊ နိမိတ္တ၊ နိပ္ပေသန၊ လာဘေန၊ လာဘနိဇိဂိသနဟူ၍ မိစ္ဆာဇီဝ ဝတ္ထု ငါးမျိုးရှိပါတယ်။

ယောဂီတို့၊ အဲဒီ ငါးပါးကို ပြောပြပါမယ်၊ သေသေ ချာချာ နာကြားပါ။ ဒီငါးပါးဟာ ခေတ်အနေနဲ့ အင်မတန်မှပဲ အဖြစ်များပါတယ်။

(က) လူတို့ အံ့ဖွယ်သူရဲဖြစ်အောင် လုပ်ကြံစဉ်းလဲမှုကို ကုဟနလို့ ခေါ်ပါတယ်။ သီလမရှိဘဲလျက် သီလရှိတယ်လို့ ထင်မှတ်ရအောင် ဟန်ဆောင်ခြင်း အစရှိသည်ဖြင့် မိမိ၌မရှိတဲ့ အံ့ဖွယ်သူရဲ ထူးကဲလွန်မြောက်သော ဂုဏ်တို့ကို မိမိ၌ရှိတယ်လို့ ထင်မှတ်ရအောင် ကြံဆောင်စဉ်းလဲ၍ လာဘ်သာဘကို ဖြစ်စေမှုကို ကုဟနလို့ ဆိုလိုပါတယ်။

(ခ) ပစ္စည်း လာဘ်လာဘနှင့် စပ်လျဉ်း၍ အပြောအဆိုရဲရင့်ခြင်းကို 'လပန'လို့ ဆိုလိုပါတယ်။ မိမိအတွက် ပစ္စည်းလာဘ်လာဘရရန် အပြောအဆိုရဲဘင်းခြင်း၊ မရရအောင် ပြောဆိုခြင်းမျိုးကို ခေါ်ပါတယ်။

(ဂ) မိမိအား ပစ္စည်းဝတ္ထု လှူဒါန်းစေရန် အရိပ်နိမိတ်ကိုပြခြင်းကို 'နိမိတ္တ'လို့ ခေါ်ပါတယ်။

(ဃ) မလှူဘဲ မနေသာအောင် စကားဖြင့် ကြိတ်ခြင်း နှိပ်ခြင်းကို 'နိပ္ပေသန' လို့ ခေါ်ပါတယ်။

(င) တစ်အိမ်၌ တစ်မတ်တန်ရပြီးသော လာဘ်ကို အခြားတစ်အိမ်၌ပေး၍ အဲဒီအိမ်မှ တစ်ကျပ်တန်

လာဘ်ကို ရအောင်ပြုခြင်းကို 'လာဘေနလာဘ နိဇိဂိသန' လာဘ်ချင်းလာဘ် မျှားတယ်လို့ ခေါ်ပါတယ်။

အဲဒီ ငါးပါးသော မိစ္ဆာဇီဝ၊ မှားသော အသက်မွေးခြင်းတို့မှ ကြဉ်ရှောင်ခြင်းဟာ 'ကုဟနာဒိ မိစ္ဆာဇီဝ ဝိရတိ' မည်ပါတယ်၊

ယောဂီတို့ အဲဒီမိစ္ဆာဇီဝ ငါးမျိုးဟာ ဒီခေတ်မှာအလွန်များပါတယ်။

ဒီငါးမျိုး ပြုနိုင်သူများဟာလဲ ဘုန်းကံကြီးမား လာဘ်ပေါများနေကြပါတယ်၊ မပြုနိုင်သူများမှာ ဘုန်းကံနည်းပါး လာဘ်သာဘ ရှားနေကြပါတယ်။

ယောဂီတို့ အဲဒီ ငါးမျိုးဟာ သုံးခုမြောက် မိစ္ဆာဇီဝက ပြားထွက်သွားခြင်း ဖြစ်ပါတယ်၊ ယခု လေးခုမြောက် မိစ္ဆာဇီဝကို ပြောပြပါဦးမယ်။

၄။ အင်္ဂဝိဇ္ဇာအဘတ်၊ လက္ခဏာဝိဇ္ဇာအဘတ် အစရှိသော လေးကိ အတတ်ပညာမျိုးသည် ရဟန်း၊ ရဟန်းတို့ရဲ့ အကျင့်သိက္ခာများနဲ့ ဖီလာကန့်လန့်ဆန့်ကျင်ဘက်မျိုးဖြစ်၍ တိရစ္ဆာန်ဝိဇ္ဇာ-တိရစ္ဆာန်အတတ်မည်ပါတယ်။

အဲဒီ အတတ်ဖြင့် အင်္ဂါလက္ခဏာစသည်တို့ ကြည့်ရှု၍ အကျိုးအပြစ်ကို ဟောကြားလျက် အသက်မွေးမှုဟာ ရဟန်း ရဟန်းတို့မှာ တိရစ္ဆာနဝိဇ္ဇာ

မိစ္ဆာဇီဝ မည်ပါဘယ်၊ အဲဒီ မိစ္ဆာဇီဝမှ ကြဉ်ရှောင်မှုဟာ 'တိရစ္ဆာန ဝိဇ္ဇာ မိစ္ဆာဇီဝ ဝိရတိ' မည်ပါတယ်။

ယောဂီတို့၊ ယခုပြောခဲ့တဲ့ မှားသောအသက်မွေးမှု၊ ယုတ်မာသော အသက်မွေးမှု လေးမျိုးတို့ဘွင် လူ့ယောဂီနှင့် သက်ဆိုင်ရာ၊ ရှင်ရဟန်းနှင့် သက်ဆိုင်ရာလို့ နှစ်မျိုးရှိပါတယ်။

အေး၊ နိဗ္ဗာန်လိုလားတဲ့ လူ ရှင် ရဟန်း ယောဂီတို့ဟာ မိမိတို့နှင့် သက်ဆိုင်ရာ မိစ္ဆာဇီဝတို့ကို ရှောင်ရှားပြီး မှန်ကန်သော အသက်မွေးမှု၊ ဖြူစင်သော အသက်မွေးမှု ဖြစ်ပါမှ နိဗ္ဗာန် ရောက်နိုင်မှာပါ။

ယောဂီတို့၊ အဆိပ်စားမိလို့သေရင် တစ်ဘဝသာ သေရမှာပါ။ မှားသောအသက်မွေးမှု၊ ယုတ်မာသော အသက်မွေးမှုမှ ရတဲ့ အကောင်း အမွန် အမြတ်တွေ စားသုံး ဝတ်ရုံ နေထိုင် ကျင့်သုံးပါက ဘဝများစွာ ကမ္ဘာများစွာ အပါယ်သံသရာမှာ နစ်မျောမှာပါ။

အဲဒါကြောင့် ယောဂီတို့ အဲဒီမှားသော အသက်မွေးခြင်း၊ ယုတ်မာသော အသက်မွေးခြင်းတို့ကို သိအောင် လေ့လာနာကြား မှတ်သားပြီး ရှောင်ကြဉ်ကြပါ။

ဘုရားရှင်ရဲ့ တရားတော်ကျွှဟာ မျှားပေးနယ့် မှတ်လျှင် ဆောင်စရာရယ်၊ ရှောင်စရာရယ်လို့ နှစ်မျိုးပဲ ရှိပါတယ်။ ဆောင်စရာလည်း ဆောင်ပါမှ၊ ကျင့်ပါမှ၊ ရှောင်စရာလည်း ရှောင်ပါမှ အကျိုးရပါမယ်။ ဆောင်စရာတော့ ဆောင်တယ်၊

ရှောင်စရာကို မရှောင်ရင်လည်း အကျိုးမရနိုင်ပါ၊ ရှောင်စရာကိုတော့ ရှောင်တယ်၊ ဆောင်စရာကို မဆောင်ကလည်းအကျိုး မရနိုင်ပါ။

**သက္ကာယဒိဋ္ဌိ။** ။ယောဂီတို့ကို မဂ်နဲ့ မဂ်ရဲ့အင်္ဂါ အစိတ်အပိုင်း မဂ္ဂင်ရှစ်ပါးတို့ကို ရှင်းပြပြီးပါပြီ၊ ယခု အဲဒီ မဂ္ဂင်ရှစ်ပါးကို အကျင့်တရား၌ ဦးစွာပယ်သတ်ရမယ့်'သက္ကာယဒိဋ္ဌိ' အကြောင်းကို ရှင်းပြပါ့မယ်။

ယောဂီတို့၊ သက္ကာယဟူသည် ဥပါဒါန်တရားတို့၏ အာရုံဖြစ်သော ခန္ဓာငါးပါးတို့ကို ခေါ်အပ်၏ဟု ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်မှာ ဟောခဲ့ပါတယ်။ ဒါကြောင့် သက္ကာယဆိုတာ 'ခန္ဓာငါးပါး'ကို ခေါ်ပါတယ်လို့ အချုပ်မှတ်ပါ။

'ဒိဋ္ဌိ'ဆိုတာ ချတ်ချော်ယွင်းမှားသော မိစ္ဆာအမြင်ပင်ဖြစ်ပါတယ်။

'သက္ကာယနှင့် ဒိဋ္ဌိ'ကို ပေါင်းပြီး ပြောရရင် ထင်ရှားရှိသော ခန္ဓာငါးပါး အပေါင်းဟု ဆိုအပ်သော ဥပါဒါနက္ခန္ဓာ ကာယ၌ မှားသောအားဖြင့် အတ္တဟု စွဲယူတဲ့ ဒိဋ္ဌိပင်ဖြစ်ပါတယ်။

ယောဂီတို့၊ သက္ကာယဒိဋ္ဌိဆိုတာ 'အတ္တဒိဋ္ဌိ'ကိုပင် ဆိုတယ်လို့ မှတ်ထားပါ။

ယောဂီတို့ရဲ့ မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ်တို့ကို ငါငါဟူ၍ လည်းကောင်း၊ ငါ့ရဲ့ အတ္တဟူ၍ လည်း

ကောင်း၊ ကြောင်ကြောင်ကြီး ထင်မြင်စွဲလမ်းနေတဲ့ ဒိဋ္ဌိကို အတ္တဒိဋ္ဌိ ဆိုပါတယ်။

ငါ ငါဟု စွဲလမ်းပုံ။ ။ယောဂီတို့ဟာ ထိုထို အဆင်း သဏ္ဌာန်ကို မြင်ကြတဲ့အခါ 'ငါမြင်တယ် ငါမြင်တယ်'လို့ ကြောင်ကြောင်ကြီး ထင်မြင်စွဲလမ်း၍ နေမှုဟာ မျက်စိကို 'ငါ ငါ'ဟူ၍ ထင်မြင်စွဲလမ်းမှု မည်ပါတယ်။

ယောဂီတို့ဟာ ထိုထို အသံကို ကြားကြတဲ့အခါ ငါ ကြားတယ်၊ ငါကြားတယ်လို့ ကြောင်ကြောင်ကြီး ထင်မြင် စွဲလမ်း၍ နေမှုဟာ နားကို 'ငါငါ'ဟူ၍ ထင်မြင် စွဲလမ်းမှု မည်ပါတယ်။

ယောဂီတို့ဟာ ထိုထိုအနံ့ကို နံကြတဲ့အခါ ငါနံတယ်၊ ငါနံတယ်လို့ ကြောင်ကြောင်ကြီး ထင်မြင် စွဲလမ်း၍နေမှုဟာ နှာခေါင်းကို 'ငါ ငါ'ဟူ၍ ထင်မြင်စွဲလမ်းမှု မည်ပါတယ်။

ယောဂီတို့ဟာ ထိုထိုအရသာကို စားကြတဲ့အခါ 'ငါစား တယ်၊ ငါစားတယ်'လို့ ကြောင်ကြောင်ကြီး ထင်မြင် စွဲလမ်း နေမှုဟာ လျှာကို 'ငါငါ'ဟူ၍ ထင်မြင်စွာ စွဲလမ်းမှု မည်ပါ တယ်။

ယောဂီတို့ဟာ ကိုယ်၌ ထိုထိုပူခြင်း၊ အေးခြင်း၊ ညောင်း ခြင်း ညာခြင်း၊ နာခြင်း၊ ကျဉ်ခြင်း စသည် ဖြစ်ပေါ်လာသည့် အခါ ငါပူတယ်၊ ငါအေးတယ်၊ ငါညောင်းတယ်၊ ငါညာ တယ်၊ ငါကျဉ်တယ်လို့ ကြောင်ကြောင်ကြီး ထင်မြင်စွဲလမ်း၍

နေမှုဟာ ကိုယ်ကို ‘ငါ ငါ’ဟူ၍ ထင်မြင်စွဲလမ်းမှု မည်ပါ တယ်။

ယောဂီတို့ဟာ ထိုထိုအရာကို ကြံဖန်ကြသောအခါ ‘ငါ ကြံတယ်၊ ငါကြံတယ်’ဟု ကြောင်ကြောင်ကြီး ထင်မြင် စွဲလမ်း၍ နေမှုဟာ စိတ်ကို ‘ငါ ငါ’ဟူ၍ ထင်မြင် စွဲလမ်းမှု မည်ပါတယ်။

ယောဂီတို့၊ ယခုပြောခဲ့တာဟာ အတွင်းအာယတနခြောက် ပါး၌ သက္ကာယဒိဋ္ဌိ စွဲလမ်း၍နေပုံ ဖြစ်ပါတယ်။

**ဘုံသဉ်စံ အရိယာ။** ။ယောဂီတို့ ရှေးရှေးသော ဘဝတို့၌ မိုက်မဲ မှောက်မှားခဲ့ကုန်သော ခပ်သိမ်းသော ဒုစရိုက်ကံ ဟောင်းတို့သည် အဲဒီ သက္ကာယဒိဋ္ဌိမှ တွယ်တာ၍ သတ္တဝါတို့ရဲ့ သန္တာန်၌ အစဉ်လိုက်၍ နေကြပါတယ်။

နောက်နောက်သော ဘဝတို့၌ မိုက်မဲ မှောက်မှားလတ္တံ့ ကုန်သော ခပ်သိမ်းသော ဒုစရိုက် ကံသစ်တို့သည်လည်း အဲဒီ သက္ကာယဒိဋ္ဌိမှ ဖြစ်ကြရပါတယ်။

အဲဒီ သက္ကာယဒိဋ္ဌိ ချုပ်ငြိမ်းသည်ရှိသော် အဟောင်းအသစ် ဖြစ်ကုန်သော ထို ဒုစရိုက်ကံတို့သည် တစ်ခုမကျန် အကြွင်းမဲ့ ချုပ်ငြိမ်းပါတယ်။

အဲဒီသူမှာ အပါယ် သံသရာကြီးသည် အကြွင်းမဲ့ ချုပ် ငြိမ်းပါတယ်။ ယခုဘဝမှစ၍ အနုပါဒိသေသ နိဗ္ဗာန်သို့ ရောက်သည့်တိုင်အောင် အဲဒီသူ သန္တာန်မှာ ခပ်သိမ်းသော

ဒုက္ခရိုက် အမိုက်အမဲတို့သည် လည်းကောင်း၊ ခပ်သိမ်းသော ဒိဋ္ဌိအမှောက်အမှားတို့သည် လည်းကောင်း၊ ခပ်သိမ်းသော ငရဲတိရစ္ဆာန် ပြိတ္တာ အသူရကာယ် အပါယ်ဘဝတို့သည် လည်းကောင်း သက္ကာယဒိဋ္ဌိနှင့် တစ်ပြိုင်နက် တစ်ချက်တည်း အကြွင်းမဲ့ ချုပ်ငြိမ်းကြပါတယ်။

အဲဒီသူသည် အပါယ်သံသရာရဲ့ ဆိုင်ရာဖြစ်သော ဝဋ္ဋသုံးပါးရဲ့ အကြွင်းမဲ့ချုပ်ငြိမ်းခြင်းဟူသော သဉပါဒိသေသနိဗ္ဗာန်သို့ ရောက်ပါတယ်၊ ဘုရားဉ်စံ အရိယာ၊ လောကုတ္တရာ ဘုံသားအဖြစ်သို့ ရောက်ပါတယ်။

ယောဂီတို့၊ ယခုပြဆုံခဲ့တာဟာ သက္ကာယဒိဋ္ဌိရဲ့ အချက်အရာကို ပြဆိုချက် ဖြစ်ပါတယ်။

သက္ကာယဒိဋ္ဌိ ဘုံသုံးဆင့်။ ။ယောဂီတို့၊ ဒီသက္ကာယဒိဋ္ဌိဟာ ရှေးရှုအယူ ကောင်းပါတယ်။ အဲဒီ သက္ကာယဒိဋ္ဌိဟာ ယောဂီတို့ရဲ့ ခန္ဓာကိုယ်၊ သတ္တဝါတို့ရဲ့ ခန္ဓာကိုယ်၌ ဘယ်လို တည်ထောင်နေသလဲဆိုရင်

၁။ အနုသယ ဘုံ၊
၂။ ပရိယုဋ္ဌာန ဘုံ၊
၃။ ဝီတိက္ကမ ဘုံ၊

ရယ်လို့ ဘုံသုံးဆင့်ဖြင့်တည်ထောင်၍ နေပါတယ်။ ယောဂီတို့၊ သေသေချာချာ မှတ်သားနေကြပါ၊ အဲဒီ ဘုံသုံးပါးမှာ....

၁။ ကံသုံးပါးသို့ မရောက်သေးဖူး၍ ကံသုံးပါး၏ အမြစ်မူလ ဗီဇမျိုးစေ့နှင့် ကိုယ်ခန္ဓာတစ်ခုလုံး၌ ကိန်းဝပ်တည်ထောင်၍ အနုမတဂ္ဂသံသရာ၌ အစဉ်အမြဲလိုက်ပါ၍နေတဲ့ ဒိဋ္ဌိကို အနုသယဘုံလို့ ဆိုပါတယ်။

၂။ ကာယကံသုံးပါး၊ ဝစီကံလေးပါးကို ဝီတိက္ကမဘုံလို့ ဆိုပါတယ်။

၃။ မနောကံသုံးပါးကို ပရိယုဋ္ဌာနဘုံလို့ ဆိုပါတယ်။

ယောဂီတို့၊ ဒိဋ္ဌိဒုစရိုက်ကို ဖြစ်ပွားစေနိုင်တဲ့ အာရုံတရားတို့ဟာ ယောဂီတို့ရဲ့ မျက်စိစတဲ့ ဒွါရခြောက်ပါးတို့တွင် တစ်ခုခုသော ဒွါရကို ထိခိုက်လာကြတဲ့အခါ အဲဒီဒိဋ္ဌိရဲ့ အစီးအပွားဖြစ်သော အာနုသိုလ်စုဟာ အနုသယဘုံမှ ထကြွ၍ ပရိယုဋ္ဌာနဘုံကို ပြည့်စေ၍ တည်ပါတယ်။

အနုသယဘုံမှ ထကြွ၍ ပရိယုဋ္ဌာနဘုံကို ပြည့်စေ၍ တည်တယ်ဆိုတာ ရှင်းရှင်းပြောရရင် မနောကံအဖြစ်သို့ ရောက်၍ တည်တယ်လို့ ဆိုလိုပါတယ်။

ယောဂီတို့၊ မနောကံအဖြစ်တွင် မငြိမ်းနိုင်ပြန်သော် ပရိယုဋ္ဌာနဘုံမှ ထကြွသောင်းကျန်း၍ ဝီတိက္ကမဘုံကို ပြည့်စေ တည်စေပါတယ်။

ပရိယုဋ္ဌာနဘုံမှ ထကြွသောင်းကျန်း၍ ဝီတိက္ကမဘုံကို ပြည့်စေ၍ တည်တယ်ဆိုတာ ကာယကံ ဝစီကံ အဖြစ်သို့ရောက်၍ တည်တယ်လို့ လိုပါတယ်။

**မဂ္ဂင်နှင့်ခန္ဓာ။** ။ယောဂီတို့၊ မဂ်နှင့်မဂ္ဂင်တို့ဖြင့် **ဦးစွာ** ပယ်သတ်ရမည့် သက္ကာယဒိဋ္ဌိအကြောင်းကို ရှင်းပြ ပြီးတော့ ယခုအခါ အဲဒီ ဒိဋ္ဌိပယ်သတ်တဲ့အခါ သိလွယ်အောင် မဂ္ဂင် ရှစ်ပါးကို ခန္ဓာ သုံးပါး ဖွဲ့၍ ပြပါဦးမယ်။

၁။ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ သုံးပါး တို့သည် သီလက္ခန္ဓမည်ပါတယ်။

၂။ သမ္မာ ဝါယာမ၊ သမ္မာ သတိ၊ သမ္မာ သမာဓိ သုံးပါးတို့သည် သမာဓိက္ခန္ဓမည်ပါတယ်။

၃။ သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ နှစ်ပါးတို့သည် ပညာက္ခန္ဓ မည်ပါတယ်။

ယောဂီတို့၊ ‘သာသနာ၊ သာသနာ’နဲ့ ပြောနေကြတယ်၊ သာသနာဆိုတာ တခြားမဟုတ်ပါ၊ အဲဒီ သီလ၊သမာဓိ၊ပညာ သုံးပါးဟာ သာသနာတော် သုံးပါး ဖြစ်ပါတယ်။ အေး၊ သာသနာတော်တည်တယ်ဆိုတာ အဲဒီ သုံးပါး မိမိတို့သန္တာန် တည်ပါမှ သာသနာတည်ပါတယ်။

**ပယ်သတ်ပုံအစဉ်။** ။သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ ဟူသော ပညာမဂ္ဂင် နှစ်ပါးသည် သက္ကာယဒိဋ္ဌိရဲ့ (၁)နံပါတ် **အနုသယ ဘုံကြီး**ကို ပယ်သတ်ရန် တရားစုဖြစ်ပါတယ်။ အဲဒီ ပညာ မဂ္ဂင် နှစ်ပါးဟာ သတ္တဝါတို့ရဲ့ ကိုယ်ခန္ဓာ တစ်ခုလုံး၌ အနမတဂ္ဂသံသရာတွင် အစဉ်အမြဲကိန်းဝပ်၍ နေတဲ့ **အနုသယ ဘုံကြီး**ကို ပယ်သတ်ရန် တရားဖြစ်ပါတယ်။

သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိ ဟူသော သမာဓိ မဂ္ဂင် သုံးပါးသည် သက္ကာယဒိဋ္ဌိရဲ့ (၂)နံပါတ် ပရိယုဋ္ဌာနဘုံ ဖြစ်တဲ့ မနောဒုစရိုက် သုံးပါးကို ပယ်ဖျက်ရန် တရားစုဖြစ်ပါတယ်။

သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝဟူသော သီလ မဂ္ဂင် သုံးပါးသည် သက္ကာယဒိဋ္ဌိရဲ့ (၃)နံပါတ် ဝီတိက္ကမဘုံ ဖြစ်တဲ့ကာယဒုစရိုက် သုံးပါး၊ ဝစီဒုစရိုက် လေးပါးတို့ကို ပယ်ဖျက်ရန် တရားစုဖြစ်ပါတယ်။

**ထူထောင်ရန်အစဉ်။** ။ယောဂီတို့ဟာ ဝိပဿနာ ဘာဝနာတရား ရှုပွားအားထုတ်ရန် ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ဒီ သိပ်တအိုင်ဘောရကြီးထဲ ရောက်လာပြီ၊ ရောက်လာကြတော့ ဘယ်လိုအားထုတ်ကြမှာလဲ၊ အဲဒါကို အတိအကျ မိမိရရ သိဖို့လိုပါတယ်။ မဂ္ဂင်ရှစ်ပါး အကျင့်တရား ထူထောင်ပုံကို ပြောပြပါမယ်။

၁။ ယောဂီတို့ဟာ သက္ကာယဒိဋ္ဌိ အစီးအပွား ဖြစ်တဲ့ ကာယဒုစရိုက် သုံးပါး၊ ဝစီဒုစရိုက် လေးပါး တို့ကို ပယ်သတ်ခြင်းငှာ သီလက္ခန္ဓမဂ္ဂင် သုံးပါး ကို ထူထောင်ရပါတယ်။ ငါးပါးသီလ သို့မဟုတ် ရှစ်ပါးသီလကို ခံယူဆောက်တည်ရမယ်လို့ ဆိုလိုပါတယ်။

၂။ ယောဂီတို့ဟာ သက္ကာယဒိဋ္ဌိရဲ့ အစီးအပွားဖြစ်တဲ့ မနောဒုစရိုက် သုံးပါးကို ဖယ်ရှားခြင်းငှာ သမာ

ဓိက္ခန္ဓ မဂ္ဂင် သုံးပါးကို ထူထောင် ရပါမယ်။ သမထကမ္မဋ္ဌာန်းတစ်ခုခုကို တည်ထောင်ရန် စိတ်တည်ကြည်ခွင့်ရအောင် နေ့စဉ်စွဲမြဲရမယ်လို့ ဆိုလိုပါတယ်။

၃။ ယောဂီတို့ဟာ သတ္တဝါတို့ရဲ့ ခန္ဓာကိုယ်တစ်ခုလုံး၌ အနမ္မတဂ္ဂ သံသရာတွင် အစဉ်အမြဲကိန်းဝပ်၍ နေတဲ့ သက္ကာယဒိဋ္ဌိရဲ့ ပထမ အနုသယ ဘုံကြီးကို ပယ်သတ်ခြင်းငှာ ပညာမဂ္ဂင်နှစ်ပါးကို ထူထောင် ရပါမယ်။

ယောဂီတို့ဟာ မိမိတို့သန္တာန်၌ရှိတဲ့ ရုပ်တရား၊ နာမ်တရားတို့တွင် ထင်ရှားတဲ့ တစ်ခုခုသော ရုပ်တရား နာမ်တရား၌ မမြဲ၊ ဆင်းရဲ၊ အစိုးမရ ထင်မြင်အောင် ရှုပွားနည်းကို ထူထောင်၍ အသက်ထက်ဆုံး အခွင့်သာသမျှ ကြိုးစားအားထုတ် ရှုရမယ်လို့ ဆိုလိုပါတယ်။

**သီလက္ခန္ဓမဂ္ဂင်ထူထောင်ပုံ။** ။ယောဂီတို့ဟာ ရှေးဦးစွာ ဒိဋ္ဌိရဲ့ တတိယဘုံကြီးဖြစ်တဲ့ ဝီတိက္ကမဘုံကြီးကို ပယ်သတ်ခြင်းငှာ လူယောဂီတွေအနေနဲ့ ရှစ်ပါးသီလ ခံယူဆောက်တည်၍ လုံခြုံစွာ စောင့်ထိန်းထားပြီး ဖြစ်သဖြင့် 'သီလဝိသုဒ္ဓိ'၌ တည်နေကြပါပြီ။

ယောဂီတို့ဟာ ရှစ်ပါးသီလဆောက်တည်ဖို့ရာ ကျွန်းခဲ

ရေးအရ မတတ်နိုင်က ငါးပါးသီလ အာဇီဝဋ္ဌမက သီလ ဆောက်တည်ရင်လဲ 'သီလဝိသုဒ္ဓိ'၌ တည်နေနိုင်ပါတယ်။

ယောဂီတို့ဟာ အခုလို ဆရာသမားများရဲ့ မျက်မှောက်မှာ မဟုတ်လျှင် မိမိတို့ အိမ်ဘုရားစင်ရှေ့မှာ မိမိတို့ အလိုဆန္ဒအလျောက် နှုတ်မြွက်၍ ဆောက်တည်လျှင်လည်း ပြီးပါတယ်။

ယောဂီတို့ အခြေအနေအရ အိမ်မှာနှုတ်မြွက်၍ ဆောက်တည်နိုင်သော်လည်း သူ့ အသက်သတ်ခြင်း အစရှိသောရှစ်ပါးသော အမှုတို့ကို ယနေ့မှစ၍ အသက်ထက်ဆုံး လွတ်ကင်းအောင် ရှောင်ကြဉ်မယ်လို့ အဓိဋ္ဌာန်၍ ကြဉ်ရှောင်လျှင်လည်း ပြီးပါတယ်။

အေး....မှတ်သားဖို့ရာက ယောဂီတို့ အလိုအလျောက် သီလဆောက်ဘည်တဲ့အခါ 'အဟံ ဘန္တေ' စသည်ဖြင့် သီလတောင်းစရာ မလိုပါဘူး၊ တစ်ခါတည်း ဆောက်တည် လိုက်လျှင် ပြီးသွားပါပြီ။

နိစ္စသီလမျိုး။ ။ယောဂီတို့ဟာ ယခု ၁၀ ရက်စခန်း၌ နေ့မှ တစ်ခါ ခံယူဆောက်တည်၍ထားလျှင် မကျူးလွန်သမျှ ကာလပတ်လုံး မပျက်တော့ပါ။ ကျူး လွန် မိ ပြန်လျှင်လည်း ကျူးလွန်မိတဲ့ သိက္ခာပုဒ်ကိုသာ ထပ်၍ ဆောက်တည်ရပါတယ်။

ယောဂီတို့ မကျူးလွန်မိတဲ့ သိက္ခာပုဒ်ကိုကား ထပ်မံ၍ ဆောက်တည်ဖွယ် မလိုတော့ပါ။ ထပ်မံ၍ ဆောက်တည်သော်လည်း အပြစ်မရှိပါ။ ခိုင်မြဲစေခြင်းအကျိုး ရှိပါတယ်။

ယခု ဒီတရားခစန်းမှာ နံနက်တစ်ကြိမ်၊ နေ့လယ် တရားဟောခါနီး တစ်ကြိမ်၊ ည တရားဟောခါနီး တစ်ကြိမ်လို့ တစ်နေ့ တစ်ခါမက သုံးလေးကြိမ် နေ့တိုင်း နေ့တိုင်း ဆောက်တည်လျှင်လည်း ကောင်းပါတယ်။ ယခု ယောဂီတို့ ဆောက်တည်ထားတဲ့ ရှစ်ပါးသီလဟာ ငါးပါးသီလကဲ့သို့ နိစ္စသီလမျိုး ဖြစ်နေပါတယ်။

ယခု ဒီသပိတ်အိုင်တောရ ၁၀-ရက် စခန်းဝင် ရှင်ရဟန်းတွေမှာ သက်ဆိုင် ရှင်သီလ ရဟန်းသီလတွေ ရှိနေပြီး အဲဒီ ရှင်ရဟန်းတွေရဲ့ သီလဟာလည်း နိစ္စသီလမျိုးပါ၊ အဲဒီ ရှင်ရဟန်းတွေဟာ ရှစ်ပါးသီလ ခံယူစဉ်မှာ ခံယူဆောက်တည်ဖွယ် မလိုတော့ပါ။

ယောဂီတို့မှာ သီလက္ခန္ဓမဂ္ဂင် သုံးပါးကို ခံယူထုဆောင်၍ လုံခြုံစွာစောင့်ထိန်းထားသဖြင့် သီလဝိသုဒ္ဓိဘုံ၌ ကောင်းစွာ တည်နေပါပြီ။

သို့အတွက် ယောဂီတို့အား သက္ကာယဒိဋ္ဌိရဲ့ အစီးအပွား ဖြစ်ကုန်သော မိစ္ဆာဇီဝနှင့်တကွ ကုန်သော ကာယ ဒုစရိုက် သုံးပါး၊ ဝစီဒုစရိုက် လေးပါးအားဖြင့် အဲဒီဒုစရိုက် ခုနစ်ပါးတို့ ကင်းရှင်းနေကြပါတယ်။ ဒိဋ္ဌိရဲ့ တတိယဘုံကြီးဖြစ်တဲ့ ဝီတိက္ကမဘုံကြီးဟာ ထကြွသောင်းကျန်းခြင်းမရှိ ငြိမ်ဝပ်နေပါတယ်။

သုက္ခဝိပဿက နည်းလမ်း။ ။ယောဂီတို့ အဲဒီလို ဒိဋ္ဌိရဲ့ တတိယဘုံကြီးဖြစ်တဲ့ ဝီတိက္ကမဘုံကြီး ထကြွသောင်းကျန်း

ခြင်းမရှိ ငြိမ်ဝပ်နေတဲ့အခါမှာ ဒိဋ္ဌိရဲ့ ဒုတိယဘုံဟု ဆိုအပ်တဲ့ မနောဒွာရိက် သုံးပါးကို ပယ်သတ်ခြင်းငှာ သမာဓိက္ခန္ဓမဂ္ဂင် သုံးပါးကို တူဖွေတောင်ရမှာပါ။ အဲဒီ မဂ္ဂင် သုံးပါး ထူထောင် မိဖို့ဆိုတာ သမထကမ္မဋ္ဌာန်း ဟာစ်ခုခုကို ထူထောင်အားထုတ် ရမှာပါ။

ယောဂီဘို၊ အခု ဘုန်းကြီးတို့ ပြပေးတဲ့ ဓမ္မာနုပဿနာ သတိပဋ္ဌာန်နည်းလမ်းဟာ သမထကမ္မဋ္ဌာန်းအလုပ်ကို အသီးအခြား မထူထောင်ရတော့ပါ၊ မလုပ်ရတော့ပါ။ သုက္ခဝိပဿက နည်းလမ်းပါ။

သီလက္ခန္ဓမဂ္ဂင် သုံးပါးကို ဆောက်တည်ပြီးလျှင် ပညာက္ခန္ဓမဂ္ဂင် အလုပ်ကို ထူထောင်၍ အားထုတ်ရမှာပါ။ အဲဒီလို ထူထောင် အားထုတ်တဲ့အခါ သမာဓိက္ခန္ဓမဂ္ဂင် သုံးပါးဟာ ပညာက္ခန္ဓ မဂ္ဂင်နှစ်ပါးနှင့် အတူတွဲ၍ ပါဝင်နေပါတယ်။ အဲဒီလိုပါဝင်နေတာကို ပဉ္စင်္ဂိကမဂ်လို့ ခေါ်ပါတယ်။

သမာဓိက္ခန္ဓမဂ္ဂင် သုံးပါးနှင့် ပညာက္ခန္ဓမဂ္ဂင် နှစ်ပါး အားဖြင့် မဂ္ဂင်ငါးပါး တစ်ပေါင်းတည်းဖြစ်ပွား၍ သွားပါတယ်။ ယောဂီတို့ ဆောက်တည်ထားတဲ့ သီလက္ခန္ဓမဂ္ဂင် သုံးပါးနှင့် ပေါင်းရင် မဂ္ဂင်ရှစ်ပါး ဖြစ်သွားပါတယ်။

ရှုပွားပုံ အချုပ်။ ။ယခုအခါ အားထုတ်ပုံ ရှုပွားပုံ အချုပ်ကို ပြောပြပါမယ်။ ယောဂီတို့မှာ သီလက္ခန္ဓမဂ္ဂင် သုံးပါး ရှိထားပြီးဖြစ်၍ သမာဓိက္ခန္ဓ မဂ္ဂင်နှင့် ပညာက္ခန္ဓမဂ္ဂင်တို့ တစ်ပြိုင်နက် ထူထောင်ရန် အကြံညှိပါ....

'ကိုယ်နှင့်စပ်သမျှ၊ ရုပ်မှတ်ကြ၊ ရုပ်ပါ့ရုပ်ဟုသာ'
'စိတ်နှင့်စပ်သမျှ၊ နာမ်မှတ်ကြ၊ ရုပ်ပါ့ နာမ်ဟုသာ'

ယောဂီတို့ ဝိပဿနာရဲ့အာရုံဟာ ရုပ်နာမ်ပါ၊ သို့အတွက် ရုပ်နာမ်သိဖို့ ဦးစွာပြောပေးပါတယ်၊ သတိထားပြီး နာကြားပါ။ ယောဂီတို့ရဲ့ ခြေဖျားမှ ခေါင်းအထိ ထိုးထိုးထောင်ထောင် တစ်ကောင်လုံးကြီးကို 'ကိုယ်'လို့ ခေါ်ပါတယ်။ ပညတ်ကိုယ်ကြီးပါ။

ယောဂီတို့ရှုရမှာက အဲဒီပညတ်ကိုယ်ကြီးရဲ့ ထိုးထိုးထောင်ထောင် ရှည်တို ဝိုင်းပြားတွေမဟုတ်ပါ။ ကိုယ်နှင့်စပ်ပြီး ကိုယ်ပေါ်မှာရှိနေတဲ့ 'ခက်မာမှု၊ နူးညံ့မှု၊ ဖွဲ့စည်းမှု၊ ယိုစီးမှု၊ ပူနွေးမှု၊ အေးချမ်းမှု၊ တွန်းမှု၊ ကန်းမှု၊ ထောက်ကန်မှု၊ လှုပ်ရှားမှု'ဆိုတဲ့ ရုပ်တရားတွေထဲက ထင်ရှားတဲ့ ရုပ်တရားတစ်ခုခုကို ရှုရမှာပါ။

ပြီးတော့ စိတ်နှင့်စပ်ပြီး သိတဲ့ မြင်သိ၊ ကြားသိ၊ နံသိ၊ စားသိ၊ ထိသိ၊ ကြံသိ၊ စတဲ့ သိသိသမျှ ကြံကြံသမျှ တရားတွေဟာ နာမ်တရားတွေပါ၊ အဲဒီနာမ်တရားတွေထဲက ထင်ရှားတဲ့နာမ်ကို ရှုရမှာပါ။

အခု ယောဂီတို့ တရားနာနေတဲ့အခါ၊ အသံက ရှုတာကို သာကိုရှုပါ။ အမှန်က အသံဆိုတာ မရှိပါ၊ အသံပါ ပညတ်သာ ဂိုဟာပါ၊ ဇီဝပညတ်လို့ ခေါ်ပါတယ်၊

တကယ်ရှုနေတာက လေရှုနေတာပါ။ အဲဒီလေဟာ ရုပ်တရားပါ။ ယောဂီတို့ဟာ အဲဒီ လေရှုသွင်း ရှုထုတ်အလုပ်ကို

မအားတမ်း မနားတမ်း အလုပ်လုပ်နေကြပါတယ်၊ အိပ်ပျော်နေတာတောင် ရှူနေကြပါတယ်။

အဲဒါကြောင့် ရုပ်နာမ် နှစ်ပါးမှာ ရုပ်က ထင်ရှားတယ်၊ ရုပ်တရားထဲမှာလည်း ဝါယောရုပ်က ထင်ရှားတယ်၊ အဲဒီ ဝါယောရုပ်ဟာ ဘယ်လိုသဘောလဲဆိုရင် တိုးသဘော၊ တွန်းသဘော၊ ထောက်ကန်သဘော၊ လှုပ်ရှားသဘော၊ ထိတွေ့သဘော ရှိတယ်လို့ အကြမ်းစား မှတ်ထားပါ။

ယောဂီတို့ လေရှူသွင်း ရှူထုတ်တဲ့အခါ သတိထားပါ၊ အဲဒီလေဟာ ဘယ်လိုသဘောရှိသလဲ၊ တိုးဝင် တိုးထွက်တဲ့ သဘောရှိပါတယ်။ အဲဒီအခါ အဝင်တိုး အထွက်တိုးကို သတိထားပါ၊ တိုးသဘောကို တိုးတိုင်း တိုးတိုင်း 'ရုပ်–ရုပ်'လို့ ရှုပါ။

အဝင်အထွက်ကိုရှုရင် ပညတ်၊ သမထ ကမ္မဋ္ဌာန်း ဖြစ်ပါတယ်၊ တိုးသဘော ရုပ်ရှုရင် ရုပ်ပရမတ်၊ ဝိပဿနာကမ္မဋ္ဌာန်း ဖြစ်ပါတယ်။

တိုးသဘော မထင်ရှားက 'တွန်းသဘော'ကို တွန်းတိုင်း တွန်းတိုင်း 'ရုပ်–ရုပ်'လို့ ရှုပါ။ ထောက်ကန်သဘော ထင်ရှားက ထောက်ကန်သဘောကို 'ရုပ်–ရုပ်'လို့ ရှုပါ။

လှုပ်ရှားသဘော ထင်ရှားက လှုပ်ရှားသဘောကို 'ရုပ်–ရုပ်'လို့ ရှုပါ။ ထိတွေ့သဘောထင်ရှားက ထိတိုင်း ထိတိုင်း 'ရုပ်–ရုပ်'လို့ ရှုပါ။

ယောဂီတို့၊ အဲဒီတိုးသဘောကို ဝါယောရုပ်လို့ ဆိုပေမယ့်

အဲဒီတိုးသဘောထဲမှာ ဝါယောရုပ် တစ်ပါးတည်းမဟုတ်ပါ၊ ခက်မာမှု၊ နူးညံ့မှု ပထဝီရုပ်လည်း ပါပါတယ်၊ ဖွဲ့စည်းမှု၊ ယိုစီးမှု အာပေါရုပ်လည်း ပါပါတယ်၊ ပူမှု၊ အေးမှု တေဇော ရုပ်လည်း ပါပါတယ်။

ဒါကြောင့် ယောဂီတို့ဟာ လေရှူသွင်းထုတ်တဲ့အခါ အဲဒီ ရုပ် လေးမျိုးထဲက ထင်ရှားတဲ့ တစ်ခုခုကို သတိပြုပြီး ရုပ်-ရုပ်လို့ မလွတ်တမ်းရှုပါ။

ရှူသွင်းလိုက်တဲ့အခိုက် အေးရင် အဲဒီ အေးသဘောဟာ ရုပ်ဖြစ်လို့ 'ရုပ်'လို့ရှုပါ။ ရှူထုတ်လို့နွေးရင် အဲဒီ နွေးသဘောဟာ ရုပ်ဖြစ်လို့ 'ရုပ်' လို့ ရှုပါ။ ရှူသွင်း ရှူထုတ်တဲ့အခိုက် ခက်မာထင်ရှားရင် အဲဒီခက်မာသဘောကို 'ရုပ်'လို့ ရှုပါ။ နူးညံ့ထင်ရှားရင် အဲဒီ နူးညံ့သဘောကို 'ရုပ်' လို့ ရှုပါ။ ဖွဲ့စည်းသဘောထင်ရှားက ဖွဲ့စည်းသဘောကို 'ရုပ်'လို့ ရှုပါ။ ယိုစီးသဘောထင်ရှားက ယိုစီးသဘောကို 'ရုပ်'လို့ ရှုပါ။

သည်းခံရှုပါ။    ။အဲဒီလို ရှုပွားနေရင်းနဲ့ အောက်ပိုင်း ကိုယ်ပေါ်မှာ နာကျင် ကိုက်ခဲမှု စတဲ့ ရုပ်ဖောက်ပြန်မှုများ ပေါ်လာက သည်းခံနိုင်သလောက် သည်းခံပြီး မူလ ရှုနေတဲ့ တိုးသဘောရုပ်၊ တွန်း သဘောရုပ်၊ ကန် သ ဘော ရုပ်၊ ထိ သဘောရုပ်ကိုပဲ ရုပ်-ရုပ်ဟု ဆက်ရှုပါ။

အောက်ပိုင်းကိုယ်ပေါ်မှာ ပေါ်လာတဲ့ နာကျင်ကိုက်ခဲမှု စတဲ့ ရုပ်ဖောက်ပြန်မှုတွေကို မရှုပါနဲ့၊ သည်းခံပြီး ရှုနေကျ တိုးသဘောပဲ ရှုပါ။

အေး....သည်းမခံနိုင်လောက်အောင် နာကျင်ကိုက်ခဲမှုစတဲ့ ရုပ်ဖောက်ပြန်မှုတွေ ပြင်းထန်လာတယ်ဆိုရင် ဣရိယာပုတ်ကို ပြင်ပါ၊ ပြောင်းပါ၊ ရွှေ့ပါ၊ လှည့်ပါ၊ အပြစ်မရှိပါ၊ ကမ္မဋ္ဌာန်းမပျက်ပါ။

ပြင်ပြောင်းစဉ်မှာ မူလ ရှုနေတဲ့ တိုးသဘောကို မရှုဘဲ နာလို့ပြောင်းက အဲဒီနာသဘောကို 'ရုပ်-ရုပ်'လို့ ရှုရင်းနဲ့ပြင်ပါ။ ကျဉ်လို့ပြောင်းက အဲဒီကျဉ်သဘောကို 'ရုပ်-ရုပ်'လို့ ရှုရင်းနဲ့ ပြင်ပါ။

ပြင်ပြောင်းလို့ပြီးသွားက မူလ ရှုနေကျဖြစ်တဲ့ တိုးသဘော တွန်းသဘောစတဲ့ ရှုနေကျ ကမ္မဋ္ဌာန်းကို ပြန်ရှုပါ။

အဲဒီလို ပြင်ပြောင်းသော်လည်း နာမြဲ နာနေပါတယ်။ ကျဉ်မြဲ ကျဉ်နေပါတယ်ဆိုရင် အဲဒီ နာသဘော၊ ကျဉ်သဘောကို တစ်ချက်နာရင် 'ရုပ်'၊ တစ်ချက်ကျဉ်ရင် 'ရုပ်'လို့ နာတိုင်း ကျဉ်တိုင်း 'ရုပ်'လို့ ရှုပါ။

**ကိုယ်နှင့်စပ်သမျှရုပ်။** ။အေး.... ဒီထိုးထိုးထောင်ထောင် ကိုယ်ကြီးနှင့် စပ်ပြီး ကိုယ်ပေါ်မှာ ကိုက်ရင်သည်း 'ရုပ်'လို့ ရှုပါ၊ တောင့်ရင်လည်း ရုပ်လို့ရှုပါ၊ တင်းရင်လည်း ရုပ်လို့ ရှုပါ၊ ညောင်းရင်လည်း ရုပ်လို့ ရှုပါ၊ ယားရင်လည်း ရုပ်လို့ ရှုပါ၊ တုန်ရင်လည်း ရုပ်လို့ ရှုပါ၊ ခုန်ရင်လည်း ရုပ်လို့ ရှုပါ၊ အော်ဂလီဆန်လည်း ရုပ်လို့ ရှုပါ၊ မူးရင်လည်း ရုပ်လို့ ရှုပါ။

ကိုယ်ပေါ်မှာ ဖြစ်သမျှ ယောဂီတို့ နာမည် တပ်ချင်သလို

တပ်ပါ။ အမည်နာမက ပညတ်ပါ၊ ဖြစ်နေတာက ရုပ်ပရမတ်မို့ ရုပ်-ရုပ်လို့ ရှုပါ။

အဲဒီလို ဖောက်ပြန်နေသမျှကို လိုက်လိုက် သိနေတာက နာမ်ဖြစ်လို့ သိသမျှကို နာမ်လို့ ရှုပါ။

အဲဒီ နာကျင်ကိုက်ခဲတဲ့ ရုပ်ဖောက်ပြန်မှုတွေကို လိုက်လိုက် ခံစားနေတာက နာမ်ဖြစ်လို့ ခံစားသမျှကို နာမ်လို့ရှုပါ။

သိသိနေတာက စိတ်နာမ်ပါ၊ ခံစားနေတာက ဝေဒနာ နာမ်ပါ၊ နာကျင်သယ် ကိုက်ခဲသယ် စသည်ဖြင့် မှတ်သား နေတာကလည်း နာမ်ဖြစ်လို့ မှတ်သားတိုင်း 'နာမ်-နာမ်'လို့ ရှုပါ။

နာကျင် ကိုက်ခဲ စသည်တို့ အပေါ်မှာ ပြုပြင်ခဲ့ဆော်မှု ဟာ သင်္ခါရနာမ်ဖြစ်လို့ ပြုပြင်ခဲ့ဆော်တိုင်း 'နာမ်-နာမ်'လို့ ရှုပွားအားထုတ်ပါ။

ယောဂီတို့၊ ဦးခေါင်းဆိုတဲ့ ပညတ်ကိုယ်ပေါ် ရှုကြည့်ပါ။ မာသဘောတွေလျှင် ရုပ်လို့ ရှုပါ၊ နူးညံ့သဘော တွေလျှင် ရုပ်လို့ ရှုပါ၊ ဖွဲ့စည်းသဘော၊ ယိုစီးသဘော တွေလျှင်လည်း ရုပ်လို့ရှုပါ၊ ပူအေး သဘော တွေလျှင်လည်း ရုပ်လို့ ရှုပါ၊ တိုးသဘော တွန်းသဘော တွေလျှင်လည်း ရုပ်လို့ ရှုပါ။

ကိုက်သဘော မူးသဘော တွေလျှင်လည်း ရုပ်လို့ ရှုပါ၊ အဲဒီလို ရှုပွားနေရင်း ဦးခေါင်းဆိုတဲ့ ပညတ် ပျောက်ပြီး မြေ၊ ရေ၊ မီး၊ လေ ဆိုတဲ့ ရုပ်တွေပဲ တွေ့ပါလိမ့်မယ်။

မြေ၊ ရေ၊ မီး၊ လေတို့သည် ဦးခေါင်း မဟုတ်ပါ။ မြေ

ရေ၊ မီး၊ လေမှ မလွတ်သော ဦးခေါင်းဟူ၍လည်း အသီးအခြား မရှိပါ။

မှားသော သိမှတ်ထင်မြင်မှု။ ။ယောဂီတို့ဟာ မြေ၊ ရေ၊ မီးလေဆိုတဲ့ ဓာတ်လေးပါး ရုပ်တရားတို့ကို ပိုင်းပိုင်းခြားခြား မသိကြပါလျှင် ခက်မာ၊ ပူအေး စသည် တို့ကို ရုပ်ဓာတ်ဟူ၍ မသိကြဘဲ ဦးခေါင်းဟူ၍သာ သိကြ၊ မှတ်ကြ၊ ထင်ကြ၊ မြင်ကြမှာပါ။

အဲဒီမှာ ရုပ်ဓာတ်တွေကို ဦးခေါင်းဟူ၍ သိမှုဟာ စိတ်ရဲ့ ဖောက်ပြန်မှု ဖြစ်ပါတယ်။ ဦးခေါင်းဟူ၍ မှတ်မှုဟာ သညာရဲ့ ဖောက်ပြန်မှု ဖြစ်ပါတယ်။ ဦးခေါင်းသည် ငါဖြစ်၏ ဟူ၍ ထင်မှုဟာ မာနရဲ့ အထင်ကြီးမှု ဖြစ်ပါတယ်။ ဦးခေါင်းဟူ၍ မြင်မှုဟာ ဒိဋ္ဌိရဲ့ ဖောက်ပြန်မှု ဖြစ်ပါတယ်။

ယောဂီတို့၊ ဓာတ်လေးပါးတို့ကို ဦးခေါင်းဟူ၍ 'သိ-မှတ်-ထင်-မြင်'မှုသည် ဓာတ်လေးပါးတို့ကို 'နိစ္စ၊ အတ္တ' ဟူ၍ 'သိ-မှတ်-ထင်-မြင်'မှု ဖြစ်ပါတယ်။

အဲဒါကြောင့် ဓာတ်လေးပါးတို့ကို ဦးခေါင်းဟူ၍ 'သိ-မှတ်-ထင်-မြင်'မှုဟာ 'အနိစ္စ-အနတ္တ'ဖြစ်တဲ့ ဓာတ်လေးပါးကို 'နိစ္စ-အတ္တ'ဟူ၍ ဖောက်ပြန်သော 'သိ-မှတ်-ထင်-မြင်'မှု ဖြစ်ပါတယ်။

ယောဂီတို့၊ ရုပ်ဓာတ် လေးပါးသည် ယခု တစ်ထိုင် အတွင်းမှာ အခါ အရာ၊ အထောင် မက ချုပ်ပျက်ခြင်း ရှိတဲ့ တရားမျိုးဖြစ်သောကြောင့်၊ 'ကုန်-ပျက်'သော အနက်သဘော

ရှိသောကြောင့် 'အနိစ္စ'တို့ပါ၊ အနှစ်သာရ ရှာမရသော အနက်သဘော ရှိသောကြောင့် 'အနတ္တ'တရားတို့သာ အမှန် ဖြစ်ပါတယ်။

ဦးခေါင်းမည်သည် လူသေသော်မှ မပျက်သေးဘဲ သင်္ချိုင်း သုသာန်ရောက်အောင် ဦးခေါင်းအတိုင်း တည်ရှိသေးသော ကြောင့် 'နိစ္စမျိုး အတ္တမျိုး'တို့ မည်ပါတယ်။ အဲဒါကြောင့် ရုပ်ခဲတ်လေးပါးကို ဦးခေါင်း ဟူ၍ 'သိ-မှတ်-ထင်-မြင်' မှုသည် 'အနိစ္စ'ကို 'နိစ္စ'ဟူ၍ 'အနတ္တ'ကို 'အတ္တ' ဟူ၍ ဖောက်ပြန်မှောက်မှားမှု ဖြစ်ပါတယ်။

ကောင်းစွာ ထင်မြင်မှု။ ။ယောဂီတို့၊ ဦးခေါင်း၏ ခက်မာမှု၊ နူးညံ့မှုသည် ပထဝီရုပ်ဓာတ်ပါ၊ ဦးခေါင်း မဟုတ် ပါ။ဖွဲ့စည်းမှု၊ ယိုစီးမှုသည် အာပေါ ရုပ်ဓာတ်ပါ၊ ဦးခေါင်း မဟုတ်ပါ။ ပူမှု အေးမှုသည် တေဇော ရုပ်ဓာတ်ပါ၊ ဦးခေါင်း မဟုတ်ပါ။ တွန်းမှု၊ တိုးမှု၊ ထောက်ကန်မှု၊ လှုပ်ရှားမှုသည် ဝါယော ရုပ်ဓာတ်ပါ၊ ဦးခေါင်း မဟုတ်ပါ။

ယောဂီတို့ရဲ့ ဦးခေါင်းနှင့် နာမှု၊ ကျင်မှု၊ ကိုက်မှု၊ ခဲမှု၊ မူးမှု၊ ဝေမှု စသည်တို့ဟာလည်း ရုပ်ဓာတ် ဖောက်ပြန်မှုတို့ပါ၊ ဦးခေါင်း မဟုတ်ပါ။ အဲဒီလို ယောဂီတို့ရဲ့ စိတ်၌၊ ဉာဏ်၌ ကောင်းစွာထင်မြင်မှုဟာ သမ္မာဒိဋ္ဌိပါ၊ ကောင်းစွာ ထင်မြင် မှုပါ။

ယောဂီတို့၊ ဦးခေါင်း ကိုယ်အင်္ဂါ၌ကဲ့သို့ ကြွင်းတဲ့ ကိုယ်

အင်္ဂါတို့၌သည်း သက္ကာယဒိဋ္ဌိ အမှားသိနှင့် သမ္မာဒိဋ္ဌိ ကောင်းစွာ ထင်မြင်မှုဖြစ်ပုံကို သိမြင်အောင် ရှုပါ။

မြားနှင့်လက်မောင်း။ ။ယောဂီတို့၊ အဲဒီ ရုပ်ခဲတ်လေးပါးတို့ကို ခြားနားစွာ ထင်မြင်ခြင်းငှာ ယုတ္တိနည်းလမ်းတို့ကို ကြံဖန်မှုသည် သမ္မာသင်္ကပ္ပ မည်ပါတယ်။ သမ္မာဒိဋ္ဌိသည် မြားနှင့် တူပါတယ်။ သမ္မာသင်္ကပ္ပသည် မြားကို ကောက်ကွေး၌ ဖြောင့်မတ်စွာ ဝင်စေခြင်းငှာ ချိန်ရွယ်သောလက်နှင့် တူပါတယ်။

စွဲမြဲစွာ အားထုတ်ကြရမည်။ ။ယောဂီ တို့ဟာ အဲဒီ ဦးခေါင်းအင်္ဂါမှစပြီး တစ်ကိုယ်လုံး၌ ရုပ်ခဲတ်ကြီး လေးပါးနှင့် မြင်မှု၊ ကြားမှု၊ နံမှု၊ စားမှု၊ ထိမှု၊ သိမှု ဆိုတဲ့ ဝိညာဏခေတ် အသိခေတ်တို့ရဲ့ ပွက်ပွက်ဆူသော အိုးအဘွင်း၌ ရေပွက်ငယ်တို့ကဲ့သို့ ခဏခဏ ဖြစ်ပေါ်မှု၊ ခဏခဏ ပျောက်ဆုံးမှုကို ရှုမှု၊ ကြံဖန်မှုဟူသော ပညာကျွန်မဂ္ဂင် နှစ်ပါး ထူးထောင်မိသည် ရှိသော် အဆင့်ဆင့် အမြင်တိုးပွား၍ သွားခြင်းငှာ အဆက်ဆက်ဆုံး ကာယိက ဝီရိယ၊ စေတသိက ဝီရိယနှစ်ပါး လက်ကိုင်ထား၍ ကြိုးစားအားထုတ် ရှုပွားကြရမည်။

ဝီရိယနှစ်ပါး။ ။ယောဂီတို့၊ ဝီရိယကို နားလည်ဖို့ရာ အင်မတန်မှ အရေးကြီးပါတယ်။ ကာယိက ဝီရိယဆိုတာ ယခု ယောဂီတို့ကို ပေးထားတဲ့ ရှုပွားနည်းအချုပ် စာအုပ်ငယ်ကဲမှာပါတဲ့ ပိုင်းခြားထားသော အချိန်ဇယားမှာ တစ်နေ့ တစ်ရက်၊ တစ်နာရီ၊ နာရီဝက်မျှ မပျက်ရအောင် ဇွဲရိယာပုတ်

တစ်ပါးညွှတ်ခြင်း၊ တစ်ပါးပြန့်ပြားခြင်း၊ပြီး တကြွလုံ့လဝီရိယပြုမှုကို ခေါ်ပါတယ်။

စေတသိက ဝီရိယ။ ။ဆိုတာ အရှုခံရုပ်အာရုံ၊ နာမ်အာရုံတည်းဟူသော အာရုံမှတစ်ပါး တခြားသောအာရုံသို့ စိတ်ကို မထွက်စေရအောင် ကြောင့်ကြစိုက်ထုတ်ခြင်း၊ ငိုက်မျဉ်းမှု၊ မှိုင်ခြင်းမှု၊ မေ့လျော့မှုမရှိစေရအောင် မိမိစိတ်ကို အရှုခံရုပ်အာရုံ နာမ်အာရုံတည်းဟူသောအာရုံ၌ အတွင်းစေ့ဆော်အားထုတ်ခြင်းကို ဆိုပါတယ်။

စိတ်မှတ်မြဲရမည်။ ။ယောဂီတို့ဟာ ထွက်လေဝင်လေရဲ့ ထွက်– ဝင်တဲ့အခိုက် တိုး–ထိ– တွန်း–ကန် သွားတဲ့ နေရာမှာ မိမိတို့စိတ်ကို အခိုင်အမြဲထားပြီး အဲဒီအရပ်မှာ ထွက်လေဝင်လေ ထွက်ဝင်တဲ့အခါ၊ တိုးသွားလျှင် 'ရုပ်'၊ ထိသွားလျှင် 'ရုပ်'၊ တွန်းသွားလျှင် 'ရုပ်'၊ ကန်သွားလျှင် 'ရုပ်'ဟု စိတ်အမှတ်ပြုမှု မြဲရပါမယ်။

ထွက်ဝင်တဲ့အခါ ပူလျှင်လည်းရုပ်၊ အေးလျှင်လည်းရုပ်၊ လှုပ်လျှင်လည်းရုပ်၊ ဖွဲ့ယှဉ်းလျှင်လည်း ရုပ်၊ ယိုစီးလျှင်လည်း ရုပ်ဟု စိတ်အမှတ်ပြုမှုမြဲရပါမယ်။ အဲဒီသို့ မြဲမြဲ အားထုတ်မှု ကာယိကဝီရိယ စေတသိကဝီရိယ နှစ်ပါးဟာ သမ္မာဝါယာမ မဂ္ဂင်ပါ။

အဲဒီလို ရှုပွားအားထုတ်လို့ နှစ်ရက် သုံးရက် စသည်ရှိတဲ့အခါ တိုးသဘော၊ ထိသဘော၊ ရုပ်အာရုံ၌ သတိအရုံး

ဟာ ခိုင်မြဲစွာ တည်လာပါတယ်၊ အဲဒီသတိတရားသည် 'သမ္မာသတိမဂ္ဂင်'ပါ။

အဲဒီလို အရှုခံအာရုံကို တိုးသဘော ထိသဘော၌ သတိတရား ခိုင်မြဲစွာတည်လာလျှင် စိတ်ရဲ့ဘည်ငြိမ်မှု သမာဓိတရား တိုးပွားလာပါတယ်။ အဲဒီသမာဓိတရားဟာ သမ္မာ သမာဓိမဂ္ဂင်ပါ။

ယောဂီတို့ဟာ ဝီရိယ၊ သတိ၊ သမာဓိတရား လက်ကိုင်ထားပြီး အရှုခံရုပ်တရား နာမ်တရားတို့ကို ရှုပွားမှု စွဲမြဲဖန်များလာတဲ့အခါ၊ ရက်လများလာတဲ့အခါ ရုပ်တရား နာမ်တရားတို့ရဲ့ ဖြစ်မှု ပျက်မှုကို အသင်းမြင်တဲ့ သမ္မာဒိဋ္ဌိ ဉာဏ်အမြင်ဟာ တစ်ကိုယ်လုံး လင်းပေါက်ပါတယ်။

ဒါကြောင့်ယောဂီတို့ဟာ 'ရုပ်'လို့ တစ်ချက် ရှုတိုင်း 'နာမ်'လို့ တစ်ချက် ရှုတိုင်း သမာဓိက္ခန္ဓ မဂ္ဂင်သုံးပါး၊ ပညာက္ခန္ဓမဂ္ဂင် နှစ်ပါးအားဖြင့် ပဋ္ဌိကမ မဂ်ခေါ်တဲ့ မဂ္ဂင်ငါးပါး တစ်ပေါင်းတည်းဖြစ်ပါတယ်။ဆောက်တည်ထားတဲ့ သီလက္ခန္ဓမဂ္ဂင် သုံးပါးနှင့် ပေါင်းက မဂ္ဂင်ရှစ်ပါး ဖြစ်ပါတယ်။

ဒါကြောင့် ရုပ်လို့ တစ်ချက်ရှုတိုင်း နာမ်လို့ တစ်ချက်ရှုတိုင်း မဂ္ဂင်ရှစ်ပါး ပါဝင်ပါတယ်၊ စိတ်ရှုး စိတ်နောက် ပျောက်ကင်းပါတယ်။ သမ္မာဒိဋ္ဌိဉာဏ်အမြင်သည် တစ်ကိုယ်လုံးနှင့် အလင်းပေါက်ပါတယ်။ တစ်ကိုယ်လုံးသည် သမ္မာဒိဋ္ဌိနိုင်ငံကြီးဖြစ်ပါတယ်။

အဲဒီ အခါမှာ ဉာဏ်နှင့် ဆင်ခြင်တိုင်း ဆင်ခြင်းတိုင်း ပုဂ္ဂိုလ်မရှိ၊ သတ္တဝါမရှိ၊ ယောကျ်ား မိန်းမ မရှိ၊ ငါ မရှိ၊ သူမရှိ၊ ဦးခေါင်း ခြေလက် စသည် မရှိ၊ ဆံပင်၊ မွေးညှင်း စသည် မရှိ-ဟူ၍ ဉာဏ်ရှုပြင်ဒွာန်းခြင်း ထင်ရှားပေါ်ပေါက် လာပါတယ်။

အဲဒီလို ပေါ်ပေါက်လာတဲ့အခါ သက္ကာယဒိဋ္ဌိ အကြွင်းမဲ့ ချုပ်ငြိမ်းပါတယ်။ တစ်ကိုယ်လုံး၌ ခတ်အစုသာ ရှိတယ်ဆိုတဲ့ သမ္မာဒိဋ္ဌိဉာဏ်အမြင်ဟာ ထင်မြင်တိုင်း ပေါက်ပါတယ်။

ဒုစရိုက် ၁၀ ပါးတို့သည် အကြွင်းမဲ့ ချုပ်ငြိမ်းပါတယ်။ သုစရိုက် ၁၀ ပါးတို့သည် အစဉ်အမြဲ တည်ပါတယ်၊ အပါယ် သံသရာကြီးသည် အကြွင်းမဲ့ ချုပ်ငြိမ်းပါတယ်။ လူ့ဘဝ၊ နတ်ဘဝ၊ ဗြဟ္မာဘဝ ဟူသော သုဂတိ သံသရာသည်သာလျှင် ကြွင်းကျန်ရစ်ပါတယ်။ ဘုံစဉ်ဝံ အရိယာအဖြစ်သို့ ရောက်ပါ တယ်။

ထိုဘုံစဉ်စံတို့၌ ဒုက္ခလက္ခဏာ ဉာဏ်အမြင် ကျန်ရှိသေး သောကြောင့် လူချမ်းသာ၊ နတ်ချမ်းသာ၊ ဗြဟ္မာချမ်းသာ တို့ကို သာယာသော တဏှာမာနတို့လည်း ကျန်ရှိကြပါသေး တယ်။ ဘုံစဉ်စံအဖြစ်၌ တည်ပြီး အဲဒီ ချမ်းသာ သုံးပါးတို့ကို ခံစားစံစားလျက် ရှိပါသေးတယ်။

ကဲ....ယောဂီတို့၊ မဂ္ဂင်ရှင်ဖော် ယာဉ်ပျံတော်ကြီး တက်စီး ရတဲ့ ကျေးဇူးဟာ ဘယ်လောက်ကြီးလဲဆိုတာ နားကြားရပြီ။ ယောဂီတို့ ကိုယ်တွေလည်း အားထုတ်ရလို့ သိရပြီ၊ အဲဒါ

ကြောင့် ယောဂီတို့ မဂ္ဂင်ရှစ်ဖော် ယာဉ်ပျံတော်ပေါ်က မဆင်းဘဲ ဆက်လက်စီးနှင်းနိုင်သဖြင့် လမ်းဆုံး နိဗ္ဗာန်သို့ ရောက်နိုင်ကြပါစေသောဝ်လို့ ဆုတောင်းရင်း မဂ္ဂင်ရှစ်ဖော် ယာဉ်ပျံတော် တရားနိဂုံး ချုပ်ကြပါစို့..-

ဇောဝိယော ပစ္စယော ဟောတု
ဣဒံ နော ပုညမင်္ဂလံ။
ပုညဘာဂံ သုလဘန္တု၊
ပဋိမာဒန္တု သဒေဝကာ။

နော-မြင့်မြတ် သာကြည် ပါရမီ ရင့်ကျူး ဇာနည်ထူး သူတော်စင် ကုသိုလ်ရှင် အကျွန်ုပ်တို့၏။

ဣဒံ ပုညမင်္ဂလံ-ဗုဒ္ဓဟောကြား၊ တရားဒေသနာ၊ မြတ်သြဝါကို နာခံမှတ်သား၊ ပြန်ဟောကြား၍၊ ပွားများကျင့်ကြံ အဖန်ဖန် ကြိုးကုတ်၊ အားထုတ်ရသည့် ဤကုသိုလ်ပုညမင်္ဂလာ သည်။

ဇောဝိယော-သစ္စာလေးအင် ခိုင်သဇင်ကို ပြိုင်ယှဉ်ဆွတ်ခူး ထုတ်ဖူးရင့်သန်သော ဇောဝိဉာဏ်၏။

ပစ္စယော-ဥပနိဿယ၊ အမှီရ၍၊ မုချရကြောင်း၊ ကောင်း မြတ်သော အထောက်အပံ့သည်။

ဟောတု-စင်စစ်ဧကန် ဖြစ်ပါစေသတည်း။

ဣဒံ ပုညဘာဂံ၊ ဗုဒ္ဓဟောကြား တရားဒေသနာ မြတ် သြဝါကို၊ နာခံမှတ်သား၊ ပြန်ဟောကြား၍၊ ပွားများ

ကျင့်ကြံ အဖန်ဖန်ကြိုးကုတ်၊ အားထုတ်ရသည့် ဤကုသိုလ် ပုညမင်္ဂလာ၏ အနှစ်ကိုလည်း-

**သဒ္ဒေဝကာ-** ကမ္ဘာမှာ နေသမျှ၊ ဝေနေယျ များစွာ သတ္တဝါ အနန္တ မှန်သမျှတို့သည်။

**သုလဘာနန္တု-** ရှင်လန်းကြည်မြေ့၊ ဝါဂွမ်းပုံဆီတွေ့သကဲ့သို့ ပီတိငွေ့စိတ်မှာထုံလျက်၊ ဂုဏ္ဍာရုံအတွေ့ထူးလို့မို့၊ ကြည်နူး ကိုယ်ပိုင် ရယူနိုင်ကြပါစေကုန်သတည်း။

**သုလဒ္ဓါ-** ကိုယ်စီ ကိုယ်စီ အလိုညီလျက်၊ ကြည်သာရွှင်ပြုံး အားလုံးမျှတူ၊ အရယူကြကုန်ပြီး၍၊

**ပမောဒန္တု-**ကိုယ်စိတ်နှစ်ဖြာ၊ လိုဣစ္ဆာနှင့် ပြည့်ကာကြွယ် မောက်၊ ဝမ်းမြောက်နိုင်ကြပါစေကုန်သတည်း။

**ဝါ ပမောဒန္တု-** လူ့ပြည်တွင်မက၊ နတ်ပြည်မှဆက်သွယ် လျက် အထက်နယ် ဗြဟ္မာချင်းလို့မို့၊ ဖြာသတင်း ကမ္ဘာတုန် အောင် သဒ္ဒါပဟုန် လျှမ်းလျှမ်းတောက်ပြီးလျှင် ဝမ်းမြောက် ဝမ်းသာ ပတ္တနာအောင်ဆု၊ ခါခါပြုလျက်၊ သာဓုသံ အောင် နိမိတ်ဖြင့် အောင်ဘိသိက်သွန်းနိုင်ကြပါစေကုန်သောဝ်....

'သာဓု.... သာဓု.... သာဓုပါဘုရား'

**ဓမ္မဒူတ အရှင်ပညာဇောတ**

ဓမ္မဒူတ တောရ<br>
တောင်စွန်း-ဘီးလင်းမြို့နယ်<br>
မွန်ပြည်နယ်။

# နိဂုံး

ရေးစ–ရေးပြီးချိန်။ ။ဤ မဂ္ဂင်ရှစ်ဖော် ယာဉ်ပျံတော် တရားတော် စာအုပ်ကို သာသနာတော်နှစ် ၂၅၂၉ ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၄၇ ခုနှစ် ဥတုဂိမ္ဟန္တ၊ တပေါင်းလဆုတ် ၁၄ ရက် (၆) ကြိမ်မြောက် သပိတ်အိုင်တောရ ၁၀ ရက်စခန်း၊ ဒုတိယနေ့မှာ စ၍ ရေးသားပါသည်။

'မဂ္ဂင်ရှစ်ဖော်ယာဉ်ပျံတော်' တရားတော်သည် သာသနာတော်နှစ် ၂၅၂၅ ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၄၃ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၂ ရက်၊ နှစ်ဆန်း ၅ ရက်နေ့တွင် သပိတ်အိုင်တောရ ပထမအကြိမ် ၁၀ ရက် စခန်း၌ ဟောကြားခဲ့သော တရားတော် ဖြစ်ပါသည်။

ယင်းတရားတော်ကို မုတ္တာမမှ ခင်မာလာထွန်းနှင့် မုဒုံမှ ဒေါ်စိန်စိန်တင်တို့က တိပ်ခွေမှ ကူးယူပေးထားသည်မှာလည်း ခြောက်နှစ်တာ ရှိပါသည်။

မိမိ အနေနှင့် မရေးအားရ၍ ပစ်ထားရာမှ ယခုအခါ တောင်းဆိုသူ များပြားလာ၍ မနေသာဘဲ စတင် ရေးသား ပြန်တော့ သပိတ်အိုင်တောရ ၁၀ ရက် စခန်းဥပင် စတင်ခဲ့ရ သည်။

ဤတရားတော်ကို အပြီးသတ်ရေးသားရာ စခန်းမှာ မွန် ပြည်နယ်၊ ရေးမြို့နယ်၊ ဇီးဖြူသောင်ရွာ (၂) ကြိမ်မြောက် ၁၀ ရက် စခန်း ၆ ရက်မြောက်နေ့၊ နံနက် ၇း၃၀ နာရီတွင် အဆုံးတိုင်ရောက် ပြီးမြောက်ပါသည်။

ကျေးဇူးဆပ်ပါ၏။ ။မိမိ၏ ဤရွေ့ ဤမျှ ကြိုးစား၍ ဟောကြား ရေးသားရသော ကောင်းမှုများဖြင့် မိမိအပေါ် တွင် ကျေးဇူးဥပကာရ အထူးရှိကြပေကုန်သော မိဘနှစ်ပါး၊ ဆရာသမားများ၊ ရဟန်းဒကာ ဒကာမများ ပစ္စည်းလေးပါး ဒကာ ဒကာမများ၊ ဆွေမျိုးဉာတကာများ၊ မိတ်ဆွေသင်္ဂဟ များတို့အား ကျေးဇူးတုံ့ပြန်ဆပ်ပါ၏။

အထူးအားဖြင့် ရောက်လေရာ တရားပွဲများ ၁၀ ရက် စခန်းကျင်းပရာ ဌာနများမှ ဒကာ ဒကာမများ၊ ဆရာတော် အရှင်မြတ်များက မိမိ၏ စာပေရေးသားနိုင်ရေး အတွက် ပြည့်ဝသော စေတနာဖြင့် အဘက်ဘက်မှ လိုအပ်သော ကူညီ မှုကို မိမိအနေနှင့် ကျေးဇူးအထူးပင် သိရှိ၍ ယင်းကျေးဇူးကို ဤ တရားစာပေကုသိုလ်ဖြင့် ပြန်ဆပ်ပါ၏။

မိမိသွားလေရာ စာပေရေးသားသည်ကို သိရှိပြီး အလွယ် တကူ စာရေးသားနိုင်ရန် စာရေးစက္ကူများ လှူဒါန်းသော မုဒုံမှ ဒေါ်စိန်စိန်တင်၊ ဒေါ်စီစီ၊ သထုံမှ ဒေါ်စန်းမြင့်၊

ဒေါ်ဝေ၊ ဒေါ်ချိုချို၊ မြင်းခြံမှ ဒေါက်တာအောင်လှိုင်ဝင်း၊ သင်္ဃန်းကျွန်းမှ ဦးမြင့်သိန်း၊ ရန်ကုန်မှ ဆရာမခင်လေးလွင် တို့အား ဤဘုရားစာပေကုသိုလ်ဖြင့် ကျေးဇူးပြန်ဆပ်မှတ်တမ်းတင်ပါသည်။

အမျှဝေပါ၏။ ။ ဤမျှလောက်သော တရားစာစဉ် စကားအစဉ်တို့ကို ပင်ပန်းသည်ဟု ပမာဏမထားဘဲ၊ ကြီးမားသော ဇွဲခိုင်ခိုင်ဖြင့် အအားမနေ အနားမယူဘဲ ကြိုးစားရေးသားရသော ဤ 'မဂ္ဂင်ရှစ်ဖြာ ယာဉ်ပျံတော်' တရားစာအုပ်အောက် မိမိရရှိသည့် ဓမ္မဒါန တရားအလှူ၊ အမတ ဒါန၊ အမြိုက်နိဗ္ဗာန် ကောင်းမှုအလှူထူး၏ အဖို့ဘာဂတို့ကို

မြင်းမိုရ်စက္ကာဝါ ပမာဆယ်စု၊ နှိုင်းမတုအောင်၊
ဗဟုပကာရ၊ ဂုဏ်ကြီးလှသား၊ မိဖနှစ်ဖြာ၊ မြတ်
ဆရာနှင့်၊ ရာဇသနင်း၊ ရောင်းရင်းငယ်ဖော်၊ ဆွေ
သော် မျိုးစပ် အနုပ်ခံနုစု၊ စတုပစ္စယာ၊ ဒါယကာ–
ဒါယိကာမ၊ ဂေါစရဂါမ်၊ နိယာမ်မပြတ်၊ နိစ္စဗဒ်ဖြင့်၊
ယုဟ်မြတ်ကြည်ဖြူ၊ ပေးလှူဘတ်စွာ၊ မြို့ရွာပတ်ကုံး၊
သိမ်းကျုံးလုံးစုံ၊ နိဂုံဇနပုဒ်– ဝေနီး စသည့်ရှိကြထိုထို
များလူပိုလ်အား ကိုယ်ကိုစောင့်တတ်၊ နတ်နှင့်တကွ
ဘုမ္မရုက္ခ၊ အာကာသစိုး၊ တန်ခိုးမဟိဒ်၊ ပုညဇိဒ်နှင့်၊
ဂုဏ်ဟိတ်မြင့်မား သိကြားသက္က၊ ဝါသဝနှင့်၊ လောက
စောင့်လျှင်း၊ နတ်မင်းလေးဖြာ၊ သဘာဂိရ-ဟေမဝတာ
ကုမ္ဘ-စိတ္တာသည့် တွက်ဖွဲ့၊ နှစ်သယ့်ရှစ်ဦး၊ နတ်စစ်မှူးဟု

အထူးမည်ရ၊ အင္ဂဝိသ၊ ယက္ခ၊ မဟာ၊ သေနာပတိ၊ ထိုပြိတ္တာတွေ ရေပင်လယ်သွား၊ သူဘော်များအား စောင့်ကြွားတတ်သည့် မဏိမေခလာ၊ ဘုမ္မာထိုမှ၊ ဒသ ကြူဿာရ၊ လောကစောင့်လည်း၊ ဝန်းပတ်ရံခြုံမဟာဗြုတို့၊ ပြောဟုံဆူဆူ၊ မိုးသူမိုးသား၊ မြေဖွားရေပေါက်၊ ထိုရွှေ့လောက်တိ၊ ထက်အောက်ဝန်းကျင်၊ များပုံယင်အား၊ အကြွင်ရှိသမျှ၊ မကျန်ရအောင်၊ ဝေငှမသူ "အမျှ- အမျှ- အမျှ-" ဝေသည် ရစေငါ့နှယ် အတူတည်း။

ဆုတောင်းလွှာ။ ။ဤမဂ္ဂင်ရှစ်ဖော် ယာဉ်ပျံဘော်တရားစာအုပ်ကို စာဖတ်ပရိသတ်အများအား မေတ္တာ၊ ကရုဏာထား၍ ကြိုးစားရေးသားရသော ဓမ္မဒါန၊ အဘယဒါန မဟာကုသိုလ်စေတနာ သဒ္ဓါဆန္ဒဝီရိယတို့ကြောင့် အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတရွှေဉာဏ်တော်ကို ချမ်းသာသောအကျင့်၊ လျှင်မြန်သော အသိဉာဏ်ကို နှင့် ထိုးထွင်းသိမြင်၍ သုံးပြင်ဘုံသား ဝေနေယျသတ္တဝါများကို တရား စည်ကြီး သောင်းထိုက်ဟည်းအောင်၊ ရိုက်တီးနှိုးဆော် ဟောဖော်ညွှန်ပြ၍ နိဗ္ဗာန်ထုတ်ချောက် အမြန်ရောက်အောင် ပို့ဆောင်ကယ်တင်နိုင်သည့်ကိုယ် ဖြစ်ရပါလို၏။

တောင်းပန်တိုက်တွန်းလွှာ။ ။မိမိသည် ဤတရားစာအုပ်များကို ရေးသားရာသည်မှာ တစ်နေရာတည်းမှာ တစ်ခါတည်းဆက်၍ ရေးသားရသည်မဟုတ်ပါ။ ဓမ္မဒေသနာခရီးလှည့်ရင်း

ရောက်ရာတရားစခန်း၊ တရားပွဲများ၌ ဖြစ်သလို နေရာယူကာ ရေးသားရပါသည်။

ရေးသားရပြန်တော့လည်း တစ်ထိုင်တည်း စိတ်ဝင်စား သလောက် မရေးနိုင်ဘဲ ညှော်သည်ရှင်းခိုက် တရားဟော၊တရား ပြမှုကိစ္စ အားလပ်ခိုက်သာ ကောက်ခါငင်ကာ ရေးသားရပါ သည်။

ရေးသားပြီးသောအခါ ပြန်၍ပင် မဖတ်အားဘဲ ထုတ်ဝေ သူလက်ထဲ အပ်နှံလိုက်ရာ စာအုပ်အဖြစ်ရောက်မှ ပြန်လည် ဖတ်ရှုခွင့်ရပါသည်။ ပုံနှိပ်စဉ် မိမိလက်ရေးကို စာစီသူများ၊ စာပြင်ဆရာများ မဖတ်တတ်၍ မှားသော အမှားများလည်း များစွာပါပါသည်။

ဤသို့ဖြင့် ဤမဂ္ဂင်ရှစ်ဖော် ယာဉ်ပျံတော် တရားတော် စာအုပ်၌ တိမ်းပါးချွတ်ချော် မလျော်ကန်ရာ အဖြာဖြာတို့ အကယ်စင်စစ် သတိလစ်ကာ ပါဝင်မိသည်တို့ကို လည်း ကောင်း၊ စာစီ၊ စာပြင်တို့၏ အစီအပြင် မှားယွင်းသည်တို့ကို လည်းကောင်း တွေ့ရှိဖတ်ရှုကြရငြားအံ့၊ ယင်းတို့ကို ပညာရှိ များ အပြစ်မထားဘဲ ဖယ်ရှားနိုင်ကြပါစေကုန်သတည်း။

မိမိဉာဏ်မီသလောက် ဟောကြားရေးသားထားသည့် ဗုဒ္ဓ မိန့်ဟ လမ်းစဉ်ကျသည့် အပြစ်ကင်းပ လမ်းပြဒေသနာ ကျင့် စရာ အဖြာဖြာတို့ကိုလည်း စိတ်မှာစွဲကပ် သတိချပ်၍ မပြတ် ပုံသေ၊ ကျင့်ကြံနိုင်ကြပါစေကုန်သတည်း။

ယင်းသို့ ကျင့်ကြံနိုင်ကြသဖြင့် ပစ္စုပ္ပန် သံသရာ နှစ်ဖြာစုံညီ လောကီလောကုတ် မယုတ်တိုးပွား ကောင်းကျိုးချမ်းသာ အဖြာဖြာတို့ ပြည့်ကာကြွယ်မောက် ဝမ်းမြောက်နိုင်ကြပါစေ ကုန်သတည်း။

ဓမ္မဒူတ–အရှင်ပညာဇောတ

၁၃၄၈–ခု၊ တန်ခူးလဆန်း ၁၃ ရက်

အမှောင်ဆိုတာ ဘာလဲ

အလင်းဆိုတာ ကကော....

အမှောင်ဘယ်နှစ်မျိုးရှိပြီး အလင်းဘယ်နှစ်မျိုးရှိသလဲ

ဘယ်အမှောင်တွေပျောက်မှ ဘယ်အလင်းကိုရောက်နိုင်သလဲ

ဘယ်အလင်းက ကမ္ဘာ့အလင်း၊

ဘယ်အလင်းက သာသနာ့အလင်းမည်ပါသလဲ

စာရှုသူက အမှောင်ထဲမှာ ရှိနေသလား၊

အလင်းထဲမှာ ရှိနေသလား

စတာတွေကို အပြည့်အစုံ သိလိုပါက

ဆရာတော် ဓမ္မဒူတ-အရှင်ပညာဇောတ

၏

# အမှောင်နှင့်အလင်း

ကို ဖတ်ရှုပါ

စာရှုသူများ၏ လျှောက်ထားချက်အရ

ဒုတိယအကြိမ် ရိုက်နှိပ်နေပါပြီ

ဖြန့်ချိရေး

ပေါက်စေတီ ဓမ္မရိပ်သာ ဝေယျာဝစ္စအဖွဲ့

ရှစ်မိုင်၊ သမိုင်းစာတိုက်၊ ရန်ကုန်၊ ဖုန်း-၆၀၁၄၈

# မဂ္ဂင်ရှစ်ဖော်ယာဉ်ပျံတော်

## ဓမ္မဒူတ အရှင်ပညာဇောတ

- မဂ်ဟူသည် အဘယ်နည်း၊ မဂ္ဂင်ဟူသည် အဘယ်နည်း၊
- မဂ္ဂင်မပါဘဲ မဂ်ကို ရနိုင်ပါသလော၊
- မဂ္ဂင်မသိဘဲ တရားအားထုတ်၍ ဖြစ်နိုင်ပါသလော၊
- ရှုပွားအားထုတ်နည်း ရှင်းလင်းစွာမသိဘဲအားထုတ်သူနှင့် ရှင်းလင်းစွာသိပြီးအားထုတ်သူ ဘယ်သို့ထူးပါသနည်း၊

စသည်စသည် သိမှတ်ဖွယ်ရာများ ပါဝင်ပါသည်။